# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၆

## *အပိုင်း ၈၁ ဒီလူကဘာကိုရှာနေတာလဲ?*

ကောင်းဖန် အစာပိုင်းက မြင်ခဲ့သည့် ပင်စိမ်းမြွေများသည် ဖန်ပုလင်းပင်တောထဲတွင်လဲရှိလို့နေသည်။

စာစဉ် ၆

ဤမြေအမျိုးအစားများတွင် ဖန်ပုလင်းပင်များကို နှစ်သက်မှုအချို့ရှိနေပုံပင်။

ဖန်ပုလင်းပင်တောအုပ်ထဲတွင် ပင်စိမ်းမြွေပေါင်းအနည်းဆုံးဒါဇင်ခန့်ရှိနေသည်။

များသောအားဖြင့် နေ့ဘက်ပိုင်းတွင် ပင်စိမ်းမြွေများသည် သစ်ကိုင်းများမှနေပြီး တွဲလွဲချကာ ရေညှိဖက်များလို ဟန်ဆောင်တတ်ကြပြီး ငြိမ်ငြိမ်လေးနေကာ သားကောင်နားချဉ်းကပ်ဖို့ရန် စောင့်ဆိုင်းကြသည်။ ၎င်းတို့၏သားကောင်များကတော့ အင်းဆက်ငယ်လေးများနှင့် ငှက်ကဲ့သို့သောသတ္တဝါများပါဝင်သည်။

ဒမ်ဘီကတော့ ဖန်ပုလင်းပင်တောတစ်လျှောက် ဘာမှမရှိနေသလိုမျိုး ဖြတ်လျှောက်နေသည်။

စာစဉ် ၆

ဒမ်ဘီအမြင်တွင်တော့ သွေးအေးသတ္တဝါများသည် ထည့်ပြောနေစရာလိုသည့်အရာဟုပင် မမှတ်ပေ။ ထိုသတ္တဝါများတွင် ၎င်းတို့၏တည်ရှိမှုကိုဖုံးကွယ်နိုင်သည့် စွမ်းရည်အချို့မပိုင်ဆိုင်ထားပါက ဝိညာဉ်မီးတောက်၏ရှေ့မှောက်တွင် ၎င်းတို့မှာ ညအခါ တောက်ပနေသည့်မီးရှူးတိုင်ကဲ့သလို့ ထင်ထင်ရှားရှားနှင့် အလွယ်တကူမြင်နေရမည်သာ။

ဒမ်ဘီကြောင့်နှင့် ပင်စိမ်းမြွေများ တစ်ကောင်ပြီးတစ်ကောင် သစ်ပင်များပေါ်မှ ကြမ်းတမ်းစွာ ဆွဲချခံနေရသည်။ ထို့နောက် ဒမ်ဘီက ၎င်းတို့၏ခေါင်းများကို လိမ်ချိုးကာ ခေါင်းထဲမှ

စာစဉ် ၆

စိမ်းပြာရောင်သားရဲအမြုတေများကို ဂရုတစိုက်ထုတ်ယူလိုက်သည်။

သလင်းကျောက်များသည် ပဲပိစပ်တစ်စေ့အရွယ်ခန့်ရှိသော်လည်း ဒမ်ဘီ၏အရွယ်အစားနှင့် ယှဉ်ကြည့်လိုက်လျှင်တော့ နှမ်းစေ့တစ်စေ့ကို ကောက်ယူနေရသလိုဖြစ်နေသည်။

ဒမ်ဘီက သားရဲမြုတေများကို ဂရုတစိုက်ဖယ်ထုတ်လိုက်ပြီးနောက် ကောင်းဖန်ဆီသို့ ကမ်းမပေးခင် အရင်ဆုံး အနက်ရောင်ခြုံထည်ဖြင့် သုတ်လိုက်သေးသည်။

ကောင်းဖန်လဲ ရပ်သွားကာ ဒမ်ဘီကိုကြည့်လိုက်မိသည်။

## စာစဉ် ၆

ဒမ်ဘီက ပါးစပ်ကိုဖွင့်ဟကာ တစ်ခုခုပြောဖို့ကြိုးစားနေသော်လည်း ဘာမှမပြောနိုင်ဘဲ ၎င်း၏သွားကြိတ်သံကိုသာ ကြားရပေသည်။

၎င်းက နောက်လက်တစ်ဖက်နှင့်ညွှန်ပြကာ သူ့သခင်ကို အမြုတေအားယူဖို့စေဖို့ရန် ခက်ခက်ခဲခဲကြိုးစားနေရသည်။

နောက်ဆုံး သူ့သခင်က သားရဲအမြုတေအားယူလိုက်သည်ကိုတွေ့တော့မှ ဒမ်ဘီသည် သူ့ခေါင်းကိုစောင်းလိုက်ကာ ထုံထိုင်းထိုင်းပုံစံဖြင့် ပြုံးပြလာခဲ့သည်။

“မိုက်မဲလိုက်တဲ့ကောင်။” ကောင်းဖန်ပြောရင်းဖြင့် ပင်စိမ်းမြွေ၏အမြုတေကို

သားရေအိတ်ထဲသို့ထည့်လိုက်သည်။ သူတစ်ခုခုပြောချင်နေသော်လည်း ပြောရမည့်စကားလုံးကို ရှာမတွေ့ဖြစ်နေသည်။ အဆုံးမှာတော့ ကောင်းဖန် ဘာမှမဖြစ်ခဲ့သလိုပုံစံနှင့် တစ်ဖက်သို့လှည့်ကာ ညွှန်ကြားလိုက်သည်။ “ဒမ်ဘီ၊ ဒီဖန်ပုလင်းပင်တွေကို အလယ်ကနေချိုးလိုက်။”

ဒမ်ဘီ အားတက်သရော ခေါင်းပြန်ညိတ်ပြလိုက်သည်။

သစ်တောထဲရှိအခြားပင်စိမ်းမြွေများမှာတော့ ကျန်မြွေများ ဘာဖြစ်သွားသလဲကို မျက်မြင်ကိုယ်တွေ့မြင်လိုက်ရတာကြောင့် အန္တရာယ်နှင့်ဝေးဝေးကိုရှောင်ရမည်မှန်း သိသွားကြသည်။ ဒါကြောင့်

သူတို့၏သစ်ပင်အပေါက်များထဲတွင် ပုန်းခိုဖို့ရန်အတွက် လှည့်ထွက်သွားကြတော့သည်။

သို့သော်လည်း သစ်တောနတ်ဆိုး၏ဒေါသကိုဆွပေးမိမည်စိုးသည့်အလ ား ဖြည်းဖြည်းချင်းသာရွေ့လျားကြသည်။

သစ်ခေါင်းပေါက်များထဲမှာဆိုလျှင် အန္တရာယ်ကင်းပြီဟု တွေးထားကြသော်လည်း ရုတ်တရက် သစ်ပင်ပင်စည်မှနေပြီး ကျယ်လောင်သည့်ကျိုးပဲ့သံများကို ကြားလိုက်ကြရသည်။

အချိန်မီတုံ့ပြန်ဖို့ရန်ပင် အခွင့်အလမ်းမရှိကြတော့ပဲ အချို့မြွေများမှာ သူတို့ကမ္ဘာကြီးတစ်ပတ်လည်သွားသလို

ခံစားလိုက်ကြရသည်။ ကျယ်လောင်သည့် ကျိုးပွဲသံနှင့်အတူ သစ်ပင်ကြီးတစ်ပင်သည် ရုတ်တရက်ဆိုသလို မြေပေါ်သို့ ထက်ပိုင်းကျိုးကျသွားကာ မြွေများလဲ တစ်ခါတည်းပါသွားခဲ့သည်။ ထို့နောက် ပင်စိမ်းမြွေများက အမြန်ပင် သစ်ခေါင်းပေါက်များထဲမှတစ်ဆင့် အရွက်များထဲသို့တိုးပင်ကာ လျှောထွက်သွားပြီး အမြင်အာရုံထဲမှပျောက်ကွယ်သွားကြတော့သည်။

ကောင်းဖန်က ကျိုးပွဲနေသည့်သစ်ပင်ကြီးများတစ်လျှောက်လိုက်ကာ သစ်သားအာကာပြင်နှလုံးသားများကို ရှာဖွေခဲ့သည်။ သစ်သားအာကာပြင်နှလုံးသားများသည်

ဘီယာပုလင်း၏ဗိုက်နေရာလိုမျိုး ဖန်ပုလင်းပင်,ပင်စည်၏အထူဆုံးနေရာတွင် ကြီးထွားကြသည်။

သူလုပ်ရမှာကတော့ ချိုးပေးရမည့်နေရာကို ဒမ်ဘီကို ညွှန်ပြပေးဖို့ရန်သာဖြစ်သည်။

ကျိုးသွားသော ‘ဘီယာဗိုက်များ’သည် အခေါင်းပေါက်ဖြစ်နေကာ အတွင်းထဲတွင် ဘာမှမရှိနေပေ။

အပင်တိုင်းမှာတော့ သစ်သားအာကာပြင်နှလုံးသားတစ်ခုစီ ရှိနေကြမည်မဟုတ်ဘဲ ငါးပင်တွင် တစ်ပင်လောက်မှာတော့ ပါပေလိမ့်မည်။

စာစဉ် ၆

သစ်ပင်ကြီးတစ်ပင်စီအောက်တွင် ဒမ်ဘီသည် သစ်ပင်တိုင်းကို လက်သီးနှစ်ဖက်လုံးဖြင့် ထိုးနှက်နေတာကြောင့် ရှုးသွပ်နေသည့်လက်ဝှေ့သမားတစ်ယောက်လို့တောင် ထင်ရသည်။ လက်သီးချက်တစ်ချက်စီတိုင်းသည် သစ်စကြီးများကို လွင့်ထွက်သွားစေနိုင်သည်။

တင်းကြပ်စွာဆုပ်ကိုင်ထားသည့် လက်သီးချက်များသည် ဆက်တိုက်ဆိုသလို လွင့်ပျံနေပြီး ၎င်း၏လက်ဆစ်ပေါ်ရှိ အရိုးမာများက ပင်စည်ကို ပြင်းပြင်းထန်ထန် ထိုးနှက်နေတာကြောင့် အခေါက်များက ကျွတ်ထွက်သွားကာ ထိုးချက်အနည်းငယ်နှင့်ပင် ဖန်ပုလင်းပင်မှာ လဲလုနီးပါးဖြစ်နေသည်။

စာစဉ် ၆

ပြင်းထန်စွာထိုးနှက်သံများသည် ထူထပ်သည့်သစ်တောထဲတွင် ပဲ့တင်ထပ်နေကာ အဝေးကြီးအထိ ဖြတ်သန်းသွားသည်။

တစ်ကီလိုမီတာဝန်းကျင်ဝေးသည့်နေရာမှာတော့ အမဲလိုက်သမားသုံးယောက်သည် တောထဲသို့ဖြတ်သန်းနေကြသည်။ သူတို့တစ်ကိုယ်လုံးကို သူတို့ပစ္စည်းများဖြင့် ကောင်းကောင်းကာကွယ်ထားပြီး မုဆိုးကောင်းများ၏ပြယုဂ်အတိုင်း ကြီးမားသည့်အိတ်ကြီးများကို သယ်ဆောင်ထားကြသည်။ ထိုသူများ၏ဘေးတွင်တော့ ကိုယ်ပိုင်သားရဲများစွာလိုက်ပါလာကြသည်။

ထိုအချိန်တွင်ပဲ မုဆိုးတစ်ယောက်၏ပုခုံးပေါက်မှနေပြီး အော်ဟစ်သံများ ရုတ်တရက်ထွက်ပေါ်လာခဲ့သည်။

သူ့ပုခုံးပေါ်တွင် ထူးထူးခြားခြားကြီးမားသည့် နားရွက်ကြီးများနှင့် ကြွက်တစ်ကောင်က ၎င်း၏နောက်ခြေထောက်များဖြင့် မတ်တပ်ရပ်နေကာ တစ်ပတ်ပတ်လိုက်ပြီးနောက် ဦးတည်ရာတစ်ခုဘက်တွင် ရပ်တန့်သွားပြီး မရပ်မနားအော်ဟစ်နေတော့သည်။

“ဟမ်? ခေါင်းဆောင်၊ ထူထူတော့ တစ်ခုခုအာရုံရသွားပြီလား။” အဖွဲ့ဝင်တစ်ဦးကမေးလိုက်သည်။ ထိုလူသည် လူငယ်တစ်ယောက်ဖြစ်ကာ မျက်နှာပေါ်တွင်လဲ အမာရွတ်တစ်ခုရှိသည်။

“ဒူနို့, ထူထူတစ်ခုခုရှာတွေ့ထားပုံပဲ။” အဖွဲ့ထဲမှအကြီးဆုံးအဖွဲ့သားက ပြောလိုက်သည်။ သူကနူးညံ့စွာနဲ့သူ့ပုခုံးပေါ်ကကြွက်ရဲ့နားရွက်ကို ဖိညှပ်လိုက်ပြီး မြေပဲနှစ်စေ့ကို ဆုအဖြစ်ပေးလိုက်သည်။

ကြွက်က ဝမ်းမြောက်ပျော်ရွှင်မှုတို့ပြည့်နေသည့် မျက်လုံးများနှင့်ကြည့်လိုက်ပြီး မြေပဲကို ပျော်ရွှင်စွာနှင့်ဝါးစားနေလိုက်သည်။

“ထူထူက ဟိုဘက်ကနေ ကျယ်တဲ့အသံတစ်သံကြားတယ်လို့ပြောတယ်၊” ခေါင်းဆောင်ကသူ့လျှာကိုသပ်လိုက်ပြီးပြောလိုက်သည်၊ “အဲ့ဒီကိုသွားစစ်ဆေးကြည့်ရအောင်”

“ဟုတ်ကဲ့ခေါင်းဆောင်”

စာစဉ် ၆

အဖွဲ့၏အဖွဲ့သားများကတကက်ညီလက်ညီသဘောတူလိုက်ကြပြီး ကန့်ကွက်သူတစ်ဦးမှမရှိပေ။

ဒါက သူတို့ဒီလိုမျိုးတစ်စုံတစ်ခုကို မမျှော်လင့်ဘဲကြုံဖူးတာ ပထမဆုံးအကြိမ်မှမဟုတ်ဘဲ။

နောက်ဆုံးအကြိမ်တုန်းက, အုပ်ချုပ်သူအဆင့်သားရဲနှစ်ကောင်ကြားတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဆိုရိုးစကားအတိုင်းခွေးနှစ်ကောင်က အရိုးတစ်ခုအတွက်ပြိုင်ဆိုင်တိုက်ခိုက်နေကြစဉ်, တတိယတစ်ကောင်ကအရိုးနှင့်အတူပြေးသွားပြီဖြစ်သည်။

သူတို့သည် အုပ်ချုပ်သူအဆင့်သားရဲတစ်ကောင်၏လက်မှလွတ်မြောက်ရန် စီစဉ်နိုင်သော်လည်း သူတို့က

စာစဉ် ၆

အခြားအုပ်ချုပ်သူအဆင့်သားရဲအသေကောင်တစ်ကောင

န့်င့်အတူ ရှိနေဆဲဖြစ်သည်။

သူတို့ကထိုအသေကောင်ကိုရောင်းပြီးငွေကောင်းကောင်

းရနိုင်သည်။

အမာရွတ်ရှိသောလူငယ်သည်

သူ့နှုတ်ခမ်းကိုသပ်လိုက်သည်၊ သူ၏ကိုယ်ပိုင်သားရဲ

သည်အဆင့်၂၀သို့ရောက်နှင့်ပြီးဖြစ်သည်။

၎င်းကိုအုပ်ချုပ်သူသားရဲအဆင့်သို့တက်ရန်

နောက်သို့ဆုပ်ကိုင်ထားသောတစ်ခုတည်းသောအရာသ

ည်သူ၏အဆင့်ဖြစ်သည်၊ သူအရင်က

သားရဲပျိုးထောင်သူအမြောက်အမြားထံသို့ချဉ်းကပ်ဖူးသ

ည်,ဒါပေမယ့်

စိတ်မကောင်းစွာနဲ့ဘဲ,သားရဲ၏အဆင့်ကိုမြှင့်တင်ရန်မှာ

လွယ်ကူသောအရာမဟုတ်ပေ၊
တစ်ခါတစ်ရံဒုင်းတို့အားလုံးသည်
RNGမှဆင်းသက်လာခြင်းဖြစ်သည်။

သူသည်သားရဲအတွက်ဆက်လက်ကြိုးစားမှုများပြု လုပ်ခဲ့သော်လည်း သူ၏သားရဲ အဆင့်သည်အဆုံးတွင် အတူတူသာဖြစ်နေသေးသည်။

တစ်ခါတစ်လေတွင်
သူအကူအညီမဲ့သလိုပင်ခံစားရသည်၊ ဖြစ်နိုင်တာတော့ ကံတရားက
သူ့ကိုဘယ်တုန်းကမှမျက်နှာသာမပေးခဲ့ဘူး။

သူကငယ်ငယ်ကတည်းကအဲ့လိုဘဲကံမကောင်းခဲ့ဘူး
။

စာစဉ် ၆

ကောင်းတာတစ်ခုကတော့ ထိုသို့သော အခြေအနေနှင့်နေသားကျနေခြင်းဖြစ်သည်။

သူတို့ကြားလိုက်တဲ့အသံက တစ်ခုခုမှားနေတယ်ဆိုတာသိလိုက်ရတော့ သူတို့ကအနားကိုအပြေးအလွှားရောက်လာကြသည်။

ဒါကတိုက်ခိုက်နေတဲ့သားရဲတွေရဲ့အသံမဟုတ်ဘူးထင်တယ်။ အသံကနိမ့်ပြီး,အတော်လေးမကြည်မလင်ဖြစ်နေတယ်၊ ဒါကစည်းချက်ကျနေသလိုဘဲ။

ဘာအသံလဲ…

စာစဉ် ၆

အဖွဲ့ဝင်တွေက သူတို့မျက်နှာပေါ်မှာစိတ်ရှုပ်ထွေးနေတဲ့အမူအရာတွေနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်၊

အဖွဲ့ထဲတွင် နောက်ဆုံးအဖွဲ့ဝင်တစ်ယောက်က အတော်လေးအရပ်ရှည်ပြီး, အသားညိုပြီးပိန်ပိန်ရှည်ရှည်လူငယ်ဖြစ်သည်၊ သူကမျက်မှောက်ကြုံ့ပြီး မဝံ့မရဲနှင့်ပြောလိုက်သည်, “အရင်ကငါလုပ်ဖူးတဲ့ လက်ဝှေ့ကျင့်တဲ့အသံနဲ့ဘာကြောင့်တူနေရတာလဲ။”

“ လက်ဝှေ့ကျင့်တာ? ယောင့်ဟွမ် မင်းလက်ဝှေ့ထိုးတိုင်း မိုက်မိုက်မဲမဲလုပ်တတ်လို့လား? တောနက်ကြီးအလယ်မှာ လက်ဝှေ့ကျင့်နေတဲ့လူက

ဘယ်လိုလုပ်ပြီးပေါ်လာနိုင်မှာလဲ။”
မျက်နှာပေါ်ကအမာရွတ်နဲ့လူကရယ်သည်။

သားရဲတွေနဲ့ပြည့်နေတဲ့ဒီတောအလယ်မှာ
လက်ဖွေ့ကျင့်နေတယ်ပေါ့၊
မင်းရဲ့ဦးနှောက်ထဲကတစ်ခုခုပျက်စီးနေလို့ဘဲဖြစ်ရမယ်။

ကျိုးကျသံ!

သူတို့နဲ့သိပ်မဝေးတဲ့သစ်ပင်ကြီးတစ်ပင်က
ခုတ်လှဲခံလိုက်ရပြီး ပြိုလဲကျလာသည်၊
သစ်ပင်လဲကျသွားပြီးနောက်
များစွာသောသစ်ကိုင်းများကိုချိုးဖြတ်နေပြီး, ကျိုးကျေ
နေသည့်အသံများပေးနေသည်။

စာစဉ် ၆

“လှူပ်ရှားကြ, အဲ့ကိုသွားပြီးကြည့်ရအောင်၊ မြန်မြန်။” ခေါင်းဆောင်ကလေးနက်စွာနှင့် ပြောလိုက်သည်။

နီးကပ်သွားချိန်တွင်, သစ်ပင်ကို ကမူးရှူးထိုးနှင့်ထိုးကြိတ်နေသော အနက်ရောင်ဝတ်ရုံနှင့်လူပုံစံလိုမျိုးအလွန်ကြီးသည့်အင ောင်ကြီးကို သူတို့တွေ့လိုက်ရသည်။ သူ့ရှေ့ကသစ်ပင်ကြီးက ယိမ်းထိုးနေပြီးအချိန်မရွေးလဲကျသွားတော့မည့်ပုံဖြစ်နေ သည်။

က–ချာ! ကြီးမားသောသစ်ပင်ကြီးသည် ထိုလမ်းကြောင်းတစ်လျှောက်တွင် အသံကြီးထွက်ပေါ်လာပြီးနောက်

စာစဉ် ၆

ကျယ်လောင်သောကျိုးကြေသံကြီးနှင့်အတူ လဲကျသွားတော့သည်။

သူတို့လူအနည်းစုသည် စကားပင်မပြောနိုင်ဘဲကြောင်အနေကြသည်။

သူတို့အတွက်တော့ တောထဲကသစ်ပင်တွေအားလုံးက အတူတူဘဲဖြစ်သည်။ သူတို့မှာ နာမည်တစ်ခုသာရှိသည်- သစ်ပင်။

သစ်ပင်ရဲ့အမှန်တကယ်နာမည်နှင့် ၎င်း၏ပင်ကိုအမူအကျင့်များ…

သူတို့က d*mnလို့ကိုပင်မပြောနိုင်တော့ပေ။

ခေါင်းဆောင်က သူ့မျက်လုံးတွေနှင့်ထိုတစ်စုံတစ်ခုပေါ်ကိုအာရုံစိုက်နေသည်။

ရှုပ်ထွေးနေသောသစ်ပင်အကျိုးအပဲ့များအတွင်း၌ ထိုလမ်းတစ်လျှောက်ရှိ ပင်စည်များ အတွင်း၌ ဝပ်ကာရှာနေသောပုံသဏ္ဍာန်တစ်ခုရှိသည်။

သူကအဲ့ဒီသစ်ပင်အကျိုးအပဲ့တွေထဲက ဘာကိုရှာနေတာဖြစ်နိုင်လဲ? ခေါင်းဆောင်က စောင်းကာကြည့်လိုက်သည်၊ သူ၏အမဲလိုက်အာရုံခံစားမှုအရ တစ်စုံတစ်ခုကမူမမှန်ဖြစ်နေသည်ကိုသတိပြုမိသည်။

"ခေါင်းဆောင်, သွားရအောင်၊" ယောင့်ဟွမ်ကခေါင်းညိတ်လိုက်သည်၊ သူကပထမတော့

စာစဉ် ၆

သားရဲတစ်ကောင်လို့ထင်ခဲ့ပေမယ့် အဲ့ဒါကအခြားလူတစ်ယောက်ဖြစ်နေသည်၊ အနက်ရောင်ဝတ်ရုံဝတ်ထားသောသားရဲကို တစ်စုံတစ်ယောက်ရှင်းရှင်းလင်းလင်းကိုမွေးမြူထားခြင်းဖြစ်မည်။

ခေါင်းဆောင်ကသူ့ရဲ့ညာလက်ကိုမြှင့်လိုက်ပြီး ကျန်တဲ့သူတွေကို ငြိမ်နေဖို့အချက်ပေးလိုက်သည်၊

ဒီလူကဘာကိုရှာနေတာလဲ?

သူရုတ်တရက်အရမ်းကိုသိချင်မိသွားတော့သည်။

***

# *အပိုင်း ၈၂ ကျောက်ကွက်ပိုးဟပ်*

“အမ်၊ ခေါင်းဆောင်….” အမာရွတ်နှင့်လူငယ်က တစ်ခုခုပြောမလိုလုပ်လိုက်ချိန်မှာပဲ ခေါင်းဆောင်က သူ့နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်းတင်ပြလိုက်သည်။

“ရှူး…”

တိတ်တိတ်နေ၊

သူတို့အောက်ဘက်ရှိ လူငယ်လေးက ဇဝေဇဝါပုံစံဖြင့် ပြိုလဲနေသည့်သစ်ပင်,ပင်စည်များကြားမှ တစ်စုံတစ်ခုကိုရှာဖွေကာ

သူ့အိတ်ထဲသို့ကောက်ထည့်နေသည်ကို ခေါင်းဆောင်မြင်နေရသည်။

ခေါင်းဆောင် သူ့မျက်လုံးများကို ကျဉ်းမြောင်းထားရင်း ကောင်းဖန်ကိုသာ စိုက်ကြည့်နေခဲ့သည်။

"တန့်ဆန်း၊ ခဏနေရင် မင်းရဲ့ကိုယ်ပိုင်သားရဲနဲ့ အဲ့ကောင်လေးကို ထိန်းထား။ ငါ အကြီးတစ်ကောင်ကို တာဝန်ယူလိုက်မယ်။" ခေါင်းဆောင်က အမိန့်ပေးလိုက်သည်။

တန့်ဆန်းသည် အသားမဲပြီး ပိန်ပိန်ပါးပါးနှင့်လူငယ်တစ်ယောက်ဖြစ်သည်။ သူ့ဘော့စ်၏အမိန့်ကို ကြားသည်နှင့်

ခေါင်းညိတ်ပြလိုက်ပြီးနောက် သူ့ကိုယ်ပိုင်သားရဲကို ခေါ်ကာ ဘေးဘက်သို့ တိတ်တဆိတ်တိုးဝင်သွားသည်။

တန့်ဆန်းနှင့်ယောင်ဟွမ်နှစ်ယောက်လုံးသည် ထိုခေတ်က မြေအောက်လက်ဝှေ့ပွဲဟု လူသိများသော အနက်ရောင်လက်ဝှေ့ပွဲတွင် တိုက်ခိုက်ကြသူများဖြစ်ပြီး ခေါင်းဆောင်ကတော့ သူတို့ကိုယ်စားလှယ်ဖြစ်သည်။

ကပ်ဘေးကြီးပြီးသည့်နောက် အနက်ရောင်လက်ဝှေ့လုပ်ငန်းသည် အခြေခံအားဖြင့် ပြိုလဲသွားခဲ့သည်။ လူသားများသည် ကနဦးအထိတ်တလန့်အခြေအနေများကို ကျော်ဖြတ်ပြီးနောက် တည်ငြိမ်မှုကို ပြန်လည်ရရှိလာသောအခါတွင် လက်ဝှေ့ပွဲများကို ကြည့်ရှုရခြင်းထက် သားရဲများအချင်းချင်း အပြင်းအထန်

တိုက်ခိုက်ကြသည်ကို ကြည့်ရှုရသည်က ပိုလို့ စိတ်လှုပ်ရှားစရာကောင်းကြောင်း သိလာကြသည်။

ထို့ကြောင့် သူတို့နှစ်ယောက်လုံး သူတို့အလုပ်ကို ဆုံးရှုံးသွားခဲ့ကြသည်။ နောက်ပိုင်းတွင်တော့ ‘ရွှေကျူပင်’တပ်ဖွဲ့သို့မဝင်ခင် ကိုယ်ပိုင်သားရဲတစ်ကောင်လောက်ဝယ်နိုင်ဖို့ရန်အတွက် ငွေစုခဲ့ကြသည်။ ပရမ်းပတာအခြေအနေများလွန်မြောက်ပြီးနောက် ဘဝသည် အနည်းနှင့်အများ တည်ငြိမ်လာခဲ့သည်။

သူတို့ အပတ်တိုင်း မီးကျီနက်သစ်တောသို့ ငွေရှာဖို့ လာကြကာ၊ သားရဲများကို လေ့ကျင့်ထိန်းကျောင်းပြီး အပိုဝင်ငွေရဖို့အတွက်

ဖျော်ဖြေမှုများပြုလုပ်ဖြစ်ကြသည်။ ဘဝက တော်လေးကိုကောင်းမွန်နေသည်။

မီးကျီနက်သစ်တောနက်ပိုင်းထဲကိုတော့ သူတို့မဝင်ရဲကြပေ။ အထဲမှာ အလွန်အန္တရာယ်များကာ မသိနိုင်သည့်ကြောက်လန့်ဖွယ်ရာများဖြင့် ပြည့်နှက်နေသည်။ သူတို့သည် သစ်တောစွန်းတစ်ဝိုက်ကိုသာ ပတ်ကြပြီး အပင်များနှင့် အဆင့်နိမ့်သားရဲများကို ဖမ်းကြသည်။ တစ်ခါတစ်လေကံကောင်းခဲ့လျှင်တော့ သားရဲအသေကောင်အချို့ကို သယ်သွားနိုင်သည့်ရက်များရှိသည်။

သူတို့အားလုံးသည် သူတို့၏လက်ရှိဘဝနေထိုင်မှုပုံစံကို

ကျေနပ်နေခဲ့ကြသည်။ ကမ္ဘာ့နံပါတ်တစ်နေရာကို ယှဉ်ပြိုင်ဖို့ဆိုတာကတော့ သူတို့စိတ်ကူးယဉ်ဖို့ပင် အလှမ်းဝေးလွန်းသည့် အနေအထားပင်။

ဒီလူနဲ့ပတ်သတ်ပြီးတစ်ခုခုတော့ မှားနေတယ်။ သူကတော့ သားရဲလေ့ကျင့်သူတစ်ယောက်က သစ်ပင်,ပင်စည်လုံးပတ်ကို တိုင်းဖို့အတွက်နဲ့ ဒီလိုတောထဲမှာ ဝုန်းဒိုင်းကျဲနေတာလို့ မယုံကြည်ပေ။

ခေါင်းဆောင်က စဉ်းစားနေခဲ့သည်။ သစ်ပင်ထဲမှာ ဘယ်လိုအဖိုးတန်ပစ္စည်းတွေ ဝှက်ထားတယ်ဆိုတာသာ သူသိရရင်။ သစ်တောထဲမှာ အပေါ်မျှားဆုံးအရာက ဘာများလဲ? သစ်ပင်တွေပဲလေ!

သူဂျက်ပေါ့ဒ်ပေါက်သွားတယ်လို့ မဆိုလိုဘူးလား? ထိုအတွေးတွေက သူ့နှလုံးသားထဲတွင်

မီးတောက်တစ်ခုကို အစပျိုးပေးလိုက်သည်။ ဒီလိုသာဆို သူတို့ထပ်ပြီး အလုပ်ကြိုးစားနေဖို့မလိုတော့ဘူး။

ဒမ်ဘီသည် ရုတ်တရက်လှုပ်ရှားမှုများရပ်တန့်သွားကာ အရှေ့ကို သတိထားပြီး ကြည့်လိုက်သည်။ ၎င်းက ခြေတစ်ချက်ဆောင့်နင်းလိုက်ကာ ပါးစပ်မှလဲ အော်သံတိုးတိုးပြုလာသည်။ ၎င်းက လက်သီးနှစ်ဖက်လုံးကို တစ်ပြိုင်တည်း ထိုးလိုက်ကာ တိုပြတ်ပြတ်အသံတစ်ခုထွက်ပေါ်လာခဲ့သည်။

အသံက ကောင်းဖန်ကို ထိတ်လန့်စေသွားတာကြောင့် ဒမ်ဘီ၏အကြည့်လားရာအတိုင်း လိုက်ကြည့်လိုက်သည်။ သူနှင့်ဒမ်ဘီက သွေးစာချုပ်

မချုပ်ဆိုရသေးတာကြောင့် စိတ်ဝိညာဉ်မှတဆင့် ဆက်သွယ်ပြောဆို၍မရသေးပေ။ ထိုသို့ဆိုလျှင်ပင် ဒမ်ဘီ၏ရုတ်တရက်အပြုအမူက သူ့ပတ်ဝန်းကျင်မှာ မူမမှန်မှုရှိနေကြောင်း သတိပေးနေသည်။

သူတို့ကိုတွေ့သွားပြီလား။

ခေါင်းဆောင်မှာ သူတည်ရှိနေသည်ကို အမိခံလိုက်ရတော့သည်။ သူ့ဘက်က ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ဖို့ အသင့်ပြင်ထားခဲ့သော်လည်း ဒမ်ဘီက ဤမျှလောက် အာရုံခံစားနိုင်မည်ဟု သူမမျှော်လင့်ထားခဲ့ပေ။ ဒမ်ဘီက သူတို့၏တည်ရှိနေမှုကို သွေးကြောမျှနှလုံးမှတဆင့် တခြားနှလုံးများမှ ပဲ့တင်ထပ်နေသည့်ခုန်သံကို ဖမ်းယူသိရှိခြင်းဖြစ်သည်။ ထိုသူများချဉ်းကပ်လာကြလေ

စာစဉ် ၆

သူတို့၏နေ့လုံးခုန်သံများမှာ ဒမ်ဘီအတွက်တော့ ညအခါမှ ပိုးစုန်းကျူးများလိုပင် ထူးထူးခြားခြားမျက်စိကျစရာကောင်းနေတော့သည်။

ကောင်းဖန်လဲ တာ့ဇီနှင့် စိတ်ဝိညာဉ်စာချုပ်မှတဆင့် ဆက်သွယ်လိုက်သည်။ သူက တာ့ဇီကို သစ်ရွက်ခြောက်များအောက်တွင် မလှုပ်ဘဲ ပုန်းနေပြီး သူ့ညွှန်ကြားချက်ကို စောင့်နေဖို့ ပြောလိုက်သည်။

တစ်ဖက်တွင်တော့ ဆီလီသည် ပုံမှန်အတိုင်း ပျံသန်းလာကာ ကောင်းဖန်၏ခေါင်းပေါ်တွင် နေလိုက်သည်။ ၎င်းက ကောင်းဖန်ကို သက်တန့်ရောင်ဦးထုပ်တစ်လုံးဆောင်းထားသလိုပုံထင် ရစေသည်။

စာစဉ် ၆

တခြားတစ်ဖက်တွင်ပုန်းနေသည့် တန့်ဆန်းမှာလဲ ရုတ်တရက် အေးခဲသွားတော့သည်။ ဒါက ထောက်ပံ့မှုအမျိုးအစားသစ် သားရဲများလား?

သူရုတ်တရက် မတိုင်မီက ကြည့်ခဲ့သည့် ဇာတ်ကားတစ်ပုဒ်ကို အမှတ်ရသွားသည်။ ဇာတ်ကောင်က ဇာတ်လမ်းထဲတွင် ဦးထုပ်တစ်လုံးဆောင်းထားကာ နောက်တွင် အလွန်အန္တရာယ်များသူဖြစ်လာခဲ့သည်။

“ဟေးဒီမှာ, မိတ်ဆွေလေး” ရယ်သံစွက်နေတဲ့အသံနှင့် ခေါင်းဆောင်က တောအုပ်ထဲကနေအပြုံးနှင့်လမ်းလျှောက်ထွက်လာကာ အမာရွတ်ရှိသည့်လူငယ်နှင့် သားရဲနှစ်ကောင်သည်လဲ နောက်မှလိုက်လာသည်။

စာစဉ် ၆

ဘယ်ဘက်ကသားရဲကိုကြည့်ရသည်မှာ ပျားတစ်ကောင်နှင့်တူသည်။ ၎င်းကငါးပေ ပတ်လည်ရှည်လျားပြီး ၎င်း၏ခေါင်းထိပ်တွင်ချွန်ထက်သောဦးမျှင်များနှင့် အတောင်များသည် များပြားသောကြိမ်နှုန်းဖြင့် တစ်ဝီဝီမြည်နေသည့်အသံလှိုင်းများနှင့်အတူ ငွေရောင်လျှမ်းလျှမ်းတောက်လျက်ရှိသည်။ အထင်ရှားဆုံးအချက်မှာ ၎င်း၏အမြီးရှိထိုးသောအချွန်သည် ၎င်း၏အရှည်တစ်ခုလုံး၏သုံးပုံတစ်ပုံခန့်ရှိသည်။ ညာဘက်တွင်တော့ ရောမလိပ်ပြာနက်တစ်ကောင်ရှိသည်။ အကယ်၍ထိုတစ်ကောင်က အတောင်ပံပါ,ပါမည်ဆိုလျှင်

၎င်းကာဂပေပတ်လည်လောက်ရှိသည်၊ အတောင်၏တစ်ဖက်တစ်ချက်စီတွင် အချိုးမညီသောဦးခေါင်းခွံရှိသည်။ ၎င်း၏ဦးမျှင်များကသူ၏ဦးခေါင်းပေါ်တွင် ကြီးမားသော အနက်ရောင်မီးအိမ်နှစ်လုံးကိုဆွဲထားပုံနှင့်တူနေသည်။

အုပ်စုတွင် အင်းစက်အမျိုးအစားသားရဲများသည်ရာခိုင်နှုန်းများစွာရှိသည်၊

ကောင်းဖန်ကမတ်တပ်ရပ်လိုက်ပြီး သားရဲနှစ်ကောင်ကိုသတိထားမိသွားသည်။ သူတို့ကထိုးဖောက်သံချပ်ကာလုံးချွန်ပျားနှင့် ရိုးခွံလိပ်ပြာတို့ဖြစ်သည်။

ရိုးခွံလိပ်ပြာသည် အနက်ရောင်သားရဲဖြစ်ပြီး တခြားပတ်လည်တွင်ရှိသည့် အနက်ရောင် သားရဲများ၏ အနိမ့်ဆုံးအတန်းစားထဲတွင်တစ်ကောင်အပါအဝင်ဖြစ်သည်။ သေချာပေါက်, အဓိကအားဖြင့် အဆင့်အတန်းနိမ့်တဲ့လူတန်းစားလိုမျိုးသားရဲမရှိပါဘူး၊ စွမ်းရည်အလားအလာကောင်းနေသ၍မည်သည့်သားရဲမဆိုကန့်သတ်ချက်မရှိဖြစ်နိုင် ပါသည်။

ထိုလူများသည်တစ်စုံတစ်ခုကို ရှာဖွေတွေ့ရှိခဲ့တာဖြစ်လိမ့်မည်၊ ဘာဘဲဖြစ်ဖြစ်စောစောက သူ၏လုပ်ရပ်များသည်ထူးဆန်းနေသည်မှာသေချာသည်။

“ဒီလိုမျိုးတွေ့ရတာ ကံကြမ္မာဘဲ၊ မင်းတစ်ခုခုအကူအညီလိုအပ်နေလား။” ခေါင်းဆောင်က

သူမှာဘာရည်ရွယ်ချက်မှမရှိကြောင်းကိုပြဖို့
လက်နှစ်ဖက်ကိုမြှောက်ပြီးမေးလိုက်သည်၊
ဘာဘဲဖြစ်ဖြစ်သူကအထဲကိုဝင်ဖို့ပိတ်ထားသည်။

ဘန်း!

ရုတ်တရက်ဖြစ်ပေါ်သွားသောအသံက
အကုန်လုံးကိုထိတ်လန့်သွားစေသည်။

ဒမ်ဘီကသစ်ပင်၏ပင်စည်ကိုလက်သီးဖြင့်ထိုးလိုက်
သောအခါ ဝိဉာဉ်မီးတောက်များသည်
၎င်း၏မျက်လုံးထဲတွင်
ကြောက်မက်ဖွယ်ကောင်းစွာတောက်ပနေပြီး အသစ်
ရောက်လာသူများကို
ဒေါသသံဖြင့်ဟိန်းဟောက်လိုက်သည်။
အရိုးများသာရှိသည့် ၎င်း၏ ရင်ဘတ်ဗလာနှင့်

ကျယ်လောင်သောအသံကိုတော့ မထုတ်နိုင်ခဲ့ပါ။
သို့သော်နက်ရှိုင်းသည့်
အသံနိမ့်နိမ့်ဖြင့်ဟိန်းဟောက်သံသည်
ဂုဏ်သိက္ခာရှိသောစစ်မြင်းတစ်ကောင်လိုပင်
ဖြစ်နေသည်။

ကောင်းဖန်၏ ခန္ဓာကိုယ်ကိုကတင်းကျပ်သွားသည်။
ဒီမှာတစ်ခြားသူတွေရှိနေတယ်!
တစ်စုံတစ်ယောက်ကပုန်းနေဆဲဖြစ်တာကြောင့်
ကောင်းဖန်က ဒါဟာကောင်းတဲ့
လက္ခဏာမဟုတ်တာကိုတွေးမိလိုက်သည်။
အကယ်၍သူတို့မှာ
ကောင်းတဲ့ရည်ရွယ်ချက်ရှိမည်ဆိုလျှင်

သူတို့ကဘာလို့တောထဲမှာပုန်းနေပြီး

ဘာလို့သူ့ကိုထောက်လှမ်းနေမှာလဲ?

သူလျှိုနှင့်စောင့်ကြည့်ခံနေရကြောင်းတွေ့ရှိသည့်

မည်သူမဆိုစက်ဆုပ်ကြမည်သာဖြစ်သည်၊

“ကျွန်တော်အကူအညီလိုမယ်မထင်ဘူး။”

ကောင်းဖန်ကသူတို့ကိုစိတ်ခံစားချက်မပါဘဲ

ပြတ်ပြတ်သားသားငြင်းပယ်လိုက်သည်။

ဘယ်လိုဘဲဖြစ်ဖြစ်

ထိုလူတွေကအမှောင်ထဲမှာဖြစ်ပြီး

သူကအလင်းထဲမှာဖြစသော်လည်း

သူ့မှာသုံးဖို့အတွက်ဝှက်ဖဲရှိသေးသည်။

အဲ့တာကတာ့ဇီနှင့်သဘောတူချုပ်ဆိုထားသော

လျှို့ဝှက်နည်းလမ်းဖြစ်ပြီး,
ကြယ်နက္ခတ်ပြောင်းရွှေ့ခြင်းပင်ဖြစ်သည်။

ဒီလူတွေဆီမှာ
ထိုကဲ့သို့နည်းလမ်းမျိုးတွေရှိလားဆိုတာသူမသိပါ၊
ဒါပေမယ့်ဒါက သူတို့လုပ်ဖူးပုံမပေါ်ဘူး၊ အကယ်၍
လူတစ်ယောက်ကထိုလျှို့ဝှက်နည်းကိုပိုင်ဆိုင်လျှင်,
အန်ကယ်လျိုကသတိရှိရှိနှင့်သူတို့ကိုနောက်တွင်ချန်ခဲ့မှာ
မဟုတ်ပေ။ ထို့အပြင် သူထိုနည်းလမ်းအကြောင်း
ဆက်စုံစမ်းကာ လှည့်ပတ်ကာမေးမြန်းနေပေမည့်
လူအများစုကထိုကဲ့သို့
နည်းပညာကိုမကြားဖူးတာကိုသူတွေ့ခဲ့သည်။

“ဒါကငါ့ညီပါ၊
စိတ်လျှော့,ငါတို့မှာဘာရည်ရွယ်ချက်မှမရှိပါဘူး။”

စာစဉ် ၆

ခေါင်းဆောင်၏မျက်နှာတွင်

အပြုံးကတောက်ပနေသော်လည်း

သူ့စိတ်ထဲတွင်ဒမ်ဘီကိုတိတ်တဆိတ်ကျိန်ဆဲနေသည်။

ဒါကဘယ်လိုတောင်ရှူးသွပ်နေတဲ့အကောင်လဲ?

ဘာလို့ဒီကောင်ကအာရုံခံစားမိနေတာလဲ?

သူတွေးနေမိသည်။

တန့်ဆန်းက

တောအုပ်ထဲကနေလမ်းလျှောက်ထွက်လာပြီး

သူ့နောက်တွင်

ငွေဖြူရောင်ပိုးဟပ်တစ်ကောင်ကလိုက်လာသည်။

ထိုပိုးဟပ်၏ပါးစပ်ပိုင်းသည် အရွယ်အလွန်ကြီးပြီး

၎င်း၏ခန္ဓာကိုယ်သည်အလွန်ချောမွေ့ပြီး

ငွေဖြူရောင်သဏ္ဍာန်သည်

စာစဉ် ၆

အလွန်ကိုနှစ်သက်ဖွယ်ကောင်းလှသည်။ ကောင်းဖန်

ဘယ်တုန်းကမှထိုကဲ့သို့ပိုးဟပ်မျိုးကိုအရင်ကမတွေ့ဖူးေ

ေ။ ထို့ကြောင့်သူကအကူအညီ မဲ့နေပေမယ့်

နောက်ထပ်ထပ်၍ထိုကောင်ကိုစိုက်ကြည့်လိုက်သည်၊

[မကောင်းဆိုးဝါးအမည်]–ကျောက်ကွက်ပိုးဟပ်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၈(ထိပ်တန်းအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–ရွှေ

[မကောင်းဆိုးဝါးအားနည်းချက်]– လျှပ်စီး

ကျောက်ကွက်ပိုးဟပ်၊ ကောင်းဖန်

ဒီလိုသားရဲမျိုးကိုစာအုပ်များထဲမှာပင် တစ်ခါမှ

မတွေ့ဖူးပေ။ ဖြစ်နိုင်တာက

၎င်းကရှားပါးသည့်မှုကွဲတစ်ကောင်ဖြစ်လောက်မည်။ သားရဲများစွာကို မသိရှိရသေးဘဲ လူသားများသည်လဲ စူးစမ်းရှာဖွေရေးလုပ်ငန်းစဉ်၌ရှိနေဆဲဖြစ်သောကြောင့် ၎င်းသည်အဖြစ်များသည်။

“ညီငယ်လေးက ငါတို့နောက်ယှက်တာကိုမကြိုက်ဘူးနဲ့တူတယ်၊ မေ့လိုက်ပါတော့။” ခေါင်းဆောင်ကရယ်ကာပြောလိုက်ပြီးနောက် လှည့်ထွက်သွားခဲ့သည်။

***

## *အပိုင်း ၈၃*

## *သစ်သားအာကာပြင်နှလုံးသားများရရှိခြင်း*

ခေါင်းဆောင်၏စိတ်မှာ လွန်ဆွဲလို့နေသည်။ အစောပိုင်းက အခြေအနေများကို ပြန်ကြည့်လျှင် ထိုဆယ်ကျော်သက်လေးသည် သေချာပေါက် သူတို့ကို လွန်စွာသတိထားနေသည်မှာ သေချာသည်။ သူတို့အတွက် ကောင်လေးဆီမှ အဖြေရရန် အတင်းအကြပ်ဖိအားပေးသည့် နည်းလမ်းမှလွဲပြီး အခြားဖော်ထုတ်နိုင်ဖို့ မျှော်လင့်ချက်မရှိတော့ပေ။

သူတို့ကို မြန်မြန်ရှာတွေ့သွားခံရသည်က နှမြောစရာကောင်းလှသည်။ အခုတော့ သူတို့မှာ အံ့သြစရာပစ္စည်းရှာတွေ့နိုင်သည့် အချက်ကို

စာစဉ် ၆

ဆုံးရှုံးလိုက်ရလေပြီ။ သူတို့သာ ကောင်လေးကို အတင်းသွားဖမ်းပြီး ရှုံးနိမ့်ခဲ့ပါက ဘာမှမရဘဲ ရန်သူအသစ်သာ ဖြစ်သွားပေလိမ့်မည်။

ထို့အပြင် ကောင်းဖန်သည် အသက်ငယ်ငယ်လေးသာရှိသေးသော်လည်း ကိုယ်ပိုင်သားရဲအနည်းငယ်ကို ပိုင်ဆိုင်နေပေပြီ။

ကောင်းဖန်က တဲ့ဇီကို သစ်ရွက်ခြောက်များကြားတွင် ပုန်းနေဖို့ တိတ်တဆိတ်ညွှန်ကြားထားသော်လည်း သူတို့ကတော့ အစောကတည်းက ကောင်းဖန်ကို လျှို့ဝှက်စွာ ထောက်လှမ်းနေကြတာကြောင့် ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့သည်။

စုစုပေါင်းကိုယ်ပိုင်သားရဲသုံးကောင်ရှိနေတာပဲ။

စာစဉ် ၆

ခေါင်းဆောင်သည် ခြိမ်းခြောက်နိုင်ချေမရှိသော တိုက်ခိုက်စွမ်းရည်မရှိသည့် အသုံးမဝင်သော ဂျယ်လီငါးကိုတောင် မြင်ခဲ့သေးသည်။

ဒီလောက် ငယ်ငယ်လေးနဲ့ ကိုယ်ပိုင်သားရဲသုံးကောင်ကို တပြိုင်တည်း ပျိုးထောင်နိုင်သည်က ကောင်းဖန်တွင် ငွေ သို့မဟုတ် အရည်အချင်းရှိသည်ဟု ဆိုလိုပေသည်။

ပြောရရင်တော့ သူ့ကို ပမွှားလေးတစ်ယောက်လို့ သဘောထားလို့မရနိုင်ပေ။

ပိုဆိုးတာကိုပြောရရင်တော့ အနက်ရောင်ဝတ်ရုံနဲ့သားရဲသည် ထူထူကိုပင် မသက်မသာခံစားရစေသည့် အော်ရာများထုတ်လွှတ်နေခဲ့သည်။

စာစဉ် ၆

ခေါင်းဆောင်၏နှစ်ပေါင်းများစွာ အတွေ့အကြုံများက သူ့ကို ပြဿနာကို တစ်ခါတည်း ရှင်းရှင်းလင်းလင်းဖြစ်အောင် မဖြေရှင်းနိုင်ပါဘဲ ရှေ့ဆက်တိုးကာ ရန်သူများလာခြင်းသည် ပညာမဲ့သည့်လုပ်ရပ်ဟုပြောနေသည်။

ရန်သူများစွာ ဖန်တီးခြင်းက အများအားဖြင့် ရလဒ်နှစ်ခုကိုသာ ထွက်စေသည်။

သူတို့က ရန်သူများထက် ပို၍အင်အားကြီးအောင်လုပ်ကာ အားလုံးကိုနှုတ်ပိတ်သွားစေခြင်း ဒါမှမဟုတ် သူတို့ဘက်ကသာ ဆိုးဆိုးရွားရွားသေပွဲနွဲရခြင်းပင်ဖြစ်သည်။

စာစဉ် ၆

ဒုတိယအချက်ကတော့ ဒီလိုမျိုး ခွေးကခွေးကိုစားသည့်ကမ္ဘာကြီးအတွက် အဖြေနိုင်ဆုံးဖြစ်နိုင်ချေပင်။ သူ့ဘဝကို သူတောင်မသိပါဘဲ အလွယ်တကူနှုတ်ယူသွားနိုင်လောက်တဲ့ ကိုယ်ပိုင်သားရဲအသစ်တချို့ တွေ့ရှိထားနိုင်လောက်လားဆိုတာ ဘယ်သူကသိနိုင်မှာလဲ?

သူလဲ တန့်ဆန်းနှင့်ယောင့်ဟွမ်တို့ကိုခေါ်ကာ သုံးဦးသားပြန်လှည့်လာလိုက်ကြသည်။

သုံးယောက်သား ပြန်ထွက်လာသည်နှင့် ယောင့်ဟွမ်၏တင်းမာနေသည့်အမူအရာက အနည်းငယ်ပြေလျော့သွားကာ စိတ်သက်သာရာရစွာ

တိတ်တဆိတ်သက်ပြင်းပင်ချလိုက်သည်။ မြေအောက်လက်ဝှေ့ကို သူလုပ်ကိုင်ဖူးသော်လည်း သူ့ညီမလေး၏ကျောင်းစားရိတ်အတွက် ငွေရှာချင်လို့သာဖြစ်သည်။ သူ့ညီမလေး အလွန်ငယ်ရွယ်သေးချိန်က မိဘနှစ်ပါးလုံးကို ကားတိုက်မှုတစ်ခုတွင် ကံဆိုးစွာပဲ ဆုံးရှုံးခဲ့ရပြီး သူတို့နှစ်ယောက်လဲ သူတို့ခြေထောက်ပေါ်သူတို့ရပ်တည်ခဲ့ကြရသည်။

သူ မြေအောက်လက်ဝှေ့ပွဲများတွင် ဝင်ထိုးကာ ဆေးလိပ်သောက်၊ တက်တူးထိုး၊ တခါတလေ အရက်ပင်သောက်သေးသော်လည်း အခုထိစိတ်နှလုံးကောင်းသူတစ်ယောက် ဖြစ်နေသေးကြောင်းကိုတော့ သူကိုယ်တိုင်သိသည်။

သူ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ လူသတ်မှုစသည့် ပြစ်မှုများကို တစ်ခါမှမကျူးလွန်ဖူးပေ။ ဒါကြောင့် အစောတုန်းက အခြေအနေက သူ့ကိုအလွန်စိုးရိမ်ထိတ်လန့်စေခဲ့သည်။

သို့ပေမည့် တန့်ဆန်း၏မျက်နှာအမူအရာကတော့ တကယ်ကိုမဲမှောင်နေသည်။ တကယ်တော့ သူ့နဂိုအသားအရောင်ကကို မဲနေပြီးဖြစ်သည်။

အချိန်အတော်ကြာ သည်းခံနေပြီးနောက် သူဆက်ပြီးမထိန်းထားနိုင်တော့ပေ။ "ဘော့စ်၊ ဘာလို့ ချက်ချင်းလက်ဦးမှုမယူလိုက်တာလဲ? ဒီကောင်လေးမှာ အာရုံခံနိုင်စွမ်းကောင်းတဲ့ ကိုယ်ပိုင်သားရဲလေးတစ်ကောင်ပဲ ရှိရုံပါ။ ငါတို့သာ

အဆုံးထိတိုက်ခိုက်လိုက်ရင် သူငါတို့ကို ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ဘူး။”

ခေါင်းဆောင်က သူ့ခေါင်းကိုခါလိုက်ကာ၊ “အကြမ်းဖက်လိုက်ရုံနဲ့ အရာရာကိုဖြေရှင်းမရနိုင်ဘူး။ နောက်တော့မှ၊ သူထွက်သွားပြီးကာမှ အဲ့ဒီမှာ တစ်ခုခုရှာတွေ့မလားသွားကြည့်ကြတာပေါ့။ သူသစ်ပင်တွေကို ချိုးနိုင်မှတော့ ငါတို့လဲ လုပ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် တောထဲမှာ သစ်ပင်တွေမှအများကြီးပဲကို ဘာလို့ သစ်ပင်လေးနည်းနည်းအတွက် သူနဲ့တိုက်ခိုက်နေမှာလဲ?” ခေါင်းဆောင်က စိတ်အားထက်သန်သည့်အပြုံးဖြင့်ပြုံးကာပြောလိုက်သည်။

သူနှင့်ကောင်းဖန်ကြားတွင် အခြေခံအားဖြင့် ဘာပြဿနာမှမရှိခဲ့ပေ။ ကောင်းဖန်သာ သိသာမြင်သာသည့် ရတနာကိုကိုင်ထားခဲ့မည်ဆိုလျှင် အခြေအနေမှာ ကွဲပြားသွားပေမည်။ သူလဲ ဖြစ်လာနိုင်သည့် အန္တရာယ်ရှိသောလမ်းကို ရွေးချယ်ကာ ထိုရတနာကို သူ့လက်ထဲရောက်အောင် လုပ်မည်ဖြစ်ပြီး ကိစ္စအားလုံးပြီးကာမှ ခြေရာလက်ရာများကို ဖျောက်ဖျက်ပစ်ပေမည်။

တကယ်တော့ ရရှိလာမည့်အကျိုးအမြတ်က ကိုယ်စွန့်စားတာနဲ့ထိုက်တန်ရဲ့လားဆိုတာကို ခွဲခြားဖို့ပင်။

"နားလည်ပါပြီ။" တန့်ဆန်းခေါင်းညိတ်လိုက်သည်။

စာစဉ် ၆

ထို့နောက် တခဏမျှတိတ်ဆိတ်သွားပြန်ကာ တန့်ဆန်းကပဲ ချီတုန်ချတုန်ဖြင့် ပြောလာပြန်သည်။ “ဒါပေမယ့် ဘော့စ်၊ အဲ့ဒီသစ်ပင်တွေထဲမှာ ဘာတွေရှိလဲဆိုတာ ငါတကယ်သိချင်နေတာ။”

“....ငါလဲသိချင်တာပဲ။ ဒါပေမယ့် ဒီလောက်ပဲ။ ငါတို့ရဲ့ဒီနေ့မစ်ရှင်ကို မမေ့လိုက်ကြနဲ့။ အခုတော့ အချိန်ဖြုန်းပြီးနေပြီ၊ မြန်မြန်လုပ်ကြရအောင်။”

ထိုသုံးယောက်ထွက်သွားပြီးမှပဲ ကောင်းဖန်၏တင်းမာနေသည့်အာရုံကြောများ ပြေလျော့သွားရသည်။

ရိုးရိုးသားသားပြောရလျှင် ထိုလူသုံးယောက်သာ အကြမ်းဖက်တိုက်ခိုက်လာပါက သူဘာလုပ်လို့လုပ်ရမည်မှန်း မသေချာပေ။

စာစဉ် ၆

သူ ထိုလူများကို ချက်ချင်းသတ်ပစ်ဖို့အထိ ကြံရွယ်ထားရမည်လား? ကောင်းဖန် သေချာမသိပေ။

သို့သော်လည်း ကျေးဇူးတင်စရာကောင်းစွာ ထိုလူများက သူ့ကိုပြဿနာဆက်မရှာခဲ့ကြပေ။ ဒါကတော့ အကောင်းဆုံးရလဒ်ပင်ဖြစ်သည်။

ထို့နောက် ကောင်းဖန် ဒမ်ဘီကိုအရှိန်မြှင့်စေလိုက်သည်။ နောက်ထပ် လူတွေနဲ့ထပ်တိုးနိုင်တာကြောင့် ကောင်းဖန် ဤနေရာတွင် ကြာကြာဆက်မနေလိုတော့ပေ။

နောက်ထပ်နှစ်နာရီကြာပြီးနောက်, လက်ရှိတွင် ထိုဧရိယာရှိ ဖန်ပုလင်းပင်များအားလုံးသည် ဒမ်ဘီကြောင့်ဒုက္ခသည်များကဲ့သို့လဲနေပြီး, မြေပြင်တွင်အပျက်အစီးများနှင့်

ပြည့်ကာကျန်နေခဲ့သည်။ ကောင်းဖန်သည် သစ်သားအာကာပြင်နှလုံးသားစုစုပေါင်း ၂.၁ပေါင်ကိုစုဆောင်းခဲ့သည်။

ကောင်းဖန် ကျိုးပဲ့ပျက်စီးနေသော သစ်ပင်များကိုတွေ့သောအခါ သက်ပြင်းချလိုက်မိသည်။ ၎င်းတို့အားလုံးသည် အလယ်မှထက်ပိုင်းကျိုးနေကြခြင်းဖြစ်တာကြောင့် နည်းနည်းသိသာ နေသည်။ အခုဆိုကောင်းကင်က မှောင်မဲလာပြီဖြစ်တာကြောင့် ကျန်တဲ့အချိန်တွေကို ကောင်းကောင်း အသုံးချရမည်ဖြစ်သည်။

ကောင်းဖန်သည် တဲ့ဇီကို ဘေးပတ်လည်ဧရိယာတစ်ဝိုက်တွင်ရှာဖွေရန်ခေါ်လိုက်သည်။ အလွန်လျင်မြန်စွာနဲ့ဘဲ,

စာစဉ် ၆

သူတို့သည်သစ်ကြားသီးအရွယ်လောက်ရှိသော အနက်ရောင်အသီးကိုရှာတွေ့ခဲ့သည်။ အပြင်ဘက်အခွံကို လက်နှစ်ဖက်ဖြင့်နှိုက်ကြည့်လိုက်ပြီး မာဆတ်နေသောအခွံကိုခွဲလိုက်သည်။ အခွံ၏အက်ကွဲကြောင်းများကြားထဲမှစေးကပ်သောအဖြူရောင်အမျှင်များပေါ်လာသည်၊ ကြမ်းတမ်းသောအနက်ရောင်အခွံ အောက်ပိုင်းတွင်အနီရောင်အမွေးဖွားအများအပြားရှိသည်။

ကောင်းဖန်ကထိုအမွေးများကိုဆွဲထုတ်လိုက်ပြီး ဘောလုံးလိုမျိုးလိမ့်ထည့်လိုက် ကာ သစ်ရွက်အပုံလိုက်ကြီးပေါ်တွင်တင်လိုက်သည်၊ သူကနောက်တော့ တဒ္ဓဇီကိုခေါ် လိုက်သည်။

စာစဉ် ၆

တဒ္ဓဇီကဒယီးဒယိုင်နှင့်ထလာကာ
ကောင်းဖန်သည်၎င်း၏ဦးမျှင်အစုံကိုကိုင်လိုက်သည်။
ဝိုင်ယာနှစ်ခုနှင့်ကစားသလိုဖြစ်နေပြီး
ထိုဦးမျှင်အစွန်းနှစ်ဖက်ကိုထိစပ်လိုက်သည့်အခါတွင်လျှ
ပ်စီးပေါ်လာသည်၊
တဒ္ဓဇီကသူ့သခင်သည်သူ့ရဲ့ဦးမျှင်တွေနဲ့ဆော့နေတာကိုပြ
ြင်ပြီး
၎င်းနှင့်ပိုပြီးတောက်ပလာအောင်တောင်ပြုလုပ်လိုက်ေ
ေးသည်၊ ဒါကအရမ်းကို
စူးစမ်းသိချင်စိတ်များနေသလိုခံစားရသည်။

ကောင်းဖန်ကကျေနပ်ခြင်းအပြည့်နှင့်သူ၏ခေါင်းကိုပြ
ြိမ့်လိုက်သည်၊ ၎င်းကကောင်းကောင်း
လုပ်ဆောင်နိုင်နေတာပဲ။

တာ့ဇီရဲ့လက်ရှိစွမ်းရည်ကြောင့် ၎င်းကလျှပ်စီးကိုထုတ်လွှတ်နိုင်ဖို့အတွက် မစွမ်းသေးပေ၊ အဆင့်၂၀ပြီးနောက်တွင်တော့ လျှပ်စီးစွမ်းရည်ထုတ်လွှတ်နိုင်ခြင်းသည် တာ့ဇီအတွက် ရိုးရှင်းသည့်ကိစ္စတစ်ခုဖြစ်လာလိမ့်မည်။ ၎င်းသည် အဆင့်တစ်ခုတက်ပြီးတိုင်းတွင် ဖွံ့ဖြိုးလာသောစွမ်းရည်အသစ်တစ်ခုတော့မဟုတ်ပေ။ အခုအတွက်တော့, ဦးမျှင်နှစ်ခုအစွန်းနှင့် လျှပ်စီးဖန်တီးရန်အတွက်လုံလောက်သည်။

အနီရောင်အမွေးကို ထိုအစွန်းနှစ်ဖက်၏အလယ်တွင်ထားပြီး ကောင်းဖန်သည် မီးညှိရန် ဂရုတစိုက်နှင့်ကြိုးစားလိုက်ပြီးနောက်တွင်မီးစတင်လော

င်ကျွမ်းလာတော့သည်။ အနီရောင်အမွေးသည် ကပ်ဆိုးကြီးမတိုင်ခင်က ဝါဂွမ်းလိုမျိုးဖြစ်သည်။

မီးတောက်သည် တောက်လောင်လာပြီး ၎င်း၏အောက်ရှိသစ်ရွက်များသည်တော့ လောင်စာအဖြစ်နှင့် လောင်ကျွမ်းသွားကာ မီးသည်ကြီးသထက်ကြီးလာတော့သည်။

တောမီးလောင်ကျွမ်းမှုအတွက်နှင့် လူတစ်ဦးကိုထောင်ဒဏ်ဘယ်နှနှစ်ချမှတ်တာများလဲ? ကောင်းဖန်ကစတင်စဉ်းစားတော့သည်။

ကပ်ဆိုးကြီးမတိုင်ခင်ကတော့ ဒါကသေချာပေါက်ကိုစွဲချက်တင်နိုင်သည့်ပြစ်မှုတစ်ခုဖြစ်ပေမယ့်

သူတို့ကကပ်ဆိုးကြီးအပြီးမှာထိုဥပဒေကိုဖျက်သိမ်းလိုက်ပုံရသည်။

ပထမဦးစွာ ကမ္ဘာ့မြေမျက်နှာပြင်သည်
အဆပေါင်းများစွာကျယ်လာပြီး
သစ်တောဧရိယာများသည်လည်းတိုးလာသည်။

ဒုတိယအချက်မှာ အပင်များပိုင်ဆိုင်သော
အသက်စွမ်းအားနှင့်ခုခံစွမ်းအားတို့သည်
ယခင်ကထက်ပို၍ကြံ့ခိုင်လာသည်။
ကြီးမားသောတောမီးကိုဖန်တီးရန်ရိုးရှင်းသော
မီးတောက်လေးနှင့်လက်တွေ့တွင်ပြုလုပ်၍မဖြစ်နိုင်ပါ။

သို့သော်ကျိုးပဲ့နေသောဖန်ပုလင်းပင်များ၏ခံနိုင်စွမ်းအားသည်တော့
သိသိသာသာကိုလျော့ကျသွားပြီဖြစ်သည်။

သူတို့ကအကူအညီမဲ့စွာနှင့်
မီးတောက်၏ဝါးမျိုခြင်းကိုခံလိုက်ရသည်၊
မီးတောက်၏အလင်းသည်
ကောင်းဖန်၏မျက်နှာပေါ်တွင်တောက်ပနေပြီး
အလွန်ပြင်းပြခြင်းနှင့်မဆီလျော်စွာမီးရောင်တောက်နေ
သည်။

ဖန်ပုလင်းပင်များအားလုံးမီးရှို့ခံရသည်ကို
ကိုယ်တိုင်မျက်မြင်တွေ့ရှိပြီးနောက်
ကောင်းဖန်သည်နောက်ဆုံးထွက်ခွာတော့သည်။

မီးကနောက်ထပ်မပြန့်တော့ပေ၊
သဘာဝအတိုင်းတည်ရှိနေသောမီးအမျိုးအစား
သားရဲများစွာရှိသည်။ အကယ်၍သူတို့က
မီးလုံးအနည်းငယ်ကိုတံတွေးထွေးလိုက်ရုံနှင့်

တောမီးကိုစတင်ခဲ့လျှင်
ဒီသစ်တောတွေကအလွန်ကိုသနားစရာကောင်းနေလိမ့်မ
ည်။

နောက်တော့ထိုညမှာတင်,
လူသုံးယောက်အဖွဲ့သည်ထိုနေရာသို့ရောက်လာသည်၊
လေထုသည်အခုချိန်ထိမီးခိုးနံ့များနှင့်ပြည့်နေသေးသည်၊
မြေကြီးပေါ်တွင်ထူထပ်သော ပြာမှုန်တွေကြားတွင်
ကောင်းကင်မှာကြယ်တွေလိုအလင်းရောင်ပေးနေသည့်
မီးခဲအပိုင်းအစများရှိနေတုန်းဖြစ်သည်။

မီးသည်ထိုဧရိယာတစ်ဝိုက်ကိုသာလောင်ကျွမ်းစေခဲ့
သည်၊ မမြင်နိုင်သောအင်အားအချို့က
ရပ်တန့်သွားစေသလိုပင်
ဆက်လက်လောင်ကျွမ်းရန်မဖြစ်နိုင်တော့ပေ။

စာစဉ် ၆

တန့်စန်းသည်မြေပြင်ပေါ်တွင်ပြာများဖုံးနေခြင်းကို ြ
ြည့်ပြီး စကားမပြောနိုင်ဘဲဖြစ်နေတော့သည်၊
ဒီလိုမီးရှို့ခံပြီးတဲ့နောက်တော့
သူတို့ရှာဖို့ဘာကျန်တော့မှာလဲ။
ဘယ်လောက်တောင်တော်လိုက်တဲ့ကလေးလဲ။

တန့်စန်း၏စကားမပြောနိုင်သောအမူအရာနှင့်ဆန့်
ကျင်ဘက်ပင် ခေါင်းဆောင်၏အမူအရာသည်
မှောင်မိုက်လာပြီးလေးနက်လာတော့သည်။
သူသည်မြေပြင်ပေါ်တွင်ဖုံးနေသောပြာများကိုကြည့်ပြီးေ
ေကာက်သက်ပြင်းချလိုက်သည်၊ "မေ့လိုက်တော့
ဒီနေ့ဘာမှ မဖြစ်ခဲ့သလိုဘဲနေကြတာပေါ့၊
အိမ်ပြန်ကြစို့။"

စာစဉ် ၆

“အာ?

ခေါင်းဆောင်ဒီကိစ္စကိုဒီတိုင်းဘဲထားလိုက်တော့မှာလား။

” တန့်စန်းကခေါင်းကို ကုတ်လိုက်သည်၊

“ ထားခဲ့လိုက်စမ်းပါ၊ ငါပြောတာနားထောင်။”

ခေါင်းဆောင်ကသူ့ကိုယ်ပိုင်မျက်လုံးတွေနဲ့

ဘာတွေ့ခဲ့တယ်ဆိုတာကိုယုံကြည်နားလည်သည်။

ထိုမီးရှို့ခဲ့သည့်ကောင်လေးတောင်

သူကိုယ်တိုင်မမြင်ခဲ့လောက်ဘူး။

ဒီလိုရက်စက်တဲ့ဆုံးဖြတ်ချက်သည်သူ၏ဗီဇထဲမှာကို

မြှုပ်နှံထားသည်။

ကောင်းဖန်အိမ်ပြန်ရောက်ကာ

တံခါးဖွင့်လိုက်ချင်းမှာပဲ

ကြမ်းပြင်ပေါ်တွင်ပြန့်ကျဲနေသော စွန့်ပစ်ထားသည့် သံဘူးဒါဇင်လောက်ကို တွေ့လိုက်ရသည်။

အစင်းပင့်ကူသည် သူ၏ခြေချောင်းလက်ချောင်းရှစ်ချောင်းကို လေထဲသို့မြှောက်ထားပြီး သက်တောင့်သက်သာနှင့်ကြမ်းပြင်ပေါ်တွင်လှဲနေသည်။ သူ့ခန္ဓာကိုယ်၏ဘေးတွင် အရည်လဲထားသောကျောခွံအပုံလိုက်ကြီးရှိသည်၊ အစင်းလေး၏ခန္ဓာကိုယ်သည် ကောင်းဖန်မနက်ကထားခဲ့သည့်ပုံထက် ပိုပြီးကြီးလာကာဖွံ့ဖြိုးလာသည်။

သူရဲ့သခင်ပြန်လာတာကိုသတိထားမိပြီးနောက် အစင်းလေးကသူရဲ့ခြေထောက်များကို

ပျင်းရိစွာကွေးလိုက်ပြီးနောက် သက်တောင့်သက်တာဖြင့် ဆက်ပြီးအိပ်လိုက်သည်။

***

# *အပိုင်း ၈၄ ငါတော့ ဦးထုပ်စိမ်းဆောင်းရပြီ*

ကောင်းဖန် အစင်းလေး၏ကွာကျသွားသည့် အပေါ်ခွံဟောင်းများကို ကောက်ယူလိုက်သည်။ ဝတ္ထုတွေထဲကလို သားရဲများ၏အရေခွံမှာ မှော်ဆန်သည့်အကျိုးသက်ရောက်မှုမျိုး ရှိနိုင်သည်ဟူသည့် အတွေးများကိုလဲ မတွေးမိဘဲမနေနိုင်ပေ။

နောက်တော့မှ သူစိတ်ကူးယဉ်လွန်းနေမှန်း သတိထားမိသွားသည်။ ကောင်းဖန်လဲ ကြမ်းပြင်ပေါ်ပြန့်ကျဲနေသည့် အရေခွံဟောင်းများမှဖြစ်လာသော ဖုန်မှုန်များကို

သန့်ရှင်းရေးလုပ်ကာ အချိန်အနည်းငယ်ကုန်စေလိုက်သည်။

အစင်းလေးက သူဒီနေ့အပြင်ထွက်နေတုန်း အမှန်တကယ်အဆင့်တက်အောင် လုပ်နိုင်ခဲ့မှန်း ကောင်းဖန်သိလိုက်သည်။ အစင်းလေးသည် တကယ်ကို ယခင်ထက် ပိုကြီးထွားလာသည်။ ကောင်းဖန်လဲ အစင်းလေး၏ခေါင်းကိုပုတ်ပေးကာ အားပေးစကားပြောလိုက်သည်။ “ဆက်ပြီးစား၊ ဆက်ပြီးကြီးအောင်လုပ်! မင်းထွားကြိုင်းလာပြီး ချစ်စရာကောင်းလာတဲ့အထိ စားနိုင်ရင်အကောင်းဆုံးပဲ။”

အစင်းလေး၏မျက်လုံးအိမ်များမှာ ဆက်တိုက်တောက်ပလာခဲ့ပြီး

ကောင်းဖန်၏စိတ်ထဲတွင်လဲ တတောက်တောက်အသံများနှင့်အတူ အစင်းလေး၏အတွေးများကို ကြားလာရသည်။

အွန်း! အွန်း! အွန်း!

“မင်းဝလာတဲ့အထိစောင့်ရမယ်! ပြီးမှ ငါတို့ပင့်ကူကြော်စားရတာပေါ့။”

အစင်းလေး ရုတ်တရက်ဆိုသလို တောင့်ခဲသွားတော့သည်။ သူက သနားစရာအကြည့်လေးဖြင့် သခင်ဖြစ်သူကို မျက်လုံးလှန်ကြည့်လာကြောင့် ကောင်းဖန်တောင် စမိတာလွန်သွားသလို ခံစားလိုက်ရသည်။

…….

စာစဉ် ၆

ဆီလီ၏ဆင့်ကဲတက်ဖို့အတွက် လိုအပ်သည့်ပါဝင်ပစ္စည်းအားလုံးကို စုဆောင်းပြီးပေပြီ။ သို့သော်လည်း ယခုအခါ ပါဝင်ပစ္စည်းများကို ဟင်းချက်သည့်အိုးကြီးထဲသို့ ထည့်ပြုတ်၍မရနိုင်ပေ။ ဆီလီတွင်က အားနည်းသည့်ဖွဲ့စည်းပုံမျိုးရှိတာကြောင့် ဖိစီးမှုနည်းနည်းလေးကိုတောင် မခံနိုင်၍ ပါဝင်ပစ္စည်းများကို အထူးတလည်ပြင်ဆင်ပေးဖို့ရန် လိုအပ်သည်။

ကောင်းဖန် ထလိုက်ကာ ဆီလီနှင့်အတူ အောက်ထပ်သို့ဆင်းလာပြီး မြို့လယ်မှ စတူဒီယိုရှိရာသို့ထွက်လာခဲ့သည်။ စတူဒီယိုမှာဆို ပိုမိုပြည့်စုံသည့် စမ်းသပ်ကိရိယာများရှိပေသည်။

စာစဉ် ၆

စတူဒီယိုမှာ ငါ့ရဲ့လုပ်ပိုင်ခွင့်လဲရှိတာဆိုတော့ ပစ္စည်းတွေကို ငါ့အပိုင်အဖြစ်သဘောထားလို့ရသင့်တာပေါ့။ အလုပ်ပြီးချိန်မှာ ငါ့ပစ္စည်းတွေကိုသုံးတာကို အများပိုင်ပစ္စည်းအလွဲသုံးစားလုပ်တာလို့ သတ်မှတ်လို့မရဘူးလေ၊ ဟုတ်တယ်မလား? ကောင်းဖန် ကိုယ့်စိတ်ကိုယ်ဖြေသိမ့်နေသော်လည်း အပြစ်ရှိစိတ်ကတော့ မပျောက်သွားပေ။

မြို့လယ်ခေါင်သို့ရောက်သည်နှင့် ကောင်းဖန် ကားပေါ်မှဆင်းလိုက်သည်။ အခုက ညဂုနာရီလောက်ရှိပြီဖြစ်ကာ တစ်နေ့တာ၏အလုပ်အရှုပ်ဆုံးအချိန်လဲဖြစ်သည်။ လမ်းတစ်လျှောက် ရောင်စုံမီးများက

တလက်လက်တောက်ပလို့နေကာ လူများကလဲ

ပုခုံးချင်းတိုက်မတက် တိုးကြိတ်ကာ

လမ်းလျှောက်နေကြရပြီး လွှန်စွာလူများကာ

သက်ဝင်လှုပ်ရှားလို့နေသည်။

သူနောက်ဆုံးတစ်ခေါက်

ဈေးဝယ်ထွက်တုန်းကနေဆိုလျှင်

တော်တော်ကြာသွားပေပြီ။

လူများရှုပ်ထွေးနေသည့်လမ်းကို ကြည့်ရင်း ကောင်းဖန်

စိတ်များရုတ်တရက်ဆိုသလို ပျံ့လွင့်နေတော့သည်။

သူမှတ်မိသလောက်ဆိုရင်

သူနောက်ဆုံးဈေးဝယ်ထွက်ခဲ့တုန်းက

သူ့မိဘများသက်ရှိထင်ရှားရှိနေတုန်းကပင်။

သူ့အမေဖြစ်သူက သူ့အဖေအတွက် လမ်းထောင့်မှ

အထည်ဆိုင်တွင်
ဝတ်စုံပြည့်တစ်စုံဝယ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုဝတ်စုံမှာ
မီးခိုးရောင်ဖြစ်ပြီး အခုထိ သူ့ဗီရိုထဲတွင်ရှိနေတုန်းပင်။

ဝမ်းနည်းစရာကောင်းလှသည်မှာ
သူတို့မရှိတော့တာတောင်မှ သူတို့ပစ္စည်းများကတော့
ကျန်ရှိနေခဲ့သည်။

“ကောင်းဖန်!” ကောင်းဖန် သူ့အနောက်မှ
တစ်စုံတစ်ယောက်ခေါ်လိုက်သံကို ကြားလိုက်ရသည်။

ကောင်းဖန် လျစ်လျူရှုထားလိုက်သည်။

“ပညာရှင်ကောင်းဖန်!”

စာစဉ် ၆

ကောင်းဖန် လှည့်ကြည့်လိုက်သည်။ သူ့ကိုခေါ်လိုက်သူက ကျောင်းသားလီကျီကုန်းပင်ဖြစ်သည်။

“ငါလမ်းတစ်လျှောက် မင်းနာမည်ကို ခေါ်လာတုန်းကကျ မင်းနည်းနည်းလေးတောင် လှည့်မကြည့်ဘူး။ ပညာရှင်ကောင်းဖန်လို့ ခေါ်မှပဲ လှည့်ကြည့်တယ်နော်။” လီကျီကုန်းက ကောင်းဖန်အနားသို့ကပ်လာရင်း ညည်းညူလိုက်သည်။

“ကမ္ဘာပေါ်မှာ ကောင်းဖန်ဆိုတဲ့နာမည်နဲ့ လူတွေကအများကြီးလေ။ ဒါပေမယ့် ‘ပညာရှင်’ဆိုပြီး ရှေ့မှာထည့်ခေါ်ရလောက်တဲ့ ကောင်းဖန်ကတော့ ရှားတယ်မဟုတ်ဘူးလား။” ကောင်းဖန်

ခန့်မှန်းမရနိုင်သည့် မျက်နှာအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"ဟုတ်ပါပြီ၊ မင်းနိုင်ပါတယ်။" လီကျီကုန်း မျက်စံကိုလှည့်လိုက်မိသည်။

လီကျီကုန်းဘေးတွင် သူ့တစ်မိသားစုလုံးလဲပါပေသည်။ သားရဲပျိုးထောင်သူအဖွဲ့အစည်းတွင် ကောင်းဖန်၏လုပ်ဆောင်ချက်က မျက်စိကျစရာကောင်းတာကြောင့် မေမေလီသည်လဲ ကောင်းဖန်ကို မှတ်မိနေခဲ့သည်။ ကောင်းဖန်ကို ဘယ်တော့မှမေ့မပစ်နိုင်ဘူးလို့ပြောရရင် ပိုမှန်ပေလိမ့်မည်။

စာစဉ် ၆

ထိုစဉ်တုန်းက သူမကတော့ အလယ်အလတ်အဆင့် သားရဲပျိုးထောင်သူလက်မှတ်ရဖို့ စိုးရိမ်ပူပန်နေရစဉ်တွင် သူမသား၏အတန်းဖော်ကတော့ အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူဖြစ်သွားခဲ့သည်။ သူမပင် ကောင်းဖန်က ဘာကြောင့်များတစ်ခြားတစ်ယောက်ရဲ့ကလေးဖြစ်နေရသလဲဟု တွေးကာ နှမြောမိသေးသည်။

ပေါ့ပေါ့ပါးပါးစကားပြောဆိုနေကြပြီးနောက် အမေမေလီမှာ ထွက်သွားပြီဖြစ်သည့် ကောင်းဖန်၏နောက်ကျောကို ကြည့်လိုက်ပြီးနောက် သူမသားအငယ်ကို တစ်ချက်ပြန်ကြည့်မိရသည်။ နောက်တော့မှ၊ "သွားရအောင်၊ ငါတို့ဈေးဝယ်ပြီးရင် စာအုပ်ဆိုင်ဝင်ကြမယ်။"

စာစဉ် ၆

ရုတ်တရက်ဆိုသလို လီကျိုကုန်းသည်လဲ သူ့ကို ကောင်းဖန်နှင့်နှိုင်းယှဉ်တော့မည့် မကောင်းသည့်နိမိတ်ကိုခံစားမိသွားသည်။ ထို့နောက် ကောင်းဖန်၊ ခွေးကောင်! ဟုမတွေးမိဘဲမနေတော့ပေ။

………

အလုပ်ချိန်ပြီးသွားပြီဖြစ်တာကြောင့် စတူဒီယိုသည်လဲ ပိတ်သွားပေပြီ။ ကောင်းဖန် ဓါတ်လှေကားထဲမှထွက်ကာ တံခါးဖွင့်ရန်အတွက် လက်ဗွေရာနှိပ်လိုက်သည်။ အချက်ပေးသည့်နေရာက အနီရောင်မှသည် အပြာရောင်သို့ပြောင်းလဲသွားကာ သတ္တုတံခါးကြီးက ဖြည်းဖြည်းချင်းပွင့်လာခဲ့သည်။ စတူဒီယိုတစ်ခုလုံး ရှင်းလင်းနေတာကြောင့် အနည်းငယ်ပိုကျယ်လာပုံပင်ပေါက်သည်။

စာစဉ် ၆

အတွင်းဘက်ရှိ နောက်ထပ်ကျည်ကာမှန်တံခါးအလွှာကို ဖွင့်လိုက်ပြီးနောက်တွင်တော့ တစ်ချိန်တည်းမှာပင် မျက်နှာကျက်ရှိ အလင်းဖန်ချောင်းများကပါ ပွင့်သွားပြီး စတိုဒီယိုတစ်ခုလုံးကိုလင်းထိန်သွားစေသည်။

ဆီလီက ကောင်းဖန်၏ပုခုံးပေါ်တွင်တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေကာ သူတို့ ဘေးပတ်လည်တွင်ရှိသော အရာများကိုစူးစမ်းလို့နေသည်။ ထို့နောက် ၎င်းကစတူဒီယိုပတ်လည်ကို ပျံဝဲသွားလိုက်ပြီး ကောင်းဖန်လှမ်းအော်ခေါ်သည့်အခါကျမှ သူ့ဆီသို့ပြန်လာတော့သည်၊

စာစဉ် ၆

သူ့အိတ်ထဲမှပစ္စည်းများကိုထုတ်ပြီးတဲ့နောက်, ကောင်းဖန်တစ်ယောက်တည်း အလုပ်ရှုပ်နေတော့သည်။

တချို့သောပစ္စည်းများကို အထူးနည်းလမ်းများနှင့်စီမံရန်လိုအပ်သည်။ ဥပမာအားဖြင့် အအေးခန်း,အပူချိန်မြင့်စွာနှင့်လောင်ကျွမ်းခြင်း သို့မဟုတ် အားကောင်းသောအက်စစ်များကိုသုံး၍ တိုက်စားစေခြင်းတို့ဖြစ်သည်။

နာရီဝက်အပြည့်ကြာပြီးနောက်, ပစ္စည်းအကုန်လုံးပြင်ဆင်ပြီးပြီဖြစ်သည်။

နောက်ဆုံးတော့, ပစ္စည်းများအားလုံးကိုပေါင်းစပ်၍ စိမ်းနေသောဖျော်ရည်တစ်ခွက်ကို ဖျော်ရန်အချိန်ရောက်ပြီဖြစ်သည်။

စာစဉ် ၆

ကောင်းဖန်သည်သစ်သားအာကာပြင်နှလုံးသားများကို ထုတ်၍ကြိတ်စက်ထဲသို့ထည့်လိုက်ကာ on*ခလုတ်ကိုနှိပ်လိုက်သည်။

တစ်မိနစ်ကြာပြီးနောက်တွင် ကောင်းဖန်သည်အစိမ်းရင့်ရောင်အမှုန့်များအားလုံးကို အရည်ထဲသို့ထည့်လိုက်သည်၊ ဆေးသည်အထိန်းအကွပ်မဲ့စွာပူလောင်လာတော့သည်၊ ပူဖောင်းကြီးများသည် အတွင်းမှထွက်ပေါ်လာပြီးမွှေးကြိုင်သောအနံ့ကို လေထဲသို့ထုတ်လွှတ်လိုက်သည်၊ ပါဝင်ပစ္စည်းများတွင် အဆိပ်မပါတာကြောင့် ပြောရရင် သူလဲသောက်နိုင်သည်။

စာစဉ် ၆

ကောင်းဖန်သည်သူ့ပါးစပ်ကိုမဖွင့်ခင်မှာပဲ ဆီလီကပလုတ်*ဆိုသောအသံတိုးတိုးနှင့်အတူဆေးရည်ထဲသို့ ခုန်ဝင်သွားတော့သည်။

အရည်ထဲသို့ဝင်သွားပြီးနောက် ဆီလီ၏ပုံစံသည်ချက်ချင်းပြန့်လာသည်။ ၎င်းသည်၎င်း၏ မူလခန္ဓာကိုယ်ထက်ကြီးလာပြီး အရောင်သည်လဲ ပိုပြီးကြည်လင်လာတော့သည်။ ပြောင်းလဲမှုများကိုတော့ ကြိုတင်ခန့်မှန်း၍မရနိုင်ပေ။ အလင်းသည်နူးညံ့စွာနှင့်တောက်ပနေပြီး သေးငယ်သောအရောင်စုံအစက်အပြောက်လေးများသည် ဆေးရည်ထဲတွင်အရောင် ဖျော့ဖျော့လေးလင်းလာသည်။

စိမ်းနေသောဆေးဖက်ဝင်အရည်သည် တဖြည်းဖြည်းအရောင်ပျောက်လာပြီး

စာစဉ် ၆

ဆီလီ၏အရောင်သည်အားကောင်းလာသည်။

ဆီလီပေါ်ရှိအခြားအရောင်များသည်

တဖြည်းဖြည်းနှင့်ပျောက်ကွယ်သွားပြီး

စိမ်းစိုနေသောအရောင်တစ်ခုသာကျန်ခဲ့တော့သည်။

ကောင်းဖန်ကရုတ်တရက်ထိတ်လန့်သွားသည်၊

ဆီလီ၏အကြိုက်ဆုံးနေရာသည် သူ့ရဲ့ခေါင်းပေါ်တွင်

နေရတာဖြစ်တာကြောင့် ဆိုရရင်....

သစ်သားစိတ်ဝိညာဉ်ဂျယ်လီငါး၏

ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းကိုရွေးချယ်ရာတွင် မှားယွင်

သောဆုံးဖြတ်ချက်တစ်ခုချမိလိုက်သည်ဟု

ကောင်းဖန်ရုတ်တရက် ခံစားလိုက်ရသည်။

ဆေးဖက်ဝင်အရည်သည်

၎င်း၏အရောင်အားလုံးကိုဆုံးရှုံးသွားပြီး

စာစဉ် ၆

အရောင်အားလုံးသည် သစ်သားစိတ်ဝိညာဉ်၏ကိုယ်ပေါ်သို့ကူးစက်သွားတော့သည်၊ ဆီလီက စိမ်းစိုနေသောဂျယ်လီငါးတစ်ကောင်အဖြစ်ပြောင်းလဲသွားပြီးနောက်သူအရမ်း ထိတ်လန့်သွားသည်။

တောက်ပလွန်းတယ်…

ဆီလီ၏ခန္ဓာကိုယ်သည်ဖောက်ထွင်းမြင်နိုင်သည်၊ ထို့ကြောင့်ဂျယ်လီငါးသည်လေထဲတွင်တောက်ပစွာနှင့်လင်းလက်နေသည်။

ငါဒီအရောင်ကိုမကြိုက်ဘူး,ကောင်းဖန်သူ့နှလုံးထဲကတောင်ငိုကြွေးနေပြီဖြစ်သည်၊

“မှင့်တင်ခြင်းအောင်မြင်–[သစ်သားစိတ်ဝိညာဉ်ဂျယ်လီငါး]”

စာစဉ် ၆

[မကောင်းဆိုးဝါးအမည်]–

သစ်သားစိတ်ဝိဉာဉ်ဂျယ်လီငါး

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၆(သာမန်အဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–

ပြီးပြည့်စုံခြင်းအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–နေရာလပ်, သစ်သား,

လေ

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(ပျော်ရွှင်)

[မကောင်းဆိုးဝါးအားနည်းချက်]–လျှပ်စီး, ရေခဲ

[ထူးခြားအဆင့်သို့တိုးမြှင့်ရန်လိုအပ်ချက်များ]–...

ဆီလီကာအဆင့်တိုးမြှင့်ခြင်းမှာအောင်မြင်သွားပြီဖြစ်

သည်၊

စာစဉ် ၆

ထူးခြားအဆင့်သို့မြှင့်တင်ရန်လိုအပ်သည့်ပစ္စည်းများကို
ပြည့်ပြီးနောက် ကောင်းဖန်သည်
တိတ်ဆိတ်စွာပင်ပိတ်လိုက်သည်၊
အခြားပစ္စည်းများသည်ကောင်းနေဆဲဖြစ်သော်လည်း
အခြားစိတ်ညစ်စရာကောင်းသည်မှာ
နေရာလပ်စွမ်းရည်ပစ္စည်းလို့ခေါ်တဲ့
မှော်ကောင်းကင်သဲ? ကောင်းဖန်
၎င်းကိုတစ်နေရာရာတွင်ကြားဖူးတာကို သတိရ
လိုက်ပြီး,
ဒါကအံ့သြစရာကောင်းလောက်အောင်ရှားပါးသည့်အကြောင်းကိုလဲ သိလိုက်သည်။

ပြီးပြည့်စုံသောအဆင့်သည်
ယခုလုံလောက်နေပြီဖြစ်သည်၊ အနည်းဆုံးတော့

စာစဉ် ၆

အုပ်ချုပ်သူအဆင့်သားရဲများကိုမြှင့်တင်ရန်ပြဿနာမရှိ‌ေ ပေ။

ကောင်းဖန်သည်သူသုံးခဲ့သောပစ္စည်းများကို သန့်ရှင်းရေးလုပ်ပြီးနောက်ဆီလီနှင့်ပြန်မသွားခင် ကျန်ရှိသောအမှိုက်များကိုရှင်းလင်းခဲ့သည်။

ဆီလီ၏ ပြီးပြည့်စုံသည့်အဆင့်သို့တို့မြှင်ခြင်းနှင့် အစင်းလေး၏အထူးအဆင့်သို့ တိုးမြှင့်ခြင်း ပြီးတဲ့နောက်ကောင်းဖန်သည်လဲ သူ၏ စိတ်ဝိဉာဉ်သန်မာမှုက သိသိသာသာ တိုးတက်လာသည်ဟုခံစားလိုက်ရသည်။ သူ၏ချင့်ချိန်မှုအရ ဒမ်ဘီနှင့်စာချုပ်ချုပ်ဆိုရန် အဝေးကြီးလိုသေးသည်။

စာစဉ် ၆

ဒါပေမယ့်သူကြိုးစားသရွေ့တော့

ရက်အနည်းငယ်လောက်ဘဲ ကြာပေလိမ့်မည်။

***

စာစဉ် ၆

# *အပိုင်း ၈၅ ဒေါက်တာကျောင့်*

ကောင်းဖန် အားလုံးသိမ်းဆည်းပြီး၍ အိမ်ပြန်ရောက်ချိန်တွင် ညဧနာရီပင်ကျောက်သွားပြီဖြစ်သည်။ ထိုအချိန်တွင်ပဲ သူ့ဖုန်းက ရုတ်တရက်မြည်လာခဲ့သည်။ ကောင်းဖန် သူ့ဖုန်းကိုထုတ်လိုက်ကာ ဆောက်လုပ်ရေးကုမ္ပဏီမှ ခေါ်ဆိုခြင်းဖြစ်သည့် ဖုန်းကို ပြန်ဖြေလိုက်သည်။

"ဟဲလို၊ မစ္စတာကောင်းလား?"

လွန်ခဲ့သည့်ရက်အနည်းငယ်ကနှင့်ယှဉ်လျှင် လေသံကပြောင်းလဲသွားသည်။

စာစဉ် ၆

ကောင်းဖန် ပြန်ဖြေကာ မေးလိုက်သည်။

“ဘာဖြစ်လို့ပါလဲ?”

“မစ္စတာကောင်း၊ မင်းမှာအချိန်ရှိလား? ငါတို့ဗီလာကိုသန့်ရှင်းရေးလုပ်ရန်းပြဿနာတချို့ကြုံနေရလို့၊ မင်းကိုယ်တိုင်လာကြည့်ဖို့လိုတယ်။”

“ဘာပြဿနာလဲ?” အခုချိန်က နောက်ကျနေပြီဖြစ်တာကြောင့် ကောင်းဖန် အပြင်မထွက်ချင်တော့ပေ။ “ပြောကြည့်ပါ။”

ဖုန်းတစ်ဖက်မှအသံက ရုတ်တရက်ရက်သွားပြီးကာမှ ဆက်ပြောလာခဲ့သည်။ “ဗီလာထဲမှာ ငါတို့ရဲ့ ပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အဟာန့်အတားဖြစ်စေတဲ့ မျိုးကွဲပင်တချို့ကိုတွေ့ရတယ်။

ငါတို့သာ ဒီမျိုးကွဲအပင်တွေကို မဖယ်ပစ်ဘူးဆိုရင် ငါတို့ရဲ့ပြင်ဆင်ရေးလုပ်ငန်းကို ဆက်လုပ်ဖို့မဖြစ်နိုင်ဘူး။ ဒါပေမယ့် အပင်တွေကိုဖယ်ဖို့အတွက် အဆောက်အဦးရဲ့အစိတ်အပိုင်းတွေကိုပါ ဖယ်ပစ်ဖို့လိုတာကြောင့် မင်းကိုလာကြည့်စေချင်တယ်။ ဒီလိုမှ ငါတို့အလုပ်ကိုဆက်လုပ်လို့ရမှာ။ မင်းမရှိရင် ငါတို့လဲ အိမ်မှာရှိတဲ့တချို့နေရာတွေကို မဖြိုပစ်ရဲ့ဘူး။”

ကောင်းဖန် ဘာမှပြန်မဖြေဘဲ မျက်မှောင်ကြုတ်လိုက်သည်။ အခုဆို အပြင်တွင်မှောင်မဲနေပြီဖြစ်ကာ သူလဲ မနက်ပိုင်းတွင် အတန်းတက်ဖို့ရှိသေးပေမည့် အတန်းပြီးချိန်ဆိုလျှင်လဲ ညနေ၆နာရီ ၇နာရီလောက်ဖြစ်သွားဦးမည်ပင်။

“ဟုတ်ပြီ၊ ကျွန်တော် ခဏနေလာခဲ့မယ်။”

စာစဉ် ၆

ကောင်းဖန် မသွားခင် လမ်းမှ ရုတ်တရက်တုန့်ဆိုင်းသွားရသည်။ တစ်ခုခုမှုမမှန်နေသလိုပဲ။

ဆောက်လုပ်ရေးကုမ္ပဏီက ဘာလို့ ဒီလောက်နောက်ကျမှ သူ့ကိုခေါ်ရတာလဲ? ကောင်းဖန် သွားဖို့ပြင်ရင်းနှင့် စေ့စေ့စပ်စပ်တွေးကြည့်နေကာ အောက်ထပ်သို့ရောက်ချိန်တွင်တော့ ရုတ်တရက်ရပ်တန့်လိုက်တော့သည်။

ဘယ်ဆောက်လုပ်ရေးကုမ္ပဏီကများ ညဇနာရီအထိ အလုပ်လုပ်ကြတာလဲ? အချိန်ပိုဆင်းတယ်ဆိုရင်လဲ နည်းနည်းတော့လွန်သွားပြီမဟုတ်ဘူးလား?

ပိုအရေးကြီးတာက ကောင်းဖန်ရဲ့ဗီလာက မြို့ပြင်ကျေးလက်ဘက်တွင်တည်ရှိပြီး

နေထိုင်သူအများကြီးမရှိပေ။ ကောင်းဖန် ထိုနေရာကိုရောက်သည့်အချိန်ဆိုလျှင် ညသဂဝနာရီလောက်ရှိလောက်မည်ဖြစ်သည်။ ကောင်းဖန် သတိမထားဘဲမနေနိုင်တော့ပေ။

ခဏလောက်စဉ်းစားကြည့်ပြီးနောက် ကောင်းဖန် ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို ခေါ်လိုက်သည်။ ဖုန်းက တစ်ဖက်မှလူမကိုင်ခင် ဆယ်ကြိမ်လောက်အထိ မြည်နေခဲ့သည်။ “မစ္စတာကောင်း။” ဖုန်းတစ်ဖက်မှ ယဉ်ကျေးသည့်အသံထွက်ပေါ်လာသည်။

ကောင်းဖန်၏မျက်နှာပေါ်တွင် အပြုံးတစ်ပွင့်ဖြစ်တည်လာခဲ့သည်။ “မန်နေဂျာလီ၊ ဒီညက နည်းနည်းနောက်ကျနေပြီ၊ ဘာလို့ မနက်ဖြန်အထိ မစောင့်လိုက်တာလဲ?

ခင်ဗျားရဲ့လုပ်ဖော်ကိုင်ဖက်တွေကို ခဏလောက်အနားပေးလိုက်ပါဦး။ အလုပ်ချိန်ကြန့်ကြာတဲ့အတွက် ကျွန်တော်ပဲစိုက်ရှင်းပေးပါ့မယ်။”

ဖုန်းတစ်ဖက်မှအသံက တစ်ခဏမျှတိတ်ဆိတ်လို့သွားခဲ့သည်။ “ကောင်းပြီလေ, အခုလဲနောက်ကျနေပြီပဲ။ မင်းကိုမနှောင့်ယှက်တော့ပါဘူး။”

စကားဆုံးသည့်နောက် ဖုန်းချလိုက်ကြသည်။ ကောင်းဖန်ကတော့ ဖုန်းကျသွားသည့်အသံကို သေချာနားထောင်ပြီးကာမှ တိတ်တဆိတ်ပင် သူ့ဖုန်းကို အရင်နေရာပြန်ထားလိုက်သည်။

စာစဉ် ၆

တစ်ချိန်တည်းမှာပဲ မြို့ပြင်ရှိဗီလာထဲတွင်တော့ လူရိပ်အနည်းငယ်ရှိနေသည်။ ထိုလူများထဲမှတစ်ယောက်က သူ့လက်များကို ချည်နှောင်ခံထားရသည်။ ထိုလူ၏ နဖူးထက်မှ ချွေးများစီးကျနေရင်း စိုးရိမ်ပူပန်နေပုံပေါ်သည်။ ထိုလူက ကူကယ်ရာမဲ့စွာဖြင့်ပြောလိုက်သည်။ “ညီအစ်ကိုတို့၊ ငါတကယ်ပင်ပန်းနေပြီ။ သူမလာရင် ငါလဲရွေးရာမရှိဘူးလေ။ ပြီးတော့ ငါလဲ သူ့ကိုအတင်းဖိအားပေးပြီးလာခိုင်းလို့မှမရတာ၊ မဟုတ်ဘူးလား?”

သူ့အနားတွင်တော့ ဝတ်စုံဖြူနှင့်လူငယ်လေးတစ်ယောက် မတ်တပ်ရပ်နေသည်။ လူငယ်၏ဆံပင်များမှာ

သေသပ်စွာဖြီးသင်ထားပြီး သူ့ရဲ့မျက်ခုံးတွေကတော့ အထင်ရှားဆုံးအစိတ်အပိုင်းပင်ဖြစ်သည်။ မျက်ခုံးတစ်ဖက်၏တချို့သောနေရာများမှာ ရိတ်ထားသည့်အတွက် ပျောက်နေတာကြောင့် အကိုက်ခံထားသလိုထင်ရသည်။

"ဒီကလေး ဒီလောက်ဉာဏ်ကောင်းမယ်လို့ ငါမထင်ထားမိဘူး။ တစ်ခုခုမှားနေမှန်း သူသတိထားမိသွားပုံပဲ။" အဖြူရောင်ဝတ်စုံနှင့်လူငယ်က ပြောလိုက်ပြီး ပြုံးလို့နေသည်။ "ကြည့်ရတာ သူဒီညမလာတော့လောက်ဘူး။"

ထိုအချိန်တွင်ပဲ ကတုံးပြောင်ပြောင်နှင့် ထွားကြိုင်းသည့်လူ၏လက်ထဲမှ ဖုန်းကမြည်လာခဲ့သည်။

စာစဉ် ၆

ကတုံးလူထွားကြီးလဲ ဖုန်းမျက်နှာပြင်ကို ကြည့်လိုက်ရာ မှန်သားပေါ်တွင် အသက်၃၀ခန့်အရွယ်ရှိသည့် အမျိုးသမီးတစ်ဦး၏ပုံပေါ်နေသည်။ မှန်သားပြင်ပေါ်တွင် ရေးထားသည်ကတော့ 'ဇနီး' ဆိုသည့်စကားလုံးပင်။

"ဒေါက်တာကျောင့်၊ ဒီလူရဲ့မိသားစုဝင်တစ်ယောက်က သူ့ကိုခေါ်နေတယ်။" ကတုံးလူထွားကြီးက ဝတ်စုံအဖြူနှင့်လူငယ်ကိုပြောလိုက်သည်။

ထိုလူလဲ သူ့မိန်းမက သူ့ကိုဖုန်းဆက်မှန်း ကြားလိုက်ရတော့ အမူအရာက ရှုပ်ထွေးလာကာ စိုးရိမ်တကြီးပြောလာသည်။ "အစ်ကိုကြီး၊ ငါက

ပုံမှန်ဒီအချိန်ဆို အိမ်ပြန်နေကြ၊ ငါသာ ဖုန်းမကိုင်ဘူးဆိုရင် သူသံသယဝင်သွားလိမ့်မယ်။”

ဒေါက်တာကျောင့်က ထိုလူကို ကြည့်လိုက်ကာ၊ “ကိုင်လိုက်၊ ဒါပေမယ့် မင်းဘာကိုပြောသင့် မပြောသင့်မှန်းတော့ သိရမယ်နော်။ မင်းရဲ့သေပြီးသား အရမ်းကောင်းတဲ့ဦးလေးဆီ သွားလည်နေတာလို့ ပြောရဲရင်တော့ မင်းတို့တစ်မိသားစုလုံးလဲ မင်းရဲ့အရမ်းကောင်းလှတဲ့ဦးလေးကို သွားတွေ့ရအောင် လုပ်ပေးလိုက်မယ်။” ဒေါက်တာကျောင့်၏အသံမှာ တည်ငြိမ်လှသော်လည်း ထိုလူ၏ကျောရိုးထဲအထိ အေးစိမ့်လို့သွားစေသည်။

စာစဉ် ၆

သူ့ရဲ့ကောင်းမွန်တဲ့ဦးလေးက မနှစ်ကကွယ်လွန်သွားခဲ့တာဖြစ်သည်။ ထိုလူတွေက တကယ်တော့သူ့ကိုစုံစမ်းထားကြတာပဲ။

ဒီလူတွေကဘာကြောင့်သူ့အကြောင်းတွေသိနေလဲဆိုတာသူမသိပေမယ့် လှည့်ကွက်တော့မသုံးရဲပေ။ လောလောဆယ်တော့ သူ့မိန်းမယုံအောင်လိမ်ညာပြောလိုက်သည်။

“ ကြည့်ရတာငါတို့အချိန်တွေကုန်တော့မှာပဲ။ တကယ်လို့ ငါတို့သာအလုပ်ကိုစောစောပြီးအောင်လုပ်ခဲ့ရင်… ငါဒီလိုအကြမ်းဖက်တဲ့နည်းတွေကိုတကယ်အသုံးမချချင်ပါဘူး။ ဘာဘဲဖြစ်ဖြစ် နောက်ဆုံးတော့ ငါတို့ကလူယဉ်ကျေးတွေပဲကို။”

## စာစဉ် ၆

သူစကားပြောပြီးသွားသည်နှင့်, ဒေါက်တာကျောင့်က သူ့ပါးစပ်ကိုဖုံးလိုက်ပြီး ချောင်းဖွဖွလေးဆိုးလိုက်တယ်။

“မင်းကိုအမှန်အတိုင်းပြောရရင်, ကျီဟန့်ဝူမှာမြေးတစ်ယောက်ရှိနေသေးတယ်ဆိုတာ ဘယ်သူမှထင်မိမှာမဟုတ်ဘူး။ တစ်ယောက်ယောက်ကသာ ဒီအချက်အလက်တွေကိုငါ့ဆီကို လျှို့ဝှက်မပို့ဘူးဆိုရင် ငါတို့အားလုံးသူ့မှာဆွေမျိုးမရှိတော့ဘူးလို့ ထင်ကောင်းထင်နေမှာ။

“ကျီဟန့်ဝူရဲ့မြေးဖြစ်သူအသက်ရှင်နေတယ်ဆိုတဲ့သတင်းက ပျံ့နှံ့နေတယ်ဆိုရင် ဒီခြိမ်းခြောက်မှုလေးကို ပထုတ်ဖို့အတွက် အမှောင်ထဲကလူအမြောက်အများက လှုပ်ရှား လာကြလိမ့်မယ်။”

စာစဉ် ၆

ဒေါက်တာကျောင့်ကလေးလေးနက်နက်နှင့်ပြောသည်။

“အဲ့ဒီနောက် ကျီဟန့်ဝူမှာမိသားစုမရှိဘူး၊

သူကသေချာပေါက်အသက်ကြီးလာလိမ့်မယ်၊ ဒါပေမယ့်

သူ့မြေးကတော့အရမ်းငယ်သေးတယ်။”

“စည်းစိမ်ဥစ္စာတွေကလူတို့ရဲ့စိတ်နှလုံးကိုလှုံ့ဆော်စေတယ်။” ဆိုသည့် ဆိုရိုးအတိုင်းပင် တောင်ပိုင်းကောင်းကင်အဖွဲ့က အခုအရမ်းကြီးမားတဲ့အဖွဲ့အစည်း, ပြီးတော့မတူညီတဲ့အင်အားတွေက သူတို့ရဲ့ကိုယ်ပိုင်ရည်ရွယ်ချက်နဲ့စိတ်ကူးစိတ်သန်များဖြင့် ကွဲပြားခြားနားသည့်အင်အားစုများကိုဖွဲ့စည်းခဲ့ကြသည်။

စာစဉ် ၆

“ဟမ့်, အကို,
မင်းဆိုလိုတာက…ကောင်းဖန်ကိုသတ်ဖို့? ဘာလို့ငါတို့မလုပ်တာလဲ?” ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသောလူတစ်ယောက်က မျက်မှောင်ကြုံကာမေးလိုက်သည်။ အကယ်၍ သူတို့ကကောင်းဖန်ကိုသာသတ်ချင်ရင် မလိုအပ်တဲ့လုပ်ဆောင်မှုတစ်ခုအတွက်နဲ့ ဘာကြောင့်အချိန်ဖြုန်းနေရတာလဲ၊ သူတို့ကအပေါ်ကိုတက်သွားပြီး အဲ့တာကို ပြီးအောင်လုပ်လို့ရတယ်လေ။

“ကျီဟန့်ဝူကသူ့မြေးကိုကာကွယ်ဖို့နဲ့ ပုန်းကွယ်နေဖို့အတွက်အများကြီးကြိုးစားထားတာ, သူကိုကာကွယ်ဖို့လုံခြုံရေးကိုလည်း

သေချာဂရုစိုက်ထားမှာဘဲ၊ သူ့ကိုလျှို့ဝှက်ကာကွယ်နေတဲ့လူတွေရှိတယ်ဆိုတာသေချာတယ်၊ ငါတို့ချက်ချင်း လှုပ်ရှားရင် မတော်တဆဖြစ်နိုင်ချေအရမ်းများတယ်။ ငါတို့ကျီဟန့်ဝူကိုသတိပေးမိသလိုဖြစ်သွားရင် ပြဿနာကပိုကြီးသွားလိမ့်မယ်။” ဒေါက်တာကျောင့်ကပြောလိုက်သည်၊ သူစကားဆုံးသည်နှင့်မျက်လုံးထဲတွင် ကြောက်ရွံ့မှုတစ်ခုပေါ်လာသည်။

“သေချာတာပေါ့၊ အရေးကြီးဆုံးတစ်ခုက, သူ့မြေးကိုသတ်မယ်လို့ဘယ်သူကပြောလဲ?” ဒေါက်တာကျောင့်ကအံ့ဩသွားသည်။

စာစဉ် ၆

“ကျွန်တော်မသိတဲ့ဒီကောင်လေးနဲ့တွေ့ချင်ရုံလေးပါ၊ ငါတို့သူ့ကိုသတ်လို့ဘာကောင်းကျိုးရမှာလဲ? တောင်ပိုင်းကောင်းကင်အဖွဲ့ကိုထိန်းချုပ်ဖို့ ငါတို့မှာလိုအပ်ချက်တွေရှိတယ်လို့ ခင်ဗျားတကယ်ထင်လား?”

ဒေါက်တာကျောင့်ကရီလိုက်သည်၊ “ငါက သုတေသနာပညာရှင်လေးတစ်ယောက်ပါ!”

“သူ့ရဲ့မြေးလေးကိုသတ်ဖို့! ငါတို့ကျီဟန့်ဝူရဲ့ဒေါသနဲ့ရင်ဆိုင်ရလိမ့်မယ်၊ ငါတို့တွေက ပထမဆုံးသေရမယ့်သူတွေဖြစ်ပြီး, နောက်ဆုံးအကျိုးဆောင်ပြီး ဒီနေရာကိုဝင်ပြိုင်ဖို့ လိုအပ်ချက်တွေနဲ့စွမ်းရည်တွေ အမှန်တကယ်ရှိတဲ့သူတွေဖြစ်လိမ့်မယ်။”

စာစဉ် ၆

ဒေါက်တာကျောင့်က
လက်နှစ်ဖက်ကိုနောက်သို့ပစ်လိုက်ရင်းပြောလိုက်သည်။

“အကို, ငါတကယ်ကိုနားမလည်သေးဘူး။”
ခပ်ပြတ်ပြတ်ပြောသောလူကခေါင်းကိုယမ်းပြလိုက်သည်
။

ဒေါက်တာကျောင့်ကသက်ပြင်းချလိုက်သည်၊
ဒီငတုံးတွေနဲ့စကားပြောရတာပင်ပန်းတယ်။

“မင်းတကယ့်အကြောင်းအရင်းကိုသိစရာမလိုပါဘူး။
မင်းသိရမှာက ကောင်းဖန်က ဘယ်သူဘယ်ဝါဆိုတာက
ငါတို့ရဲ့အားသာချက်ဘဲ။ ဒါကစေ့စပ်ညှိနှိုင်းတဲ့နေရာမှာ
ကျီဟာန်နဲ့ဝူအပေါ်မှာရှိတဲ့ငါတို့အားသာချက်။ ဒါ့အပြင်
ငါဒီကောင်လေးကို တကယ်စိတ်ဝင်စားတယ်၊

ငါကြားတာသူကသားရဲပျိုးထောင်သူညာဏ်ကြီးရှင်လေး တဲ့၊ ဒါပေမယ့် ဆိုးတာကငါတို့သူ့ကိုတွေ့လို့မရဘူး။”

ဒေါက်တာကျောင့် ချန်ထားသည့်ပို၍လေးနက်သော အကြောင်းအရင်းရှိသည်။

ဒေါက်တာကျောင့်၏သုတေသနအဖွဲ့အစည်းသည် တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့ထိပ်ဆုံးမဟုတ်ပေ။ ဒါ့အပြင် သုတေသနအဖွဲ့အစည်းများအပြင် အဲ့ဒီမှာလုံခြုံရေးအဖွဲ့များ,စသည်ဖြင့်ရှိသေးသည်၊ အကယ်၍တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့ အမွေဆက်ခံသူ ကွယ်ပျောက်သွားလျှင်တောင်မှ သူနှင့်ကအလွန်ဝေးနေသေးသည်၊ ဒါကြောင့်သူရှေ့ကိုရောက်လာတာကအချက်အလက် တွေကိုစုဆောင်းဖို့ဘဲ။

စာစဉ် ၆

ဘာပဲဖြစ်ဖြစ် ကောင်းဖန်ကို တစ်နေ့မှာနန်းတက်မဲ့ မင်းသားလေးအဖြစ်သတ်မှတ် ထားတာက မှားလိမ့်မည်မဟုတ်ပေ။

အကယ်၍သူ့မှာနက်ရှိုင်းပြီး အံ့သြစရာကောင်းတဲ့စွမ်းရည်တွေကိုပိုင်ဆိုင်ရင်, ဖြစ်နိုင်တာက သူလဲနေရာအတွက်လောင်းကြေးထပ်ထားမှာဘဲ။

ဒေါက်တာကျောင့်ကအပြုံးမမည်တဲ့အပြုံးကိုပြုံးလိုက်သည်။ သူကကောင်းကင်ကို မော့ကြည့်လိုက်ပြီးပြောလိုက်သည်, “အချိန်ကျပြီ၊ ကျီဟန့်ဝူရဲ့လူတွေဒီမှာရှိနေ လောက်ပြီ။”

ဘေး၌ချည်ထားသောလူက အလွန်ကိုဖျော့တော့လို့နေသည်။

စာစဉ် ၆

သူမသိသင့်သည့်သတင်း

အချက်များကိုသိလိုက်ရသည့်အတွက် သူသေမှာလား?

သူသေမှာလား...

"လူသတ်မှု" နှင့် "တိတ်တဆိတ်" ဆိုသောစကားများသည်သူ့စိတ်ထဲတွင်စွဲထင်နေ သည်။

ဒေါက်တာကျောင့်က ထိုလူကိုတစ်ချက်ကြည့်လိုက်ပြီး သူ့လက်နှင့်ရိုက်လိုက်သည်။

အနက်ရောင်နှင့်အဖြူရောင်လိပ်ပြာက သူရဲ့အဖြူရောင်အင်္ကျီထဲမှထွက်လာသည်၊ အရင်က, ထိုလိပ်ပြာကသူ့ရဲ့အင်္ကျီရင်ဘတ်နားတစ်ဝိုက်မှာနားနေပြ ြီး, အသက်ရှိကာ ပန်းထိုးထားသည်နှင့်ပင်တူသည်။

စာစဉ် ၆

လိပ်ပြာသည်ချည်ထားသောလူ၏ခေါင်းပေါ်တွင် မီးရောင်တောက်နေကာအဖြူရောင် ဖော့စဖောရပ်အမှုန့်ကိုဖြူးချလိုက်သည်။ ထိုအမှုန့်သည် ထိုလူ၏ခန္ဓာကိုယ်နှင့်ထိစပ်သည့်နေရာတိုင်းသို့ ဖြေးညင်းစွာနှင့်စိမ့်ဝင်သွားသည်။ ထိုအမှုန့်တွေစိမ့်ဝင်သွားပြီးတဲ့နောက် ထိုလူလဲမေ့မြောသွားတော့သည်။

ကျယ်လောင်သည့် မိုးခြုန်းသံတစ်သံထွက်ပေါ်လာခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းသည့်အရိပ်တစ်ခုက ကောင်းကင်ပေါ်၌တောက်ပနေပြီး ကောင်းကင်၌အသံလှိုင်းပေါက်ကွဲမှုကိုဖြစ်ပေါ်စေသည်။

စာစဉ် ၆

ဒေါက်တာကျောင့်၏မျက်နှာအရောင်ပြောင်းသွားပြီး သူ့ရဲ့ယုံကြည်မှုရှိသောအပြုံးသည် ရုတ်တရက်အေးခဲသွားတော့သည်၊ သူကနာကျင်သွားသည့်ပုံနှင့်ပြောလိုက်သည်၊

“သူ…သူကကိုယ်တိုင်လာတာဘဲ”

***

## *အပိုင်း ၈၆ ကျီဟာန့်ရူ*

ချန်အန်း၏စစ်တပ်နယ်မြေထဲတွင် ထူးခြားသောပုံပန်းသဏ္ဍာန်နှင့် အဆောက်အဦးတစ်ခုသည် တောင်ကုန်းတစ်ခုပေါ်မှာတည်ရှိသည်။ ထိုအဆောက်အဦးသည် အနည်းဆုံး၂၀၀မီတာခန့်မြင့်ကာ ထောက်တိုင်ကြီးတစ်ခုလို တည်ရှိနေသည်။

ထိုအဆောက်အဦး၏အလည်တန်းများတွင်တော့ မျက်လုံးများပိတ်ထားသည့် ရွှေရောင်နတ်သိမ်းငှက်တစ်ကောင်ရှိနေသည်။ ၎င်းက အနားယူနေရာမှ ရုတ်တရက်ဆိုသလို

မျက်လုံးများပွင့်လာကာ ရွှေရောင်တောက်ပနေသည့်အတောင်ကြီးလဲပေါ်လာခဲ့သည်။ ၎င်းက တောင်အရပ်သို့ စူးစိုက်ကြည့်နေကာ ကြည်လင်ပြတ်သားသည့် အော်သံတစ်သံအော်လိုက်ကာ စစ်စခန်းအပေါ်ရှိ ကောင်းကင်ယံကို တဟုန်ထိုးတုန်ခါသွားစေသည်။

“ဘာဖြစ်တာလဲ? မီးကျီနက်သစ်တောထဲက လူဝံကြီးထွက်လာလို့လား?”

“မဟုတ်ဘူး၊ ကြည့်ရတာ ရွှေရောင်နတ်ဘုရားက တစ်ခုခုတွေ့သွားပုံပဲ။ မြန်မြန်လေး သွားစုံစမ်းကြ။”

“ဘာမှစုံစမ်းစရာမလိုဘူး။ အဲ့ဒါ တောင်ပိုင်းကောင်းကင်အဖွဲ့ကလူပဲ။ သူချန်အန်းကိုရောက်လာတာပဲ။” ဟု

စာစဉ် ၆

စစ်ဝတ်စုံဝတ်ဆင်ထားသည့် ဆံပင်ဖြူဖြူအဖိုးကြီးတစ်ယောက်က ချောင်းဆိုးရင်း အနောက်မှထွက်လာခဲ့သည်။

“အဲ့လူက ဘာလို့ ဒီလောက်နောက်ကျမှ ချန်အန်းကိုရောက်လာတာလဲ? သူတို့ဌာချုပ်က ယွီမြို့မှာမဟုတ်ဘူးလား?”

“စိုးရိမ်စရာမလိုဘူး။ ပုံမှန်အတိုင်း သတိပေးတဲ့အသံပါ။” အဖိုးကြီးက ပြန်ပြောလိုက်သည်။ ထိုအဖိုးကြီးသည် လူအများလေးစားခြင်းကိုခံရပြီး ဆုံးဖြတ်ချက်များလဲ ချနိုင်ပုံပင်။

………..

အလွန်ကြီးမားရှည်လျားသည့် အဖြူရောင်ပုံရိပ်တစ်ခုသည် ကောင်းကင်ပေါ်တွင် ပျံဝဲနေကာ ရုတ်တရက်ဆိုသလို အောက်သို့ထိုးဆင်းလာခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် မြက်ပင်များနှင့်သစ်ပင်များမှာ ယိမ်းခါနေတော့သည်။

ထိုအလွန်ကြီးမားရှည်လျားသည့်ပုံရိပ်ကြီးသည် နဂါးတစ်ကောင်နှင့်တူသော်လည်း နဂါးလဲမဟုတ်သလို မြွေလဲမဟုတ်ပေ။ ၎င်း၏လည်ပင်းတွင် လည်ဆံမွေးဖြူများအပြည့်ရှိပြီး ဦးခေါင်းတွင်တော့ ဦးချိုမရှိပေ။ သူ့ခန္ဓာကိုယ်အောက်တွင်တော့ ချွန်ထက်သည့်လက်သည်းသုံးချောင်းစီပါသည့် ရှေ့လက်တစ်စုံရှိသည်။

ငင်း၏အသွင်အပြင်တစ်ခုတည်းကနေကို မြွေဟုသတ်မှတ်၍မရတော့ဘဲ နဂါးအဖြစ်ဆင့်ကဲပြောင်းလဲလာသည့်ပုံပင်။ ငင်းကို ရေနဂါးဟုခေါ်ဆိုမည်ဆိုလျှင်တော့ ကျိုးကြောင်းမညီညွတ်ရာမကျလောက်ပေ။

ကြီးမားသည့်လက်သည်းကြီးများသည် ပြင်းပြင်းထန်ထန် ကျဆင်းလာပြီး အောက်ဘက်ရှိလူများပေါ်သို့ သေခြင်းတရားအငွေ့အသက်များပင် လွှမ်းခြုံသွားစေသည်။ လက်သည်းများဖြင့် ဖိနှိပ်ခံရမည့်ဧရိယာထဲတွင် မြေပြင်ပေါ်၌ သတိလစ်နေသည့်အမျိုးသားကလဲ အပါအဝင်ပင်။

စာစဉ် ၆

သေစေလောက်သည့် ခြိမ်းခြောက်မှုကြီးက သူတို့၏ကျောဘက်များပေါ်သို့ နီးကပ်လာတော့သည်။

ဒေါက်တာကျောင့်က ချက်ချင်းပင် မြေပေါ်ဒူးထောက်ချလိုက်ကာ အော်ဟစ်လိုက်တော့သည်။

"ငါ့မှာကောင်းဖန်ရဲ့ကလေးရှိတယ်။"

အောက်သို့ဆက်ဆင်းလာသည့် ကြီးမားသည့်လက်သည်းကြီး၏လားရာသည် လမ်းတစ်ဝက်မှာပင် လမ်းကြောင်းပြောင်းသွားကာ ဘေးရှိမြေပြင်ပေါ်သို့ ရိုက်ခတ်မိပြီး ၎င်း၏လက်သည်းများအတိုင်းအတာအတိုင်း အောက်ဘက်ရှိသစ်ပင်များအားလုံးကို ကျိုးပဲ့သွားစေတော့သည်။ ကျန်သည့်နေရာများကိုတော့

လေကြမ်းများတိုက်ခတ်သွားစေကာ

လူတိုင်း၏မျက်နှာမှာ ဖြူရော်သွားတော့သည်။

ဒေါက်တာကျောင့်ကဆက်ပြီး၊

“အုပ်ချုပ်သူဥက္ကဋ္ဌကြီး၊ ကျွန်တော်

ကောင်းဖန်အကြောင်း ဘယ်သူ့ကိုမှမပြောရသေးပါဘူး။

ဒါပေမယ့် ကျွန်တော် ပရိုဂရမ်တစ်ခုဆင်ထားတယ်။

ကျွန်တော်သာ အချိန်မှီကုဒ်မထည့်ခဲ့ရင်

ပရိုဂရမ်ကနေပြီး

ကောင်းဖန်နဲ့ပတ်သတ်တဲ့သတင်းတွေကို

တောင်ဘက်ကောင်းကင်အဖွဲ့သားတိုင်းရဲ့ဖုန်းတွေဆီ

တန်းပို့ပေးလိုက်မှာ။ ကျွန်တော်ကတော့

အချိန်မရွေးပရိုဂရမ်ကို ဖျက်ပစ်နိုင်တယ်။”

ဒေါက်တာကျောင့်က

စာစဉ် ၆

သူသာနည်းနည်းလေးတုံ့ဆိုင်းသွားလျှင် ချက်ချင်းအသတ်ခံရတော့မည်အား အလျင်အမြန်ပြောလိုက်သည်။

အဖြူရောင်ရေနဂါး၏ကျောပေါ်မှ သန့်မာသည့်လူတစ်ယောက်က မြေပေါ်သို့ ခုန်ဆင်းလာခဲ့သည်။

ထိုလူသည် အဖြူရောင် ဟန်းဖုကို လျော့တိလျော့ရဲဝတ်ဆင်ထားကာ သူ့ရဲ့ ပုခုံးပြင်ကျယ်ကြီးများက တောင်ကုန်းနှစ်ခုနှင့်ပင်ဆင်တူပြီး သူ့ရဲ့နှင်းဖြူရောင်မျက်ခုံးများအောက်ဘက်ရှိ မျက်ဝန်းတစ်စုံသည်တော့ သိမ်းငှက်တစ်ကောင်လို စူးရှလို့နေသည်။

ထိုလူက မနေ့းမမြန်ခြေလှမ်းများဖြင့် လျှောက်လှမ်းလာကာ သူတို့နှလုံးပေါ်သို့ နင်းလျှောက်ခံလာရသလိုပင် ခံစားရသည်။

ဒေါက်တာကျောင့်၏ညီနှင့်ကတုံးလူကြီးကတော့ ထိုလူ၏အကြည့်များကြောင့် ရှင်းပြ၍မရနိုင်လောက်သည့် အပြစ်ရှိသလိုခံစားချက်မျိုးကို ခံစားနေရသည်။

ကျီဟာန့်ဝူက သူတို့ကို အေးဆေးစွာကြည့်နေကာ သူ့အမူအရာကိုကြည့်ရုံဖြင့် သူ့စိတ်အခြေအနေကို ဘယ်သူမှမပြောနိုင်ပေ။ “မင်းအခုဏာက ဘာပြောလိုက်တာလဲ?”

“အုပ်ချုပ်သူဥက္ကဋ္ဌကြီး၊ ကျွန်တော် အရမ်းစိတ်လှုပ်ရှားပြီး အဓိပ္ပါယ်မရှိတာတွေ

ပြောလိုက်မိတာပါ။ ကျွန်တော် ကောင်းဖန်ကို တစ်ခါမှတောင် မမြင်ဖူးပါဘူး။ သူ့အကြောင်းကိုပဲ ကြားရုံကြားဖူးတာပါ။" ဒေါက်တာကျောင့် နေရက်ခက်စွာရယ်မောလိုက်သည်။ သူ့မှာအများကြီးပြောဖို့ အချိန်မရလိုက်ပေ။ သူ့စကားမဆုံးခင်မှာပဲ အသတ်ခံလိုက်ရနိုင်တာကို။ ကောင်းဖန်၏လိင်စိတ်တိမ်းညွတ်မှုသည် သာမာန်သာဖြစ်ပြီး သူအစောကပြောလိုက်သည့်အရာကတော့ သူ့အသက်ကိုကာကွယ်ဖို့ ပေါက်ကရပြောလိုက်ခြင်းသာဖြစ်သည်။

"ဟုတ်ပြီလေ။" ကျီဟာန့်ဝူ စိတ်သက်သာရာရသွားသည်။ သူ့မှာ

အစောတုန်းကစကားကြောင့် သူ့မြေးဖြစ်သူက ထူးထူးဆန်းဆန်းတွေလုပ်ထားသည်ဟုတောင် တွေးလိုက်မိလုနီးပါးပင်။ ကံကောင်းထောက်မ၍ ထိုစကားက အမှန်မဟုတ်ခဲ့ပေ။

“မင်းကို ဒီအကြောင်းတွေ ဘယ်သူပြောပြတာလဲ?” ကျီဟန့်ဝူ ဒေါက်တာကျောင့်၏မျက်လုံးများကို စိုက်ကြည့်ကာ မေးလိုက်သည်။

ဒေါက်တာကျောင့် တုံ့ဆိုင်းနေကာ မထုတ်ဖော်လိုပုံပေါက်သည်။

“မင်းမပြောချင်လဲ ထားလိုက်ပါတော့။ လူတိုင်းမှာ သူတို့ဆန္ဒနဲ့သူတို့ရှိကြတာပဲ၊ ငါအတင်းဖိအားမပေးပါဘူး။”

စာစဉ် ၆

“အတွင်းရေးမှူးလျှိုပါ။” ဒေါက်တာကြောင့် တုံ့ဆိုင်းစွာဖြင့် တိုတိုရှင်းရှင်းပင် ပြောလိုက်သည်။

“ကောင်းပြီ, မင်းအလုပ်ကောင်းကောင်းလုပ်နေတာမြင်ရမှတော့ မင်းကိုအချိန်ကောင်းလေးပေးရတာပေါ့။” ကျီဟာန့်ဝူက လှည့်လိုက်ပြီးအဝေးသို့လမ်းလျှောက်သွားရင်းပြောလိုက်သည်။

ဒေါက်တာကျောင့်မှာ ချောက်ကမ်းပါးစွန်းတွင် ရပ်နေရသလိုခံစားလိုက်ရသည်။ ဒါကသူမျှော်လင့်ထားသလိုမဟုတ်ဘူး! “အုပ်ချုပ်သူဥက္ကဋ္ဌကြီး, ကျွန်တော်ကထောက်ပံ့ကြေးငွေကိုပိုပြီးလိုချင်တာပါ…”

အဖြူရောင်ရေနဂါးကတိတ်ဆိတ်စွာနှင့် ကျီဟာန့်ဝူ၏နောက်တွင်နေနေပြီး

ရက်စက်စွာနှင့်ဟန်ဆောင်ကာပြုံးပြလိုက်ပြီး,
သူ့ရဲ့ဖြူဖွေးနေတဲ့သွားတွေကိုပြလိုက်သည်။

“မဟုတ်ဘူး!”
ဒေါက်တာကျောင့်နောက်ဆုံးမြင်လိုက်ရတာက
နီးကပ်လာသည့် လက်သည်းများပင်ဖြစ်သည်။

ကျိဟန့်ဝူသည်သူ၏ဘယ်လက်ကိုဆုပ်ကိုင်လိုက်သ
ည်နှင့် သူ့လက်မောင်းတွင်
အနက်ရောင်လက်ပတ်တစ်ခုပေါ်လာသည်။
သူ့လက်ဖွေဖြင့် ထိုအရာကိုထိလိုက်သည်နှင့်
အနီရောင်အလင်းများပေါ်လာသည်။

“ဥက္ကဌကြီး”
ထိုလက်ပတ်မှအသံတစ်ခုထွက်ပေါ်လာသည်၊

“ကျောင့်ရှိလုန်ကိုစုံစမ်း၊
သူကအစီအစဉ်တစ်ခုကိုစီစဉ်ထားတယ်၊

မင်းအစီအစဥ်ကို ရှာနိုင်ရင်အဲ့တာကိုဖျက်ပစ်၊ အကယ်၍မင်းမလုပ်နိုင်ရင်ငါ့ကိုအသိပေး။” ကျီဟန့်ဝူက တည်ငြိမ်စွာနှင့်ပြောလိုက်သည်။

ကျီဟန့်ဝူကအစီအစဥ်၏လုပ်ဆောင်မှုနှင့်ပတ်သတ်၍ ဘာကိုမှမပြောလိုက်ပေ။ ၎င်းက မည်သည့်အစီအစဥ်နှင့်အမျိုးအစားဖြစ်ကြောင်းကိုလည်း မပြောလိုက်ပေ။ ထိုညွှန်ကြားချက်ကိုကြားသောအခါ တစ်ဖက်ကချက်ချင်းပင်မဆိုင်းမတွနှင့် လှုပ်ရှားလာတော့သည်။

ကျီဟန့်ဝူသည်သူ့နောက်မှငိုကြွေးသံများနှင့် သူ၏အစာကိုကြိတ်ဝါးနေသော ကြီးမားသည့်သားရဲကိုကြည့်ကာ အသံတွေကိုနားထောင်ရင်းတည်ငြိမ်နေသည်။

စာစဉ် ၆

သူကသူ့လက်နှစ်ဖက်ကို အနောက်သို့ပို့လိုက်ပြီး အတိုင်းအဆမရှိသောနဂါးငွေ့တန်းကြီးကိုကြည့်လိုက်သည်။

ကျိုဟန့်ဝူသည်ဘယ်နည်းနဲ့မှခြိမ်းခြောက်၍မရနိုင်ေ ေ။

ဒါဆို တကယ်လို့များ
အဲ့အစီအစဉ်ကိုသူရှာမတွေ့ခဲ့ဘဲ
သတင်းကပေါက်ကြားသွားမယ်ဆိုရင် ဘာဖြစ်သွားမလဲ?
ကောင်းဖန်ကသူ့ရဲ့မြေးဖြစ်သည်၊
သူကတောင်ပိုင်းကောင်းကင်အဖွဲ့၏
မင်းသားလည်းဖြစ်သည်၊
ဒါကမပြောင်းလဲနိုင်တဲ့အမှန်တရားတစ်ခုပင်။
ဘယ်သူကမှပြီးတော့
ဘယ်ခွန်အားနဲ့မှဧရင်းကိုပြောင်းလဲလို့မရနိုင်ပေ။

စာစဉ် ၆

အဆိုးဆုံးအခြေအနေမှာ သူ ဒီအကြောင်းကို စောစောစီးစီး အများပြည်သူတွေကိုကြေငြာဖို့လိုအပ်သည်၊

“ငါကဒီလိုရိုးရှင်းတဲ့ကမ္ဘာကြီးကိုဘဲကြိုက်တယ်။” ကျီဟန့်ဝူကသက်ပြင်းချရင်းပြောလိုက်သည်။

ဖန်အာသည် ဘာဘဲဖြစ်ဖြစ်အသက်ဆယ့်ရှစ်နှစ်သာရှိသေးသည်။ သူကပိုပြီး အခြေခံကျသော ကိုယ့်ကိုကိုယ်ကာကွယ်နိုင်သည့်စွမ်းရည်များကို ပိုင်ဆိုင်ထားသော သားရဲများနှင့်လည်းစာချုပ်ချုပ်ထားသည်။

ကပ်ဆိုးကြီးပြန်ပေါ်လာပြီးတဲ့နောက်, သူကနိုင်ငံခြားကကျွန်းတစ်ခုမှာပိတ်မိနေခဲ့ သည်။ ကျွန်းထဲမှာသူနှင့်အတူပိတ်မိနေတဲ့လူတွေကလည်း

သူ့ရဲ့အယုံကြည်ရဆုံး
လူယုံလက်ထောက်တွေများစွာပါဝင်သည်။

ထိုကျွန်းက
အပူပိုင်းပတ်ဝန်းကျင်ဖြစ်ပြီးသားဖြစ်သည်။
၎င်း၏ဘေးပတ်လည်တွင်
ပင်လယ်ဖြင့်ဝန်းရံထားသောကြောင့်
ထိုအခက်အခဲကိုစိတ်ကူးကြည့်နိုင်သည်။
အကယ်၍ကျွန်းမြို့လေးက
သာမန်အခက်အခဲလို့ပြောလျှင်, ဒါဆိုထိုနေရာသည်ငရဲ
စခန်း၏အခက်ခဲအစပင်ဖြစ်လိမ့်မည်။
နောက်ဆုံးတွင်တော့, ထိုကျွန်းတွင်စစ်တပ်မရှိ ပေ။

ဘယ်လိုဘဲဖြစ်ဖြစ်, ကောင်းကင်ကြီးက
သူ့ကိုဘယ်တော့မှမစွန့်ပစ်ခဲ့သလို အမြဲတမ်း
ထွက်ပေါက်ရှိခဲ့သည်။ ကျီဟန့်ဝူသည်
နောက်ပိုင်းတွင်ကံကောင်းသွားပြီးအခွင့်အရေးရခဲ့သည်၊

စာစဉ် ၆

သူသည်
သူ၏သားရဲများကိုအဆက်မပြတ်လေ့ကျင့်ပေးနေစဉ်
ကျွန်းပေါ်တွင်
အသက်ရှင်ကျန်ရန်သူရဲ့အံ့ဩဖွယ်ကောင်းချီးပေါ်တွင်မှီခို
နေရသည်။

တစ်နှစ်အကြာတွင် အိမ်လွမ်းနေတဲ့ကျီဟန့်ဝူက
သူ့ရဲ့ယုံကြည်ရတဲ့လက်ထောက်တွေနဲ့အတူ
ပြည်ပကျွန်းမှထွက်ခွာလာခဲ့တော့သည်။
သူ့ကိုကြိုဆိုနေသောအရာကတော့ ပြောင်းလဲသွားသော
တောင်ပိုင်းကောင်းကင်အဖွဲ့အစည်းနှင့်အတူ
သူ၏သမီးနှင့်သမက်သေဆုံးမှုတို့နှင့် ပတ်သတ်နေသည့်
ဝမ်းနည်းစရာကောင်းသည့်သတင်းဖြစ်သည်။
အစပိုင်းမှာ သူ
ကောင်းဖန်ကိုသွားခေါ်ဖို့အတွက်စဉ်းစားခဲ့သည်။
ဒါပေမယ့်သူပြန်လာတာကြောင့်

တောင်ပိုင်းကောင်းကင်အဖွဲ့ဟာပရမ်းပတာဖြစ်သွားခဲ့သည်။ ဆိုရိုးစကားအတိုင်း လူတစ်ယောက်သည်ရက်ပေါင်း၁၀၀၀အထိသူခိုးဆက်တိုက်ရှိနေရင်ဘယ်သူမှသူခိုးကိုရက်၁၀၀၀ရက်လောက်ခုခံကာကွယ်နိုင်မှာမဟုတ်ဘူး ။

အသက်၁၈နှစ်မတိုင်ခင် သွေးစာချုပ်ချုပ်ဆိုခြင်းသည် လူတစ်ဦး၏အလားအလာစွမ်းရည်ကို ထိခိုက်စေသောကြောင့် အသက်၁၈နှစ်မပြည့်မီအခြားအရာများနှင့်ရင်ဆိုင်ရမည်ဆိုလျှင် ကောင်းဖန်အတွက် သူ့ကိုယ်သူကာကွယ်ရန်နည်းလမ်းမရှိပေ။

ထို့အပြင်သူ၏သမီးနှင့်သမက်သေဆုံးခြင်းသည် ကောင်းဖန်အကြောင်း သတင်းများကို ဖုံးလွှမ်းသွားခဲ့သည်။ ကျီဟာန့်ဝူသည်

ရေစီးနှင့်အတူလိုက်ပြီး ကောင်းဖန်ကြီးပြင်းလာစေရန် ကျန်ရှိသောသဲလွန်စများကို ရှင်းလင်းရန်သူ့လူများကိုစေလွှတ်ခဲ့သည်။

စိန်ကိုသိုဝှက်ထားရန်အကောင်းဆုံးနည်းလမ်းမှာ ၎င်းကိုမီးခံသေတ္တာထဲတွင်သော့ခတ်ရန်မဟုတ်ဘဲ ဖန်ထည်လက်ဝတ်ရတနာအများစုများကြားထဲတွင် ဝှက်ထားရန်ဖြစ်သည်၊

ကျီဟန့်ဝူလှည့်ကြည့်လိုက်တော့ မြေပြင်ကသန့်ရှင်းနေပြီဖြစ်သည်။ ဘာဆိုဘာမှကိုမကျန်ခဲ့ဘူး၊ ...*

ကောင်းဖန်နေထိုင်သောနေရာသည် ချန်အန်းမြို့၏မြို့လယ်ခေါင်နေရာနှင့်သိပ်မဝေးပေ။

သူကအကြာကြီးတိတ်ဆိတ်သွားခဲ့ပြီး နောက်ဆုံးတွင်တော့

စာစဉ် ၆

ကျီဟန့်ဝူသည်ကောင်းဖန်ထံသို့မသွားခဲ့ပေ။ ဖန်အာ၏ပင်ကိုစွမ်းရည်သည် သူမျှော်မှန်းထားသည်ထက်ကျော်လွန်နေသည်ကို သူသိခဲ့ရသည်။

အဖွဲ့အတွင်းမှအင်အားများသည် တဖြည်းဖြည်းတည်ငြိမ်လာသော်လည်း လွတ်လပ်စွာသင်ယူခြင်းနည်းလမ်းသည် လူတစ်ဦး၏ကောင်းမွန်သောစွမ်းရည်ကို ပို၍ကောင်းမွန်စေ သည့်,ထို့ကြောင့် ကျီဟန့်ဝူသည်အလောတကြီးမလုပ်လိုပေ။ မှန်ကန်သောအချိန်တွင် အချိန်မှန်သာပေါ်လာရန်သာ သူ့အတွက်လုံလောက်သည်။ ရင့်ကျက်ခိုင်မာသောနှလုံးသားနှင့်ဝိဥာဉ်သည် ရရှိနိုင်သောမည်သည့်အရာထက်မဆိုအလွန်အဖိုးတန်သည်။

# စာစဉ် ၆

***

## *အပိုင်း ၈၇ ကျောင်းမှပြဿနာ*

ကောင်းဖန်သည်တော့
မြို့စွန်တွင်ဘာတွေဖြစ်ပျက်သွားသလဲကို မသိခဲ့ပေ။
ထို့အပြင် သူ့အဖိုးက သူဝယ်ထားသည့်ဗီလာအပြင်တွင်
မနေ့ညက ပေါ်လာခဲ့သည့်အကြောင်းကိုလဲ မသိပေ။

နောက်တစ်နေ့မနက်ခင်းမှာတော့
ကောင်းဖန်နိုးလာကာ မနက်စာပြင်ဆင်ခဲ့သည်။
မွှေးပျံ့လှသည့် ရေညှိနံ့ရိုးဟင်းချိုအနံ့က
ညှော်ခန်းထဲသို့တိုင် ပျံ့လွင့်သွားသည်။

တာ့ဇီမှာ စိတ်လှုပ်ရှားစွာဖြင့်နိုးထလို့လာခဲ့သည်။
ရင်းနှီးနေသည့်အနံ့အသက် ရင်းနှီးနေသည့်ဟင်းလျာပဲ။
တာ့ဇီသည် မီးခိုးချောင်ထဲသို့ လျှောက်သွားကာ

လမ်းတစ်လျှောက်လဲ သူ့ခြေထောက်များကို စိတ်လှုပ်ရှားစွာလှုပ်ခါနေခဲ့ပြီး သူ့သခင်ဖြစ်သူကို စိတ်လှုပ်ရှားနေသည့် အကြည့်များဖြင့် ကြည့်လို့နေသည်။

အစင်းလေးသည်လဲ အရသာရှိသည့်အနံ့ကိုရလိုက်တာကြောင့် မီးဖိုခန်းထဲသို့ ခုန်ပေါက်ကာဝင်လာသော်လည်း သူ့လမ်းရှေ့တွင် တာ့ဇီက ပိတ်ရပ်နေကာ ရက်စက်သည့်အကြည့်များဖြင့် ကြည့်နေသည်ကိုသာ တွေ့လိုက်ရသည်။

အစင်းလေးမှာ ကြောက်လန့်သွားကာ နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်ပြီး အသံတိုးတိုးနှင့်ငိုတော့မလိုဖြစ်နေသည်။

စာစဉ် ၆

တာ့ဇီက အစင်းလေးကို ကြည့်နေခဲ့သည်။ သူ့ခေါင်းကို ခပ်မော့မော့ထားကာ ညီငယ်တစ်ယောက်ကို သင်ကြားပေးနေသည့် အစ်ကိုကြီးတစ်ယောက်လိုမျိုး ခြေထောက်များကို ကြမ်းပေါ်သို့ ပုတ်နေလေသည်။

အစင်းလေးကတော့ ကြမ်းပေါ်တွင် ပြားပြားဝပ်ကာ သူ့အစ်ကိုကြီးသင်ပြပေးသည်ကို နားထောင်နေခဲ့သည်။

ထို့နောက် တာ့ဇီက ၎င်း၏စတီးပန်းကန်လုံးကို မှီတွယ်ကာ အထဲမှနံရိုးစွပ်ပြုတ်ကို စိတ်လှုပ်ရှားစွာစားသောက်နေပေမည့် အစင်းလေးသည်တော့ မနာလိုစွာဖြင့်သာ ဘေးတွင်ရပ်နေရသည်။ တာ့ဇီ စားသောက်ပြီးကျန်တာကိုမှ စားနိုင်မည့်ပုံပင်။

စာစဥ် ၆

ကောင်းဖန်ကတော့ ထိုမြင်ကွင်းကြောင့် ရယ်ချင်နေသည့်အသံထွက်လာခဲ့သည်။ အစင်းလေးရဲ့ဘဝက တော်တော်ခက်ခဲတာပဲ။ ကောင်းဖန် တွေးလိုက်မိပြီးနောက် သူ့ခေါက်ဆွဲကိုသာ ငုံ့စားလိုက်သည်။ သူကတော့ နံရိုးစွပ်ပြုပ်စားရသည်ကို မကြိုက်ပေ။ ထို့နောက် ပန်းကန်များကို သန့်ရှင်းဆေးကြောကာ ထွက်လာခဲ့သည်။

နောက်တစ်နေ့ကတော့ လေ့ကျင့်ရေးများအပြင်းအထန်လုပ်ရမည့်နေပင်။

အခုဆို မေလရောက်နေပြီဖြစ်တာကြောင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဖို့ နှစ်လသာလိုတော့သည်။

စာစဉ် ၆

အမှန်အတိုင်းပြောရလျှင် ဒီလေ့ကျင့်ရေးသည် ကောင်းဖန်အတွက် လုံးဝမတရားပေ။ သားရဲလေ့ကျင့်သူအရာရှိလောင်းများဆိုသည်က ယခင်ကမရှိခဲ့ဖူးသော်လည်း မိသားစုအများစုကတော့ သူတို့သားသမီးများ၏အသက်အရွယ်ကို ချင့်တွက်ကာ သားရဲတစ်ကောင်စီတော့ ဝယ်ပေးကြသည်။

ပုံမှန်အားဖြင့် ထိုလူများသည် သူတို့၏သားရဲများကို ပိတ်ရက်များ အားလပ်ရပ်များတွင်သာ လေ့ကျင့်သည်။ စီနီယာအထက်တန်းနှစ် အရာရှိလောင်းများကတော့ အထက်တန်းကျောင်း ဒုတိယနှစ်အရာရှိလောင်းများနှင့်ယှဉ်လျှင် သူတို့သားရဲများကို ပျိုးထောင်လေ့ကျင့်ဖို့အတွက် တစ်နှစ်သာရှိတော့သည်။

စာစဉ် ၆

လေ့ကျင့်ရေးကွင်းထဲတွင် အထက်တန်းစီနီယာနှစ်သားရဲလေ့ကျင့်သူအရာရှိလောင်းများ၏ သားရဲများစွာက ဒုတိယနှစ်များထက် အဆင့်များစွာပိုမြင့်ကြောင်း ကောင်းဖန် သတိထားမိခဲ့သည်။ ထို့အပြင် စီနီယာနှစ်အရာရှိလောင်းများ၏ သားရဲများစွာသည် ထိပ်တန်းအဆင့်သို့ပင်ရောက်ရှိနေပြီဖြစ်သည်။

ကျောင်းထဲသို့လျှောက်လာရင်း လေ့ကျင့်ရေးကွင်းထဲတွင် စက်ဝိုင်းပုံစံဝိုင်းကာ လေ့ကျင့်နေသည့်လူများကို ကောင်းဖန်တွေ့လိုက်ရသည်။ အသေအချာကြည့်လိုက်လျှင်တော့ အစွန်းဘက်မှ နှစ်ဖွဲ့, သုံးဖွဲ့လောက်သည်တော့

တိုးတိုးတိတ်တိတ်နှင့်ဆွေးနွေးနေကြသည်ကိုလဲ မြင်နိုင်သည်။

အနောက်ဘက်မှ လူနာတင်ယာဉ်အသံထွက်ပေါ်လာကာ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူအများအပြားက ထမ်းစင်ကို သယ်ရင်း လူအုပ်ထဲသို့တိုးဝင်လာသည်။ “ကျေးဇူးပြုပြီး လမ်းဖယ်ပေးကြပါ၊ လမ်းဖယ်ပေးကြပါ။”

လူအုပ်ကြီးကလဲ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ဝင်နိုင်စေရန်အတွက် လမ်းဖယ်ပေးကြသည်။ အချိန်တိုလေးအတွင်းမှာပဲ သူတို့က အဝတ်ဖြူတစ်ထည်ဖြင့်ဖုံးထားသည့် ထမ်းစင်ကို လူအုပ်ကြီးထဲမှသယ်လာကြသည်။

မျက်နှာတစ်ခုလုံးသွေးများစွန်းထင်းနေကာ မျက်လုံးများကို တင်းတင်းမှိတ်ထားသည့် ကောင်လေးတစ်ယောက် ထမ်းစင်ပေါ်တွင်ရှိနေခဲ့သည်။

ကောင်းဖန် အနည်းငယ်အံ့သြသွားရသည်။ မနက်အစောကတည်းက ကိစ္စတွေက ပြင်းထန်နေပြီလား?

မကြာခင်တွင်ပဲ ဆရာများရောက်လာကာ ကျောင်းသားအုပ်ကြီးကို ခွဲထုတ်ဖို့ ကြိုးစားလိုက်သည်။ ထို့အပြင် အလျင်စလိုပုံစံများဖြင့် ဖုန်းများကိုကိုင်ထားသည့် နည်းပြများလဲထွက်လာသည်။

စာသင်ခန်းထဲသို့ဝင်ပြီးနောက် ကျောင်းသားများလဲ ဆရာများ၏သင်ကြားပို့ချမှုများကို

လိုက်နားထောင်ကြသည်။ သူတို့သည်
သားရဲလေ့ကျင့်သူအရာရှိလောင်းများဖြစ်နေပြီဆိုသော်
လည်း အတန်းများကိုတက်ဖို့လိုသေးသည်။
မနက်ပိုင်းတွင် စာသင်ကာ နေ့လည်ပိုင်းမှာမှ
လေ့ကျင့်ရေးလုပ်ကြရသည်။ ကောင်းဖန်လို
ဟိုးအရင်ကတည်းက
အထက်တန်းသုံးနှစ်စာလုံးအတွက် ကိုယ့်ဘာသာ
ကြိုတင်လေ့ကျင့်သင်ကြားပြီးသူသည်တော့
တောင်အာဖရိကမှ
သားရဲအသစ်တို့၏ပုံရိပ်များဟုခေါ်သော
ဂုကြိမ်မြောက်ထုတ်ဝေထားသည့် စာအုပ်ကို
ဖတ်နေခဲ့သည်။ ကောင်းဖန်သည် ကမ္ဘာအနှံ့မှ
အံ့ဩဖွယ်ရာများကို

စာစဉ် ၆

စာအုပ်များမှတဆင့်လေ့လာရသည်အား သဘောကျသူဖြစ်သည်။

နောက်ဆုံးအသစ်ထုတ်ဝေမှုတွင်, သားရဲအမျိုးအစားအသစ်သည် စာအုပ်မျက်နှာဖုံးနှင့် စာအုပ်၏မိတ်ဆက်စာဖြစ်သည်။

ပုံထဲရှိသားရဲသည်ဇရပေကျော်လောက်ရှည်လျားသည်၊ ၎င်း၏လက်မောင်းကြွက်သားများသည် တာဝါတိုင်ကြီးနှစ်ခုကဲ့သို့ပင်ဖြစ်နေပြီး ၎င်း၏အဝါရောင်သမ်းနေသောအမွေးများသည် အလွန်ကိုကြမ်းတမ်းလှကာ ၎င်း၏မျက်လုံးများကတည်ငြိမ်နေသော်လည်း အရောင်စိုကာတောက်ပနေသည်။ သားရဲ၏အထင်ရှားဆုံးလက္ခဏာမှာ ၎င်း၏ လက်မောင်းများဖြစ်သည်။

၎င်းတို့ကအံ့ဩစရာကောင်းစွာပင်ကြီးပြီး ထူကာ ချွန်ထက်သော လက်သည်းများကလည်း သတ္တုရောင်တောက်ပနေသည်၊ ၎င်းကရိုစရာကောင်းစွာ မပြေပြစ်ဘဲဖြစ်နေသည်။

ထိုသားရဲ၏ပုခုံးပေါ်တွင် တူညီသည့်မျိုးစိပ်သားရဲငယ်လေးကရပ်နေပြီး ၎င်းကာဖပေ ဝန်းကျင်လောက်ရှိသည်။

ထိုသားရဲငယ်လေး၏ခေါင်းပေါ်တွင် ၎င်း၏နာမည်ရှိသည့်, ရွှေရောင်စာလုံးများဖြင့် ရေးထားသည်က, (ကြီးမားသောမျောက်မောင်းမ)

ထိုကြီးမားသည့်သတ္တဝါများသည် အနောက်ပိုင်းဒဏ္ဍာရီလာသားရဲကြီးများဖြစ်ပြီး ၎င်းတို့ကနတ်ဘုရားကဲ့သို့သန်မာခြင်းကို

စာစဉ် ၆

ပိုင်ဆိုင်ထားသောကြောင့်သားရဲများကို ထိုကဲ့သို့အမည်ပေးထားခြင်းဖြစ်သည်။

“ဟေး, ပညာရှင်ကောင်း။” သူ့ရှေ့မှာထိုင်တဲ့ထန်ချင်ကျင်း အသံနိမ့်နိမ့်နှင့်လှည့်ကာပြောလိုက်သည်။

“မင်းငါ့တို့ရဲ့လေ့ကျင့်ရေးကွင်းပြောင်းရမယ်လို့ထင်လား?” ထန်ချင်ကျင်းကပြောသည်၊

ဘာ? ကောင်းဖန်တွေးလိုက်သည်၊ သူ့ကြည့်ရတာရှုပ်ထွေးနေသလိုပင်။

ထန်ချင်ကျင်းမှာ ကိုယ့်ယို့ကားယားဖြစ်သွားသလိုခံစားလိုက်ရကာပြောလိုက်သည်, “ကောင်းပြီ, အဖွဲ့ထဲကဆွေးနွေးထားတာတွေမင်းဖတ်ပြီးပြီလို့ ငါထင်ထားတာ၊ သူတို့အခုပြောနေကြတာက ဒီနေ့မနက်

စာသင်ဆောင်အဆောက်အအုံအောက်မှာ
ဖြစ်ခဲ့တဲ့ကိစ္စလေ။
ကျောင်းကလည်းငြိမ်နေမှာမဟုတ်ဘူး,
ပြီးတော့ဒီလိုကြီးတဲ့ကိစ္စ ပြီးတဲ့နောက်
ဘာမှမလုပ်ကြဘူးလေ၊ ငါကြားတာက
ဆေးရုံကိုပို့လိုက်ရတဲ့ ကျောင်းသားက
မသန်မစွမ်းတာတစ်ခုဖြစ်သွားတယ်လို့ယူဆကြတယ်တဲ့၊
သူတော့
ကျန်တဲ့ဘဝတစ်ခုလုံးဆေးရုံမှာဘဲကုန်ဆုံးရတော့မှာကိုင
ါစိုးရိမ်မိတယ်။”

“ဒီမနက်ဘာဖြစ်တာလဲ”
ကောင်းဖန်ရောက်လာတဲ့အခါ
ထိုကျောင်းသားကိုလူနာတင်ကားဆီသို့အပြေးခေါ်သွားေ
ေတာကိုသာတွေ့လိုက်သည်။ သူကထိုအဖြစ်အပျက်၏

စာစဉ် ၆

အသေးစိတ်ကိစ္စကိုတော့ပတ်ဝန်းကျင်ကိုမေးမကြည့်ခဲ့ပါ
။

“မင်းကတော့တကယ့်ပညာရှင်ဘဲ! မင်းကဘယ်တော့မှအပြင်ကဖြစ်နေတာတွေနဲ့ မင်းကိုယ်မင်းအနှောက်အယှက်မခံဘူး၊ မင်းကမင်းရဲ့မွန်မြတ်လှတဲ့ဖတ်စာအုပ်ကြီးကိုဘဲ ဖတ်ဖို့အာရုံစိုက်နေတာပဲ။” ထန်ချင်ကျင်းက နောက်ကာပြောလိုက်သည်။

“ငါကြားတာ ကျောင်းသားနှစ်ယောက်က အမြဲတမ်းတစ်ယောက်နဲ့တစ်ယောက် ပြဿနာတက်တယ်တဲ့။ သူတို့ထဲကတစ်ယောက်က သားရဲလေ့ကျင့်သူအရာရှိဖြစ်လာပြီး နောက်တစ်ယောက်တော့မဖြစ်ခဲ့ဘူး၊ ဒီမနက်, သူတို့နှစ်ယောက်ကျောင်းဂိတ်ဝရှေ့မှာ စကားပြောရင်းကတောက်ကဆက်ဖြစ်ကြတယ်တဲ့၊

စာစဉ် ၆

သားရဲလေ့ကျင့်သူအရာရှိဖြစ်ခဲ့တဲ့သူက နောက်ကျောင်းသားကို သူ့သားရဲကိုသုံးပြီးတိုက်ခိုက်ခဲ့တာ။ ကျောင်းသားကို သတ်ပြစ်လုနီးပါးဘဲ, အဲ့တာတခြားသားရဲလေ့ကျင့်တဲ့အရာရှိဖြစ်တဲ့ကျောင်းသ ားက ကျေးဇူးပြုပြီးရပ်လိုက်ပါလို့ပြောလိုက်လို့ အဲ့တစ်ယောက်အသက်ရှင်သွားတာတဲ့။” ထန်ချင်ကျင်းကပြောလိုက်သည်၊ ထန်ချင်ကျင်းသည် သားရဲလေ့ကျင့်သူအရာရှိလို့ပြော သောအခါတွင်သူကပီတိဖြစ်နေသောအမူအရာအပြည့်န င့် ပြောနေသည်၊ သူကသူကိုယ်တိုင် သူ့ရဲ့အမူအရာတွေပြောင်းလဲသွားတာကိုသတိမထားမ ိချေ။

“သူတို့ကကျောင်းသားတွေဘဲ! သူတို့ကအရွယ်ရောက်ပြီးပေမယ့် သူတို့ဆယ်ကျော်

သက်တွေဖြစ်နေသေးတာက မပြောင်းလဲဘူး”
ကျောင်းအုပ်ကြီးသည် သူ၏ရုံးခန်းတွင်း၌
ကျယ်လောင်စွာအော်ပြောလိုက်သည်၊
သူ့ရှေ့တွင်ထိုင်နေသည်ကနည်းပြချန်းဖြစ် သည်။

“ဒါကတခြားသူတို့နဲ့ပတ်သတ်တဲ့အကြောင်းမဟုတ်ဘူး၊ ဆယ်ကျော်သက်တွေရဲ့
သဘာဝကသူတို့ကဒီအသက်အရွယ်မှာစိတ်မြန်လက်မြန်ရှိကြတယ်။” ထို့နောက်
ကျောင်းအုပ်ကသူ့ရဲ့စိတ်တည်ငြိမ်မှုဆုံးရှုံးသွားသည်ကို သဘောပေါက်လိုက်ကာ
ခေါင်းဆောင်နည်းပြချန်းကိုတောင်းပန်လိုက်သည်,
“ငါတောင်းပန်ပါတယ်,
ငါ့စိတ်ကိုမထိန်းနိုင်ဘူးဖြစ်သွားတယ်။”

“ အဆင်ပြေပါတယ်၊ ငါနားလည်တယ်၊” နည်းပြခေါင်းဆောင်ချန်းကခေါင်းညိတ်ကာ ပြောလိုက်သည်၊

“ဘာကြောင့်ကျောင်းတွေက ကျောင်းသားတွေကို ချွန်ထက်တဲ့ခေါးလိုမျိုးပစ္စည်းတွေကို မယူခိုင်းဘဲတားမြစ်ထားလဲသိလား?” ဘာလို့လည်းဆိုတော့သူတို့အသက်အရွယ်နဲ့ ပြီးတော့ သူတို့စိတ်တွေကိုစိတ်လိုက်မာန်ပါဖြစ်စေတယ်။ ဒီသားရဲတွေကိုသုံးတာက ခေါးကိုသုံးတာထက်ပိုပြီးအန္တရာယ်ရှိတယ်။ အကယ်၍ သူတို့ကဆက်ပြီး ကျောင်းနယ်မြေထဲမှာ လေ့ကျင့်ရေးလုပ်နေဦးမယ်ဆိုရင်, ဒါကအချိန်ကာလတစ်ခုမှာလုံခြုံမှုရှိဖို့ဆိုတာ အကျိုးအကြောင်းမသင့်ဘူး။” ကျောင်းအုပ်ကလေးနက်စွာပြောလိုက်သည်၊ “ပြီးတော့

သားရဲတွေမရှိတဲ့ကျောင်းသားတွေအတွက်ကျတော့ မမျှတတော့ဘူး။”

နည်းပြခေါင်းဆောင်ချန်းကတိတ်ဆိတ်သွားသည်၊ အဲ့နောက်သူကခေါင်းညိတ်ကာပြောလိုက်သည်, “ငါမင်းအကြံပြုတာကို လေးလေးနက်နက်စဉ်းစားလိုက်ပါမယ်၊ ဒီအကြောင်းကိုလဲ ရာထူးမြင့်တဲ့သူတွေဆီထပ်ဆင့်ပြောလိုက်မယ်။ ဘယ်လိုဘဲဖြစ်ဖြစ်, ငါတို့မှာလည်း ကိုယ်ပိုင်အခက်အခဲတွေရှိတယ်၊ ငါတို့လည်းအထက်ကအမိန့်တွေကိုလိုက်နာရတယ် ဆိုတာကို မင်းလည်းနားလည်လိမ့်မယ်လို့မျှော်လင့်ပါတယ်။” သူစကားပြောအပြီးတွင် ခေါင်းဆောင်နည်းပြချန်းသည် အကူအညီမဲ့စွာနှင့်ကြည့်လိုက်ပြီး ထွက်သွားတော့သည်။

စာစဉ် ၆

နည်းပြချန်းထွက်သွားသည်နှင့် ကျောင်းအုပ်ကသက်ပြင်းချလိုက်ပြီး သူ့ရဲ့စာဖတ်မျက်မှန်ကိုယူလိုက်ကာ အဝတ်အပိုင်းလေးတစ်ခုနှင့်သုတ်လိုက်သည်။

***

# *အပိုင်း ၈၈ အသီးဖျော်ရည်*

ဒေါက် ဒေါက်

“ဝင်ခဲ့ပါ။” ကျောင်းအုပ်လဲ မျက်မှန်သုတ်သည့်အဝတ်ပိုင်းကို စားပွဲပေါ်တင်လိုက်ကာ စာကြည့်မျက်မှန်ကိုတော့ တပ်လိုက်သည်။

“ကျောင်းအုပ်ကြီး၊ ရဲစခန်းကလူတွေ ရောက်နေကြပါပြီ။” စီမံရေးဝန်ထမ်းတစ်ယောက်က အခန်းထဲသို့ဝင်လာကာ အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"ဟုတ်ပြီ။" ကျောင်းအုပ်ကြီး ခေါင်းညိတ်ပြလိုက်ကာ ပြတင်းပေါက်ဖက်သို့ လျှောက်သွားလိုက်သည်။ ပြတင်းပေါက်မှတစ်ဆင့် အောက်ဘက်တွင်ရပ်ထားသည့်ရဲကားများကို မြင်ရပေသည်။

ကျောင်းအုပ်ကြီး သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘာမှမပြောဘဲ ပြန်လှည့်လာကာ သူ့နေရာတွင်ပြန်ထိုင်လိုက်သည်။

လူတစ်ယောက်က အမှားလုပ်ခဲ့မိတယ်ဆိုရင် အမှားကိုဝန်ခံကာ အပြစ်ပေးခံရလျှင်လဲ ကြံ့ကြံ့ခံတတ်ရမည်။

စာစဉ် ၆

ဒါက ကျောင်းတစ်ကျောင်းဖြစ်သော်လည်း ပြစ်မှုကျူးလွန်ထားသည့် လူသတ်သမားတစ်ယောက်ကို ကာကွယ်ပေးလိမ့်မည်မဟုတ်ပေ။

ဒီနေ့လိုအဖြစ်အပျက်မျိုးလဲ နောက်တစ်ခါ ထပ်မဖြစ်ချင်ပေ။ ကျောင်းဆိုသည်က လူအများ ငြိမ်းငြိမ်းချမ်းချမ်း ပညာသင်ယူနိုင်မည့် နေရာတစ်ခုသာဖြစ်သင့်သည်။

..........

မနက်ပိုင်းအနားယူချိန်တွင်တော့ ကောင်းဖန် တစ်ခုခုစားဖို့ရန် စာသင်ခန်းထဲမှထွက်လာခဲ့သည်။

ကျောင်းဂိတ်နားရောက်ချိန်တွင်တော့ ကျောင်းဂိတ်ရှေ့တွင် လူအုပ်ကြီးတစ်အုပ်ရှိနေသည်ကို

ကောင်းဖန်မြင်လိုက်ရသည်။ ထိုလူများက အဖြူရောင်ဘုတ်ပေါ်တွင် အနီရောင်စာလုံးများပါသည့် ဆိုင်းဘုတ်ကြီးများကို ကိုင်ထားကြသည်။

“လူသတ်သမားကို ပြင်းပြင်းထန်ထန် အပြစ်ပေးပါ!”

“အမှန်တရားက ဘယ်မလဲ?”

ထိုသူများက ကျောင်းထဲမှ ဘယ်သူမှမထွက်နိုင်စေရန်အတွက် အပြင်ဘက်မှနေပြီး ကားဒါဇင်ကျော်လောက်ဖြင့်ပင် ပိတ်ရပ်ထားကြသည်။

လုံခြုံရေးအစောင့်များ ဘယ်လောက်ပဲတောင်းပန်နေပါစေ လူအုပ်ကြီးကတော့ ဒေါသထွက်နေကြစဲပင်။ ကောင်းဖန် အနားသို့ကပ်လာချိန်တွင် မိဘတစ်ဦးက

ကြမ်းကြမ်းတမ်းတမ်းနှင့် လုံခြုံရေးအစောင့်ကို တွန်းဖယ်ကာ အော်ဟစ်နေသည်ကိုတောင် တွေ့လိုက်ရသည်။ “လောင်ဇီရဲ့လမ်းကို လာမပိတ်စမ်းနဲ့။ လူယုတ်မာ၊ မင်းနေရာမင်းမသိသေးဘူးဆိုရင် မင်းကိုပါသတ်မယ်!”

လုံခြုံရေးအစောင့်ပင် ဒေါသထွက်လွန်းရီ တုန်ရီလာခဲ့သည်။ သူဒီလောက် ကျိုးကြောင်းမဆီလျော်တဲ့လူမျိုး တစ်ခါမှကိုမတွေ့ဖူးဘူး။ ဒါပေမယ့်လဲ သူမြေကြီးပေါ်လဲကျသွားချိန်တွင်တော့ သူ့စိတ်ခံစားချက်များက ပေါက်ထွက်လာတော့သည်။ “ဒီနေရာကကျောင်း! ခင်ဗျားတို့ ရန်ဖြစ်ချင်ရင် ရဲစခန်းရှေ့မှာသွားလုပ်ကြ!

အကြမ်းဖက်ခဲ့တဲ့ကျောင်းသားကိုလဲ
အဲ့ဒီကိုခေါ်သွားကြပြီးပြီ!
အခုကျောင်းမှာကျန်နေတဲ့လူတွေက
အပြစ်မဲ့တဲ့ကျောင်းသားတွေချည်းပဲ။
ဒီနေရာမှပြဿနာလာရှာတာက
ကျိုးကြောင်းသင့်တယ်လို့ ထင်နေတာလား?”

ထိုလူက လုံခြုံရေးအစောင့်အိုကြီးကို တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် ရုက်ရွံ့မှုကနေ ဒေါသအဖြစ်ပြောင်းလဲသွားတော့သည်။ သူသာ ရဲစခန်းကိုသွားဖို့ သတ္တိရှိနေရင် ဒီနေရာမှာ ပေါ်လာမတဲ့လား?!

"အပြစ်မဲ့တာတွေ အပြစ်ရှိတာတွေ ဘာမှမရှိဘူး! ပြဿနာဖြစ်ဖြစ်ခြင်း ကျောင်းသားတွေနဲ့ဆရာတွေက ဘာလို့ချက်ချင်းမတားကြတာလဲ?"

လုံခြုံရေးအစောင့်ကြီးမှာ ပြောစရာစကားမဲ့သွားရတော့သည်။

ဒီလူတွေ ကျောင်းဂိတ်ပေါက်မှာ ပိတ်ထားတာကြောင့် အပြင်ရှိလူများ အထဲသို့မဝင်နိုင်သလို အထဲမှလူတွေကလဲ အပြင်သို့မထွက်နိုင်ကြပေ။

ကောင်းဖန် သက်ပြင်းချလိုက်သည်။ သူဒီနေ့ တကယ်ကို ကျောင်းကန်တင်းမှာ မစားချင်ဘူး။

ကျောင်းကန်တင်းတွင်တော့ ကြောက်လန့်မှုများကြီးစိုးလို့နေသည်။ အထူးသဖြင့် အခုလို အဖြစ်အပျက်မျိုးတွေနဲ့မကြုံတွေ့ဖူးတဲ့ အလယ်တန်းကျောင်းသားများနှင့် အထက်တန်းကျောင်းသားများအတွက်တော့ ထိတ်လန့်မှုကြီးတစ်ရပ်ပင်။ ကောင်းဖန်ကတော့ အုတ်ခဲလိုမာတဲ့ထမင်းနဲ့ ဆံချည်မျှင်လိုဟင်းပွဲတွေကို မစားလိုပေ။ ဒါတွေက ကျောင်းကန်တင်း၏အဒေါ်ကြီးများ၏အချစ်များဖြင့် ပြုလုပ်ပေးထားခြင်းဖြစ်မှန်း ကောင်းဖန်သိသော်လည်း ဒါကသည်းမခံနိုင်လောက်အောင် များလွန်းသည့်အချစ်များပင်။

စာစဉ် ၆

အမှန်အတိုင်းပြောရလျှင် လက်ရှိအဖြစ်အပျက်နှင့်ပတ်သတ်ပြီး အများပြည်သူထံသို့ ဖွင့်ပြထားခြင်းမရှိသည့် နောက်ထပ်သတင်းအချက်အလက်အနည်းငယ်ရှိသေးသည်။ ထိုသတင်းများသည် ကျောင်းသားများကြားတွင်သာ သီးသန့်သိထားသည့်သတင်းပင်။

တကယ်တော့ ကိုယ်ပိုင်သားရဲကိုသုံးကာ ပြစ်မှုကျူးလွန်ခဲ့သည့်ကျောင်းသားသည် သူ၏အားနည်းလှသည့်ပုံစံကြောင့် အတန်းထဲတွင် အနိုင်ကျင့်ခံနေရသူဖြစ်သည်။ ဆေးရုံပို့လိုက်ရသည့်ကျောင်းသားကတော့ ထိုကျောင်းသားကို အများဆုံးအနိုင်ကျင့်ခဲ့သူဖြစ်သည်။

ရိုးသားတဲ့လူတွေ ဒေါသထွက်လာပြီဆိုရင် တကယ်ကို ကြောက်ဖို့ကောင်းတာပဲ။

ကောင်းဖန်ကတော့ ပုခုံးသာတွန့်လိုက်သည်။ လောလောဆယ် သူတကယ်ကို ကျောင်းပြင်သာ ထွက်စားချင်နေသည်။

ကျောင်းဂိတ်ပေါက်ရှေ့တွင် ကျောင်းသားများစွာစုဝေးလာလေ၊ အပြင်ဘက်မှ လူများကလဲ ပိုလို့ကြီးစိုးလာပြီး မောက်မာလာကြတော့သည်။

ထိုအချိန်တွင်ပဲ လူအုပ်ကြီးနောက်မှ ကားဘရိတ်အုပ်သံတစ်သံထွက်ပေါ်လာကာ အသွင်ပြောင်းထရပ်ကားအများအပြားက လမ်းဘေးတွင်ရပ်လိုက်ကြသည်။

ထရပ်ကားတစ်စီးပေါ်မှ စစ်အရာရှိတစ်ဦးလို့ထင်ရသည့် လူတစ်ယောက် ခုန်ဆင်းလာခဲ့သည်။

"ဘာတွေဖြစ်နေတာလဲ? မင်းတို့ဘာလို့ ဂိတ်ကိုပိတ်ထားတာလဲ?" စစ်တပ်အရာရှိကာ ရှေ့သို့လျှောက်လာရင်း ပြောလိုက်သည်။

စစ်ဝတ်စုံများနှင့်အရာရှိများကို မြင်လိုက်ရတော့ ကျောင်းဂိတ်အပြင်မှပိတ်ဆို့ထားသည့် လူများမှာ အနည်းငယ် အပြစ်ရှိသလိုခံစားသွားကြကာ သူတို့ကျောင်းဂိတ်တွင် ပိတ်ရပ်ထားသည့် ကားများကို ဖယ်ပေးလိုက်ကြသည်။ "ငါတို့ကလေးတွေက တခြားကျောင်းသားတွေကြောင့် ထိခိုက်သွားကြတယ်။ ဒါကြောင့် ကျောင်းကနေ

ဖြေရှင်းချက်ပေးလာတာလိုချင်လို့ ရောက်နေကြတာပါ။
“

အရာရှိက မျက်မှောင်ကြုတ်လိုက်ကာ “ဒါဆိုလဲ မင်းတို့တွေ ရဲစခန်းကိုသွားသင့်တယ်လေ။ ဒါက ကျောင်း။”

စစ်တပ်အရာရှိက မိဘများနှင့်စကားပြောနေသည်ကို အခွင့်ကောင်းယူကာ ကောင်းဖန် ကျောင်းထဲမှထွက်လိုက်သည်။

သူနေ့လည်စာစားပြီး၍ ကျောင်းသို့ပြန်လာချိန်တွင်တော့ ကျောင်းဂိတ်ရှေ့မှ လူအုပ်ကြီးမှာ ပျောက်သွားပြီဖြစ်ကာ သူတို့ဘယ်သွားကြလဲကိုတော့ မသိပေ။

စာစဉ် ၆

စစ်တပ်နယ်မြေဘက်တွင်, ခေါင်းဆောင်နည်းပြချန်းသည် စားပွဲဝိုင်းတစ်ခုရှေ့တွင် မတ်တပ်ရပ်နေပြီး ချန်အန်းတတိယအထက်တန်းကျောင်းမှကျောင်းအုပ်ငြေ ြေသည့် ထင်မြင်ချက်များကို သူ့ရှေ့ရှိစစ်ဘက်အကြီးအကဲများအားပြောကြားနေသည် ။

“အမှန်တော့, ကျောင်းကစာလေ့လာတဲ့နေရာတစ်ခုဘဲဖြစ်သင့်တယ်၊” အကြီးအကဲက ခေါင်းညိတ်ကာပြောလိုက်သည်။ ရုတ်တရက်သူကဦးတည်ချက်ကိုပြောင်းလိုက်သည်။ “ဒါပေမယ့်ဒါကအရင်ကဘဲ”

“အထူးအချိန်တွေအတွက် အထူးအစီအစဉ်တွေလိုအပ်တယ်၊ ကျောင်းသားကိုဥပဒေနဲ့ အညီအရေးယူသင့်တယ်၊

ချန်အန်းမြို့မှာ ပြီးခဲ့တဲ့လတုန်းက လူသားတွေကိုထိခိုက်စေတဲ့သားရဲသုံးရာကျော်အမှုဖြစ်ခဲ့တာကိုမင်းသိသင့်တယ်။ ဒါ့အပြင်သားရဲတွေက ပုံမှန်မဟုတ်တဲ့သေစေမှုတွေကြောင့် အများစုဒီအဖြစ်အပျက်တွေကသဘာဝအရ အငြိုးကနေဖြစ်လာတာ။”

သူကမျက်ရိုးကိုဖိနှိပ်လိုကရင်း “ဒါကချန်အန်းမြို့မှာ ရိုးရှင်းတဲ့ရာဇဝတ်မှုသက်သက်တင်မဟုတ်ဘူး။ ငါတို့ကတစ်နိုင်ငံလုံးကိုကြည့်သင့်တယ်, ကမ္ဘာတစ်ခုလုံးကိုကောပဲ…”

သူကခေါင်းကိုယမ်းလိုက်သည်၊ “ ငါတို့ဟွာရှားမှာ ရာဇဝတ်မှုအနည်းဆုံးဘဲ၊ အနောက်နိုင်ငံတွေမှာဆိုပိုဆိုးတယ်။ သူတို့ဆီက ရဲတွေဆိုလုံးဝကိုစိတ်ထိခိုက်နေကြပြီ၊ သူတို့ကငြိမ်းချမ်းဖို့ကိုထိန်းဖို့နဲ့ တည်ငြိမ်ရေးကိုကူညီဖို့

အင်အားကြီးအရပ်သားတွေပေါ်ကိုမှီခိုဖို့ကို လိုအပ်နေတယ်။”

“ဒါပေမယ့်ကမ္ဘာ့မဟာမိတ်အစိုးရကတော့ ဒီတိုင်းထိုင်ပြီး အခြေအနေတွေပိုဆိုး လာမှာကို သေချာပေါက်စောင့်မှာမဟုတ်ဘူး၊ သူတို့မကြာခင်စလှုပ်ရှားလာကြလိမ့်မယ်။”

ခေါင်းဆောင်နည်းပြချန်းကတိတ်ဆိတ်မှုဖြင့်ကျန်နေခဲ့သည်။

နေ့လည်ခင်းလေ့ကျင့်ရေးမှာနည်းပြကျန့်က အဖွဲ့လိုက်ကျောင်းသားတွေကိုကြည့်ပြီး ခေါင်းညိတ်လိုက်သည်၊ “မဆိုးဘူး၊ မင်းတို့အားလုံးတိုးတက်လာကြတယ်ပေါ့၊ ဟမ့်? သားရဲအများကြီးကိုတောင်မသတ်နိုင်သေးဘဲနဲ့, မင်းတို့ကတခြားကျောင်းသားတွေကို နှိပ်စက်ပြီးနေပြီ။”

“မနက်ဖြန်ကစပြီး, မင်းတို့သားရဲတွေအကုန်လုံး ကျောင်းထဲကိုဝင်ခွင့်တားမြစ်တယ်! ငါတို့က လေ့ကျင့်ရေးကွင်းရဲ့ဘေးမှာ ကြီးတဲ့အထူးဂိတ်တစ်ခုကိုသေသေချာချာ တည်ဆောက်မယ်။ ပြီးတော့မင်းတို့အကုန်လုံးရဲ့သားရဲတွေကို လေ့ကျင့်ရေးကွင်းကို ခေါ်လာရမယ် နားလည်လား!”

နေ့ခင်းလေ့ကျင့်ရေးတွင်ကောင်းဖန်သည် တခြားသူတွေကိုသူကပုံမှန်ထက်ပိုပြီး ဆွဲဆောင်နေသည်ဟုခံစားမိသည်။

သူ့ဘေးနားတွင်လေ့ကျင့်နေသောကောင်လေးအချို့က သူ့ကိုခိုးကြည့်နေကြသည်။

ကောင်းဖန်သည် သူ၏ခေါင်းပေါ်တွင်ထိုင်နေသောဆီလီကို

တိတ်တဆိတ်ဖယ်ရှားလိုက်သည်၊

ဆီလီသည်ရုန်းကန်နေကာ

ကောင်းဖန်၏ဆံပင်များကိုသူ၏ချစ်လှစွာသော

နေထိုင်မှုဘဝလေးအတွက်

၎င်း၏ဘဝဲလက်များနှင့်ကိုင်ဆွဲထားသည်၊

သူ၏ဆံပင်များကို

ဆွဲပြီးပလတ်စတစ်ရှုံ့ဖြင့်ပြုလုပ်ထားသောခေါက်ဆွဲနှင့်

ဆင်တူသည့်ခေါက်ဆွဲများလို

ပြန်လည်ပြုပြင်ထားသလိုဖြစ်နေသည်။

"ကျီ…ကျီ…" ဆီလီကအသံတစ်ခုကိုပြုလုပ်နေပြီး ကောင်းဖန်၏ခေါင်းပေါ်ကနေမခွာပေ။

"ငါကြားတာ ဂျယ်လီငါးဘယ်ရီစွပ်ပြုတ်အရသာက အတော်ကောင်းတယ်ဆိုဘဲ။"

ကောင်းဖန်ကသူ့ကိုယ်သူတီးတိုးရွတ်လိုက်သည်။

စာစဉ် ၆

ဆီလီသည်ထိုစကားကိုကြားလိုက်သောအခါ ကြောက်လန့်သွားပြီး ၎င်းကချက်ချင်းပင် ပြေးကာအောက်သို့ဝဲပျံသွားသည်၊ ထို့နောက်၎င်းကသူ၏သခင်ကိုစက်ဝိုင်းပုံစံမျိုးပတ် နေကာပတ်လည်ပျံဝဲနေသည်။

ဒါကိုသူ၏သခင်ကမတုံ့ပြန်ဘူးဆိုတာသတိထားမိ ေ့ ၎င်းကသူ၏ဘဝဲလက်များကိုသုံး၍ သူ့သခင်၏လက်မောင်းကိုပုတ်လိုက်သည်၊ သူ့သခင်ကဆီလီကိုဆက်လက် လျစ်လျူရှုနေတော့ ဆီလီကထိတ်ထိတ်လန့်လန့်ဖြစ်သွားတော့သည်။

ဘဝဲလက်များက ၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးပတ်လည်တွင်ရွှေ့လျားသွား သည်။ ထိုနောက်၎င်းက သစ်သီးဖျော်ရည်တစ်ခွက်ကိုထုတ်လိုက်ပြီး

အင်တင်တင်နှင့်ကိုင်ထား ပြီး သူ့သခင်ကိုပေးလိုက်သည်၊

“သောက်, သောက်ပါ၊ သစ်သီးဖျော်ရည်”

ဆီလီကအင်တင်တင်ဖြစ်နေပြီး သစ်သီးဖျော်ရည်ကိုလက်နှင့်တွဲချည်လိုက်သည်။ ကောင်းဖန်ကရယ်လိုက်ကာသူ့ကိုကြည့်လိုက်ပြီး ဖျော်ရည်ကိုယူလိုက်သည်၊

“ဂျီ!!!!!ဂျီ!? ဆီလီကထိတ်လန့်သွားသည်၊ ဘာလို့တကယ်ယူတာလဲ? ဆီလီကတွေး လိုက်သည်။

ကောင်းဖန်ကတစ်ကြိုက်တည်းနှင့်အပြီးသတ်လိုက်သည်။ သူကသူ့နှုတ်ခမ်းကိုတောင် သပ်လိုက်သေးသည်၊ ဆီလီက တပြိုင်တည်းဆိုသလို စိတ်တိုကာ တုန်လှုပ်ချောက်ခြားသွားတော့သည်။ ၎င်းကသူ့ရဲ့ဘဝဲလက်များကိုသုံးကာ

စာစဉ် ၆

ကောင်းဖန်၏လည်ပင်းနှင့်၎င်း၏ ခန္ဓာကိုယ်တစ်ခုလုံးကိုသုံး၍ ကောင်းဖန်၏ခေါင်းကိုကာလိုက်ကာ လွှမ်းခြုံလိုက်သည်၊

"ပြန်ထုတ်!ပြန်ထုန်!ပြန်ထုတ်!

နေ့ခင်းလေ့ကျင့်ရေးတွင်, ပြိုင်ဘက်သည်မီးခိုးညိုရောင်ကျိုင်းကောင်ဖြစ်ပြီး သတ္တုလှောင်အိမ်၏ဘေးဘက်တွင်တိတ်ဆိတ်စွာနှင့်ချ ည်နှောင်ခံထားရသည်။

၎င်းသည်သစ်ရွက်ဆွေးကျိုင်းကောင်ဖြစ်သည်၊ ကောင်းဖန်သည်ထိုသားရဲကိုမှတ်မိ သည်။

တိုက်ပွဲသည်တဖြည်းဖြည်းတည်ငြိမ်လာသည်နှင့်အ မျှ မြောက်ပိုင်းခုခံတိုက်ခိုက်မှု လိုင်းတွင်သစ်ရွက်ဆွေးကျိုင်းကောင်များသည်

ရှုံးနိမ့်သွားပြီး, သစ်ရွက်ဆွေးကျိုင်း ကောင်ဘုရင်ကို စစ်တပ်၏ထိပ်တန်းအဆင့်သားရဲကသတ်လိုက်သည်။

ပြောကြတာတော့ သစ်ရွက်ဆွေးကျိုင်းကောင်ဘုရင်အသေကောင်သည် ခုတ်ခွဲ နမူနာပုံစံမျိုးပြောင်းလဲသွားပြီး အနည်းဆုံး၄၂ပေရှည်လျားပြီး၁၆ပေအမြင့်ရှိသည်၊ ဖောင်ထွင်းမြင်ရသောအတောင်ပံ၏အစွန်းပိုင်းတွင် ခုးသွားကဲ့သို့ချွန်ထက်နေကာ, ၎င်းတို့က အေးခဲသောအလင်းရောင်မျိုးထွက်လာသည်။ အလောင်းကောင်ကိုကောင်းစွာ ထိန်းသိမ်းထားတာကြောင့် ပြင်းထန်သည့်တိုက်ခိုက်ရာများ ဘယ်နေရာရှိလဲဆိုတာ ပြောပြဖို့တောင်ခက်သည်။

စာစဉ် ၆

စစ်တပ်သည်သစ်ရွက်ဆွေးကျိုင်းကောင်အုပ်လိုက်ကိုအနိုင်ရပြီးနောက်တွင် အကျဉ်းသားကျိုင်းကောင်များကိုပါဖမ်းမိလိုက်သည်။

နည်းပြကျန့်ပြောသည်မှာက နောက်တစ်ပတ်တွင်သူတို့စိန်ခေါ်ရမည့်သားရဲများအားလုံးသည် သစ်ရွက်ဆွေးကျိုင်းကောင်များဖြစ်သည်။

၎င်းတို့သည် ကောင်းကင်၌အချိန်ကြာမြင့်စွာပျံသန်း၍မရနိုင်သောေ ြကောင့် ၎င်းတို့ကို ပျံသန်းနေသောသားရဲအမျိုးအစားများအဖြစ်လုံးလုံးမှတ်ယူ၍မရနိုင်ပါ၊ သူတို့ရဲ့ပျံသန်းနိုင်တဲ့အကွာအဝေးကိုလည်း အကန့်အသတ်ရှိတာကြောင့်သူတို့ကိုယာယီပျံသန်းနိုင်မှုသားရဲအမျိုးအစားအဖြစ်မှတ်ယူနိုင်သည်။

တာ့ဇီသည် အရင်က ပျံသန်း၍တိုက်ခိုက်သော ပြိုင်ဘက်သားရဲနှင့်ရင်ဆိုင်ဖူးခြင်းမရှိပေ။ လှောင်အိမ်ရှိသစ်ရွက်ဆွေးကျိုင်းကောင်သည် အဆင့်၁၂နှင့်သာမန်အဆင့်အတန်းသာဖြစ်သည်၊

ဒါက လေ့ကျင့်ဖို့အတွက်တော့ အဆင်ပြေလှသည်။

***

စာစဉ် ၆

# *အပိုင်း ၈၉ သစ်ရွက်ဆွေးကျိုင်းကောင်ကို စိန်ခေါ်ခြင်း*

တာ့ဇီက သတ္တုလှောင်အိမ်ကြီးထဲသို့ တွားသွားကာ ဝင်သွားသည်။

သစ်ရွက်ဆွေးကျိုင်းကောင်သည် သတ္တုလှောင်အိမ်ကြီးထဲတွင် တိတ်ဆိတ်စွာအနားယူနေရာမှ ၎င်း၏ခန္ဓာကိုယ်ကို မသက်မသာလှုပ်ရှားလာခဲ့သည်။

၎င်းက ဘယ်ဘက်သို့ ခြေလှမ်းအနည်းငယ်ရွှေ့သွားခဲ့သည်။ တာ့ဇီ၏လှုပ်ရှားမှုကိုလဲ သစ်ရွက်ဆွေးကျိုင်းကောင်က

မျက်စိဒေါက်ထောက်ကြည့်နေခဲ့သည်။ သံမဏိကြိုးများပေါ်တွင် ချိတ်ထားသည့် ခြေသည်းများမှာ ပိုလို့တင်းကြပ်လာပြီး အတောင်ပံများကလဲ လှုပ်ခတ်လို့လာသည်။

“တာ့ဇီ၊ ရန်စလိုက်။” ကောင်းဖန်က စာချုပ်မှတစ်ဆင့် တာ့ဇီနှင့်စိတ်ချင်းဆက်သွယ်ကာ သတိပေးလိုက်သည်။

တာ့ဇီလဲ သတိတကြီးနှင့်ခေါင်းညိတ်ကာ ရပ်နေလိုက်သည်။

၎င်း၏ခန္ဓာကိုယ်မှ များပြားလှသည့်ခြေသည်းများက ဝင်လိုက်ထွက်လိုက်လှုပ်ရှားနေကာ ရေလှိုင်းနှင့်ပင်တူလှသည်။ ၎င်းက

သမုဒ္ဒရာအောက်ခြေရှိရေညှိပင်များက ရေလှိုင်းအတိုင်း လှုပ်ရှားနေသလိုပင်။

လှောင်အိမ်အပြင်ဘက်တွင်တော့ လှောင်အိမ်ထဲမှ အံ့ဩစရာခြေထောက်လှုပ်ရှားမှုကို တွေ့လိုက်ကြရသည့်လူများမှာ မေးရိုးပြုတ်ကျမတတ် အံ့အားသင့်နေကြတော့သည်။

"ဒီသွေးစွန်းပါရမီရှင်ကတော့!" လူဝလေးတစ်ယောက်မှာတော့ ထိတ်လန့်ကြောက်ရွံ့သွားခဲ့သည်။

"ေ*ာ့ခ်၊ ဒီကောင်ဘာကောင်လဲကွ!" နောက်ထပ်လူငယ်တစ်ယောက်သည်လဲ သူ့လက်ကိုသူ မဆုပ်ကိုင်မိဘဲမနေပေ။

စာစဉ် ၆

အမြဲတမ်း မျက်နှာထားတင်းမာနေသည့် နည်းပြကျန့်ပင်လျှင် တိတ်တဆိတ်လှမ်းမကြည့်မိခင် အနည်းငယ်တုန်လှုပ်သွားရသည်။

သတ္တုကြိုးများပေါ်ရှိ သက်ရှက်ဆွေးကျိုင်းကောင်ကတော့ ခဏလောက်ရပ်တန့်သွားကာ ရှုပ်ထွေးနေသည့်အမူအရာဖြင့် ကင်းခြေများ၏ ဆန်းကြယ်သည့်အပြုအမူကို ကြည့်နေခဲ့သည်။ ခဏမျှတုံ့ဆိုင်းနေပြီးနောက်တွင်တော့ ၎င်း၏နောက်ကျောဘက်ဆီမှ တောင်ပံနှစ်ခုကို ပြင်းထန်စွာဖြန့်ကားလိုက်ပြီး အောက်သို့လျင်မြန်စွာထိုးဆင်းလာတော့သည်။

စာစဉ် ၆

ငှင်း၏ခြေထောက်များသည် တံစဉ်လိုမျိုးအပြင်ဘက်သို့ အသွားများထွက်နေသည်။ လျှင်မြန်လွန်းလှသည့် အရှိန်နှင့် တံစဉ်လိုခြေထောက်များကို ပေါင်းစပ်လိုက်တာကြောင့် ကြောက်မက်ဖွယ်ရာလက်နက်တစ်ခုသဖွယ်ဖြစ်သွားေ
ေ့သည်။

ထိုခြေထောက်များက လွှလိုမျိုး တစ်စုံတစ်ယောက် တစ်စုံတစ်ခုကို ချိတ်မိသွားသည်နှင့် အရေပြားရော အသားများပါ စုတ်ပြတ်သတ်သွားမည်ဖြစ်ကာ ကြောက်စရာကောင်းလှသည့် ဒဏ်ရာကြီးဖြစ်သွားမည်မှာ အသေအချာပင်။

တစ်ချိန်တည်းမှာပဲ ရပ်နေသည့်တာ့ဇီက ရှေ့သို့ ခုန်ဝင်လိုက်သည်။

သစ်ရွက်ဆွေးကျိုင်းကောင်၏အရှိန်ကလဲ
မလျော့သွားခဲ့ပေ။ ၎င်း၏ခန္ဓာကိုယ်တစ်ဝက်က
တိုက်ခိုက်မှုကို ရှောင်ဖယ်လိုက်ကာ
ခြေသည်းများကတော့ တာ့ဇီ၏ကျောပေါ်မှ
အခွံများကြားရှိ အဟများကို ဖမ်းဆုပ်သွားနိုင်ခဲ့သည်။
ဒါကို တိုက်ဆိုင်မှုလို့ခေါ်ရင် မှန်ပေလိမ့်မည်။
သို့သော်လည်း ထိုသို့ဖြစ်သွားဖို့ရန်က
တစ်ဖက်မှခွန်အားထိန်းချုပ်နိုင်မှုကလဲ
အရေးကြီးသည့်အရာပင်ဖြစ်သည်။

သစ်ရွက်ဆွေးကျိုင်းကောင်၏ ထိုးစစ်သည်
အနည်းငယ်သာ ပိုပြီး သန်မာအားကောင်းနေလျှင်
တာ့ဇီကို နှစ်ခြမ်းပင်ခွဲပစ်နိုင်ပေလိမ့်မည်။

စာစဉ် ၆

ဘာပဲဖြစ်ဖြစ် တာ့ဇီ၏ခန္ဓာကိုယ်ပေါ်မှ အဟာနေရာများသည် အဓိကသော့ချက်ပင်ဖြစ်သည်။

သစ်ရွက်ဆွေးကျိုင်းကောင်၏ ခြေသည်းများမှအားသည် တာ့ဇီကိုပင် ယိမ်းထိုးသွားစေကာ ပက်လက်ပင်လန်မတတ်ဖြစ်သွားသည်။

သစ်ရွက်ဆွေးကျိုင်းကောင်သည်လဲ တာ့ဇီနီးပါး ၁ဂပေလောက်အထိ ရှည်လျားသည်။ သို့ပေမည့် ခန္ဓာကိုယ်အရွယ်အစားအရဆိုလျှင်တော့ ၎င်းသည် တာ့ဇီထက် တစ်စလောက်ပိုကြီးသည်။

ခွန်အားချည်းသက်သက်ယှဉ်မည်ဆိုလျှင်တော့ တာ့ဇီဘက်က အားသာချက်မရှိပေ။ ရုတ်တရက်ဆိုသလို တာ့ဇီ၏ဘဝင်ကျနေသည့်အသံက ထွက်လာကာ ၎င်းက

သူ့ခန္ဓာကိုယ်ကို လှန်လိုက်ပြီး လေထဲတွင် လှည့်ကာ ရှေ့ကိုကောင်ကို ချိတ်တယ်လိုက်သည်။ အခြေအနေက လုံးဝပြောင်းလဲသွားတော့သည်။

ထို့နောက် ခန္ဓာကိုယ်ကိုလှည့်ကာ သစ်ရွက်ဆွေးကျိုင်းကောင်၏ကျောပေါ်သို့တက်လိုက်သည်။ သစ်ရွက်ဆွေးကျိုင်းကောင်မှာ ပျံရုံသာပျံ့နိုင်သူဖြစ်သည်။ အခုတော့ တာ့ဇီက သူ့ကျောပေါ်သို့တက်လိုက်တာကြောင့် ချက်ချင်းဆိုသလို အောက်သို့ပြုတ်ကျသွားတော့သည်။

သားရဲနှစ်ကောင်မှာ မြေပြင်ပေါ်တွင် ဘယ်ညာလူးလိမ့်ကာ နပန်းသတ်နေတော့သည်။

ပုံစံအနေအထားက အနည်းငယ်ဆိုးရွားလှပေမည့် ဒါက ကင်းခြေများတွေ

အမဲလိုက်သည့်တကယ့်အနေအထားဖြစ်သည်။ ၎င်းတို့၏တစ်ကိုယ်လုံးနှင့် ရန်သူ၏ခန္ဓာကိုယ်ကို မြွေတစ်ကောင်လိုရစ်ပတ်ကာ အဆိပ်များကိုထိုးသွင်းကြခြင်းဖြစ်သည်။

အဆိပ်များထိုးသွင်းခံလိုက်ရသည်နှင့် သစ်ရွက်ဆွေးကျိုင်းကောင်သည် အားနည်းလာခဲ့သည်။ ကောင်းဖန်လဲ တာ့ဇီကို ပြန်ခေါ်ရန်မှလွဲပြီး ရွေးရာမရှိတော့ပေ။

တာ့ဇီသာ အဆိပ်တွေ ထပ်ထိုးထည့်နေပါက သစ်ရွက်ဆွေးကျိုင်းကောင် သေချာပေါက် သေဆုံးသွားပေလိမ့်မည်။ ဒီလိုဆို တခြားကျောင်းသားတွေအတွက် လေ့ကျင့်စရာပစ်မှတ်ဘယ်ရှိတော့မလဲ။

စာစဉ် ၆

ဒီလိုဆို

လေ့ကျင့်ရေးအထမြောက်တော့မှမဟုတ်ဘူး။

သို့သော်လည်း တာ့ဇီ၏အဆိပ်မှာ

အမှန်ကယ်ကိုအံ့ဩစရာကောင်းလှသည်။ ပုံမှန်အားဖြင့်

ပျံနိုင်သည့်သားရဲများတွင်

ခုံခံနိုင်စွမ်းအားမြင့်မားတတ်ကြသည်။

ပုံမှန်ဆိုရင်ပေါ့။

ဒီကောင်ကတော့ ပေါ့ပါးက

အလိုက်သင့်လှုပ်ရှားနိုင်မည့် ခန္ဓာကိုယ်မရှိတာကြောင့်

ပျံနိုင်ရုံလောက်သာ ပျံနိုင်သည်။

တာ့ဇီ လှောင်အိမ်ထဲမှပြန်ထွက်လာချိန်တွင် အထဲမှ

သစ်ရွက်ဆွေးကျိုင်းကောင်၏ခန္ဓာကိုယ်မှာ

စာစဉ် ၆

အနည်းငယ်ခရမ်းရောင်ပင်သမ်းနေသည်။ ၎င်းက မြေပေါ်တွင် တောင့်တင်းစွာလဲလျောင်းနေခဲ့သည်။

[မကောင်းဆိုးဝါး အမည်] : သစ်ရွက်ဆွေးကျိုင်းကောင်

[မကောင်းဆိုးဝါး အခြေအနေ] : အလယ်အလတ်ဒဏ်ရာ (အဆိပ်သင့်)

ဒါဇီထွက်လာသည်နှင့် တခြားလူတွေကတော့ နောက်တစ်လှည့်ဆက်ဝင်ဖို့ စိတ်အားထက်သန်နေကြတော့သည်။ အားနည်းနေသည့်ရန်သူကို အနိုင်ယူနိုင်မယ့် အခွင့်အရေးက နောက်ဆုံးတော့ရလာပြီပဲ!

လေ့ကျင့်ရေးက အမြဲဒီအတိုင်းပါပဲ။ တဒ့ဇီက ဦးဆောင်က သားရဲများကိုတိုက်ခိုက်မည်ဖြစ်ပြီး ကျန်သူများကတော့ သူတို့အလှည့်ရောက်လျှင် သေမလိုဖြစ်နေသည့် သားရဲကိုအနိုင်ကျင့်ကြရုံသာဖြစ်သည်။

နဂါးကြက်သည်လှောင်အိမ်ထဲသို့မောက်မာသောေ ထုနှင့်အတူ ဆရာကြီးစတိုင်နှင့် လမ်းလျှောက်ဝင်သွားတော့သည်။ ၎င်းကသူ၏ရှည်လျားလှသောခြေထောက်ဖြင့် ရှေ့သို့ခြေတစ်လှမ်းတိုးလာပြီးနောက် နောက်တစ်ဖက်ကိုရပ်လိုက်ကာ ရင်ကိုဖွင့်လိုက်ပြီး ဘယ်ညာကြည့်နေသည်။

စာစဉ် ၆

ထို့နောက်ငင်းကဒဏ်ရာရထားပြီး မလှုပ်မယှက်ရှိနေသောသစ်ရွက်ဆွေးကျိုင်းကောင်ကို စိုက်ကြည့်နေသည်၊ နဂါးကြက်၏မျက်လုံးထဲတွင် တလက်လက်တောက်ပနေမှုများ ပေါ်လာသည်၊ ဒါကသူ့ရဲ့အနှစ်သက်ဆုံးအစာမဟုတ်ဘူးလား, ကျိုင်းကောင်?

ငင်းကအနည်းငယ်မျှကြီးသော်လည်း, ငင်း၏သနားစရာကောင်းသောအသွင်ပြင်က ကြက်၏ငင်းကိုအနိုင်ကျင့်လိုသောစိတ်ကို တောက်လောင်လာစေသည်။ နဂါးကြက်သည် ရှေ့သို့ အော်၍အပြေးအလွှားသွားတော့သည်။ ငင်းကဆက်၍သစ်ရွက်ဆွေး ကျိုင်းကောင်ကို

အနာများဖုံးလွှမ်းသွားသည်အထိ နှုတ်သီးဖြင့်ထိုးဆိတ်တော့သည်။

နေ့ခင်းလေ့ကျင့်ရေးပြီးသည်နှင့် နည်းပြကျန့်သည်အားလုံးကိုခေါ်လိုက်သည်၊ "ဒီငါးယောက်ထဲကစီနီယာနှစ်သမားက ဘယ်သူလဲ?"

နဂါးကြက်ပိုင်ရှင်ကသူ့လက်ကိုမြှောက်လိုက်သည်၊

"ကောင်းပြီ, စီနီယာတွေကနေခဲ့၊ ဒုတိယနှစ်သမားတွေကအရင်ပြန်လို့ရပြီ။" နည်းပြကျန့်ကပြောလိုက်သည်၊

ကျန်ရှိသောဒုတိယနှစ်ကျောင်းသားများကအစဉ်လိုက်ပြန်သွားကြတော့သည်၊

“မင်းလိုတာတစ်ခုခုရှိသေးလို့လား?” နည်းပြကျန့်ကအာရုံပြောင်းသွားကာ ကျန်နေသည့်ကောင်းဖန်ကိုကြည့်လိုက်သည်။

ကောင်းဖန်ကပြုံးပြလိုက်ပြီးယဉ်ကျေးစွာနှင့်မေးလိုက်သည်, “နည်းပြကျန့်, သူတို့က ကောလိပ်ဝင်ခွင့်စာမေးပွဲကိစ္စအတွက်နေခဲ့တာမလား?”

နည်းပြကျန့်ကငေးကြောင်ကြောင်ဖြစ်သွားပြီး ပြောလိုက်သည် “ဟုတ်တယ်”၊ သူက ကောင်းဖန်နှင့်တဒ္ဓဇီကိုစိုက်ကြည့်နေရာကနေ ပြောင်းလိုက်ပြီးနောက် ခေါင်းညိတ် လိုက်သည်၊ “ဒါဆိုမင်းလည်းနေခဲ့။”

သားရဲလေ့ကျင့်သူအရာရှိများသည် သူတို့စီနီယာနှစ်သမားများထဲတွင် အားလုံးပေါင်း

ခြောက်ရာကျော်ရှိသည်၊ အားလုံးသည်ကြီးမားသော လှေထောင့်ပုံစံဖွဲ့လိုက်ပြီး သူတို့ကိုယ်သူတို့အတန်းလိုက်အများကြီး သေသေသပ်သပ်စီစဉ်လိုက်ကြသည်။

လူအကုန်လုံးသည်သားရဲများရှိပြီး ၎င်းတို့ကသူတို့ဘေးတွင်ရပ်နေသောကြောင့်, လူတစ်ယောက်ချင်းစီကြားအကွာအဝေးသည်အတော်ဝေးကျယ်သည်။

"မင်းတို့အားလုံးထဲက, တချို့ကစီနီနှစ်တွေ,တချို့က ဒုတိယနှစ်တွေ," နည်းပြ ခေါင်းဆောင်ချန်းက ကျောက်စင်မြင့်ပေါ်တွင်ရပ်နေကာ သူ၏လက်နှစ်ဘက်ကိုနောက်တွင်ထားထားပြီး

သက်တူရွယ်တူအသင်းဖော်အဖွဲ့များကိုငုံ့ကြည့်ပြီးပြော လိုက်သည်၊

“နှစ်လအတွင်းမှာ ကောလိပ်ဝင်ခွင့်စာမေးပွဲဖြေရမယ့်အချိန် ရောက်လာတော့မယ်! အချိန်တွေကလူကိုမစောင့်ဘူး၊ ပြီးခဲ့တဲ့နှစ်လက လေ့ကျင့်ရေးရလဒ်တွေက သိသိသာသာကိုအကျိုးသက်ရောက်ပြီးတော့ မင်းတို့ရဲ့နောက်ဆုံးရလဒ်တွေကိုတောင် ဆုံးဖြတ်ပေးလိမ့်မယ်!”

ခေါင်းဆောင်နည်းပြချန်းသည်ကျယ်လောင်စွာနှင့်ပြော လိုက်သည်။ “ကောင်းမွန်တဲ့ရလဒ်တွေက အသုံးမဝင်ဘူးလို့မထင်လိုက်နဲ့၊ အဖွဲ့ကြီးတွေအကုန်လုံး, စစ်တပ် ပြီးတော့အစိုးရအဖွဲ့အစည်းတွေက

အဆင့်ကောင်းတဲ့ သားရဲလေ့ကျင့်ရေး အရာရှိလောင်းတွေအားလုံးကို ဘတ်တွန်ကျိုင်းတုတ်တွေပစ်ပေးလိမ့်မယ်၊ ဒီလိုပြောတာက နည်းနည်းဆိုးဝါးတဲ့အရာလို့ထင်ရပေမယ့် ဒါကတကယ်ဖြစ်လာမှာဖြစ်တယ်၊ နောက်ဆုံး အကယ်၍မင်းတို့ကအဖွဲ့တွေနဲ့ မျိုးနွယ်စုတွေထဲကိုဝင်ဖို့စိတ်မဝင်စားရင် တောင်မင်းတို့ကိုယ်မင်းတို့သန်မာအောင်လုပ်ထားတာကမမှားဘူး၊”

ငွေကြေး, ရာထူးနဲ့ အာဏာ။ ဒါတွေကရှေးကတည်းလူတွေလိုက်ရှာနေတဲ့အရာများဖြစ်သည်၊ သေချာတာပေါ့, ခွန်အားကိုသာယုံကြည်ပြီး

ဖွဲ့လို့လရှိတဲ့သူတွေလည်းရှိတာကို မငြင်းနိုင်ပါဘူး၊ ဒါပေမယ့်အဲ့လူတွေကလူနည်းစုသာဖြစ်တယ်။

နည်းပြခေါင်းဆောင်ချန်းက အနည်းငယ်နှုတ်ကြမ်းသွားပုံရသည်။ အမှန်ကလည်း, သူက လက်တွေ့မှာအသုံးဝင်တဲ့ဒီလိုအကြောင်းပြချက်တွေကို ကျောင်းသားတွေကို လှုံ့ဆော်ဖို့အတွက်အသုံးမပြုချင်ခဲ့ဘူး။ ဒါပေမယ့်လဲ သူ့မှာရွေးချယ်စရာမရှိပေ။ စိတ်ဝိညာဉ်အတွက်ကြက်သားစွပ်ပြုတ်ကျွေးနေခြင်းက နှောင့်နှေးကြံ့ကြာစေနိုင်တယ်။

ကောင်းဖန် ရုတ်တရက်သူ့အဖိုးရဲ့ တောင်ပိုင်းကောင်းကင်အဖွဲ့ကိုသတိရသွားသည်။

အဖိုးက အလွှန်ကိုအရမ်းခေါင်းမာပြီး, သူ့အမေကလည်း သူ့အဖိုး၏စိတ်နေစိတ်ထားနဲ့ပင်ကို စရိုက်ကိုဆက်ခံခဲ့သည်။ ဒါကြောင့်အဖေနဲ့သမီးကြားထဲကဆက်ဆံရေးသည် အရမ်းပြင်းထန်သည်။

အမေကဘယ်တော့မှ အဖိုးထံကမည်သည့်ကိုမှလက်မခံ။ သူမက တစ်ခါတစ်ရံတွင် နှစ်သစ်ကူးရာသီတွင် မိသားစုအားအဖိုးဆီသို့အလည်အပတ်ခေါ်လာတတ်သည်။

ကောင်းဖန်သည် သူရဲ့အထောက်အထားတွေနှင့် တောင်ပိုင်းကောင်းကင်အဖွဲ့ရှိ ရာထူးကြီးသူများကိုဆက်သွယ်ရန်နည်းလမ်းမရှိပေ။

ဒါပေမယ့်အဲ့ဒါကိုအလေးအနက်
စဉ်းစားကြည့်လျှင်အဖွဲ့၏ပိုင်ရှင်တွေပြောင်းပြီးသွားတာဖြ
ြစ်နိုင်သည်။

ကောင်းဖန်သည်
ဝမ်းနည်းခြင်း,ပူဆွေးနောင်တရခြင်း,ဒါမှမဟုတ်စာနာခြ
င်းစသော စိတ်ခံစားချက်များကိုတကယ်မခံစားခဲ့ရပါ။
ဘာကြောင့်လဲဆိုတော့ ထိုအရာတွေက
ဘယ်တော့မှသူကပထမနေရာအတွက်
မပိုင်ဆိုင်ရခြင်းကြောင့်ပင်ဖြစ်သည်။ ဒါတွေက
သူငယ်ငယ်ကသူ့မိဘတွေသင်ကြားခဲ့သည်များနှင့်လည်း
ဆက်စပ်နေသည်၊

အကယ်၍စိတ်ခံစားချက်တစ်စုံတစ်ရာရှိနေပါက
၎င်းကသူ့အဖိုးကိုသူလွမ်းဆွတ်သော

ခံစားချက်ပင်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ သူတစ်ယောက်တည်းရှိစဉ်က သူ့အတွက်သေခြင်း၊ ရှင်ခြင်းအကြောင်းအရာများကိုမသိနိုင်သောကြောင့်ဖြစ်သည်။

ကောင်းဖန်ရုတ်တရက်စိတ်ဝင်စားစရာအတွေးတစ်ခုရသွားသည်။ အနာဂါတ်တွင်သူသည်အစိုးရအဖွဲ့ထဲတွင်ပူးပေါင်းပါဝင်လိမ့်မည်။ ကမ္ဘာ့မဟာမိတ်အစိုးရတွင်ပါဝင်ခြင်းသည် အခြားပုဂ္ဂလိကအဖွဲ့များထံဝင်ခြင်းထက် ပိုပြီးကောင်းသည်၊ အနည်းဆုံးတော့၊ သူကအချို့သောသူများအတွက် ဝန်ဆောင်မှုပေးနေခြင်းဟုအထင်မှားခြင်းရှိမည်မဟုတ်ပေ၊

ဒါကအနာဂါတ်အတွက်အကြောင်းအရာများဖြစ်သည်၊ အကယ်၍သူအစိုးရနှင့်ပူးပေါင်းချင်ရင်တောင်, သူကအခြားသူတွေရဲ့ခြယ်လှယ်ခံရသူဖြစ်မလာစေရန် အလုံအလောက်
သန်မာသည်အထိစောင့်ရမည်ဖြစ်သည်။

***

## *အပိုင်း ၉၀ ဝင်ခွင့်စာမေးပွဲစည်းမျဉ်းများ*

“သားရဲလေ့ကျင့်သူအရာရှိလောင်းတွေအတွက် ကောလိပ်ဝင်ခွင့်စစ်ဆေးမယ့် ပထမဆုံးမေးခွန်းတွေထွက်လာပြီ။ အားလုံးကိုလဲ ကမ္ဘာအနှံ့က အခြေစိုက်မြို့အသီးသီးကို ပို့ပေးထားတယ်။ ပထမဆုံးဝင်ခွင့်စာမေးပွဲဖြစ်တာကြောင့် စည်းမျဉ်းတွေကလဲ တင်းကြပ်တယ်။ လူတိုင်းကလဲ ဒီကိစ္စကိုအာရုံစိုက်နေကြတယ်။”

“ငါတို့ဆီဖြန့်ဝေပေးထားတဲ့ စာတမ်းတွေအရ စာမေးပွဲကို သုံးကျော့ခွဲထားတယ်။ ပထမအကျော့ကိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာအရ

စစ်ဆေးသွားမယ်။ သားရဲတွေကို စိန်ခေါ်ဖို့ မင်းတို့ရဲ့ကိုယ်ပိုင်သားရဲတွေကို မင်းတို့ဦးဆောင်ရမယ်။”

“သာမာန်အဆင့်သားရဲတွေအတွက် အခြေခံပေးမှတ်က ၁၀မှတ်၊ ထိပ်တန်းအဆင့်သားရဲတွေအတွက်တော့ အမှတ်၅၀ ပြီးတော့ အုပ်ချုပ်သူအဆင့်သားရဲတွေကိုတော့ အမှတ်၅၀၀ပေးထားတယ်။ ဒီအမှတ်တွေပေါ် အခြေခံပြီး အဆင့်တူထဲက အထူးအဆင့်သားရဲကို ဘောနပ်စ်အမှတ်၅၀ရာခိုင်နှုန်းပေးပြီး အဆင့်တူထဲကပဲ ပြီးပြည့်စုံအဆင့်သားရဲဆိုရင်တော့ ဘောနပ်စပ်အမှတ်၁၀၀ရာခိုင်နှုန်းပေးလိမ့်မယ်။”

“ဒါတင်မကဘူး၊ စိန်ခေါ်မှုတွေအတွက် သားရဲအရေအတွက်က အကန့်အသတ်ရှိတယ်။

စာစဉ် ၆

စိန်ခေါ်ရမယ့်သားရဲအရေအတွက်က
မင်းတို့ပိုင်ဆိုင်တဲ့သားရဲအရေအတွက်ထက်
မများနိုင်ဘူး။ ပြောရရင်တော့
မင်းမှာကိုယ်ပိုင်သားရဲ၃ကောင်ရှိမယ်၊
အများဆုံးအကောင်ရေပေါ့၊ ဒီလိုဆို
မင်းတို့ယှဉ်ပြိုင်ရမယ့်သားရဲကလဲ သုံးကောင်ရှိလိမ့်မယ်။
ဒါက အဆင့်မြင့် ကိုယ်ပိုင်သားရဲပိုင်ဆိုင်တဲ့
စာမေးပွဲဖြေဆိုသူတွေအနေနဲ့ အဆင့်နိမ့်သားရဲ
အရေအတွက်များများကို အနိုင်ယူပြီး
သူတို့အမှတ်တိုးအောင် လုပ်မှာကိုကာကွယ်ထားတာပဲ။”

“ပြီးတော့ မင်းတို့က
သားရဲတွေရဲ့အဆင့်နဲ့အဆင့်အတန်းကိုပဲ

ရွေးချယ်နိုင်မယ်။ သားရဲအမျိုးအစားကတော့ ကျပန်းယူရမယ်။”

လူတိုင်းက ညွှန်ကြားချက်များကို နားလည်ကြောင်းပြသည့်အနေဖြင့် ခေါင်းညိတ်ပြကြသည်။

“တစ်ပြိုင်နက်တည်း၊ နောက်ထပ် တောင်းဆိုချက်တစ်ခုလဲရှိသေးတယ်၊ ဒါကတော့ တိုက်ပွဲမှာ စွမ်းရည်အားသာချက်ရှိတဲ့ သားရဲတွေကို မင်းတို့ရွေးလို့မရဘူး။ ဥပမာအနေနဲ့၊ မင်းရဲ့ကိုယ်ပိုင်သားရဲမှာက ရေစွမ်းရည်ရှိတယ်ဆိုရင် မင်းယှဉ်ပြိုင်ရမယ့်သားရဲကို မီးစွမ်းရည်ရှိတဲ့သားရဲရွေးလို့မရဘူး။ မင်းတို့

နားလည်ကြမှာပါ။” ခေါင်းဆောင်နည်းပြချန်းက ကျောင်းသားများကို ထပ်ပြောလိုက်သည်။

ဒီတောင်းဆိုမှုက ကျောင်းသားများစွာ၏မျက်နှာအရောင်ကို အနည်းငယ်ပြောင်းလဲသွားစေခဲ့သည်။ တချို့ကတော့ ခါးသီးနေကြသည်။ သူတို့က စည်းမျဉ်းများထဲမှ အားနည်းချက်ကို အမိအရဆုပ်ကိုင်ကာ သူတို့ကိုယ်ပိုင်သားရဲများ၏စွမ်းရည်နှင့်ယှဉ်လျှင် အားနည်းသွားကြမည့် သားရဲများကိုရွေးချယ်ဖို့ ကြံရွယ်ထားကြခြင်းဖြစ်သည်။

“နည်းပြချန်း၊ တစ်ဖက်ကသားရဲရဲ့စွမ်းရည်က ကျွန်တော်တို့သားရဲအပေါ် အားသာချက်ရှိနေတာမျိုးဆိုရင်ကော? အဲ့လိုဆို

ကျွန်တော်တို့ဘာလုပ်ရမလဲ?”

ကျောင်းသားတစ်ယောက်က လက်ထောင်ကာ အသံကျယ်ကျယ်ဖြင့်မေးလိုက်သည်။

“လူတိုင်းမှာ စိန်ခေါ်ရမယ့်သားရဲကို တစ်ကြိမ်ပြောင်းနိုင်တဲ့အခွင့်အရေးရှိတယ်။ ဒါပေမယ့် မှတ်ထားဖို့က မင်းတို့မှာ အခွင့်အရေးတစ်ကြိမ်ပဲရှိတာ။ ဒီလိုဆိုပေမယ့် မင်းတို့ပြောင်းလိုက်တဲ့သားရဲကတော့ ရာနှုန်းပြည့်ပြောင်းလဲသွားမှာတော့ အာမခံတယ်။ ပြောရရင်တော့ စွမ်းရည်တူတဲ့သားရဲမျိုးကိုတော့ နှစ်ကြိမ်တွေ့ရမှာမဟုတ်ဘူး။ ဒါပေါ့၊ မင်းတို့သာ မင်းတို့ကိုယ်ပိုင်သားရဲရဲ့စွမ်းရည်အပေါ် အားသာချက်စွမ်းရည်ရှိနေတဲ့ သားရဲကို အနိုင်ယူနိုင်ခဲ့ရင်

နောက်ထပ် ဘောနပ်စ်အမှတ်၁ဂရာခိုင်နှုန်းရဦးမှာ။”
နည်းပြချန်းပြုံးလိုက်သည်။

နောက်ဆုံးတွင် ခေါင်းဆောင်နည်းပြချန်းက
အခြားသောအသေးစိတ်စည်းမျဉ်းအချို့ကို
အလေးပေးပြောကြားခဲ့ပြီး
လိမ်လည်လှည့်ဖျားမှုနည်းလမ်းတွေကိုလဲ
အခြေခံအားဖြင့်ပြောပြခဲ့သည်။

စာမေးပွဲဖြေဆိုသူများသည်
နတ်ဘုရားများမဟုတ်ကြပေ။ ဒါကြောင့် ဘယ်လို
ထူးထူးဆန်းဆန်း လိမ်လည်လှည့်စားမှုနည်းလမ်းများ
ရုတ်တရက်ပေါ်ထွက်လာမလဲဆိုတာကို
သူတို့မသိနိုင်ပေ။
သူတို့ဘက်ကအကောင်းဆုံးကြိုးစားရုံသာရှိသည်။

"စာမေးပွဲပထမအကျော့က အခြေခံအားဖြင့်တော့ မင်းတို့အပေါ် အများဆုံးမူတည်ပြီး အဆုံးအဖြတ်ဖြစ်သွားမှာ။ ထူးချွန်တဲ့ကျောင်းသားတချို့ကပဲ ဒုတိယအကျော့စာမေးပွဲဖြေဆိုရာမှာလိုအပ်တဲ့အရာတွေကို တွေ့နိုင်မယ်။ ဒါပေမယ့် မင်းတို့သာ စာမေးပွဲဒုတိယအဆင့်ရဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းေပေးနိုင်သရွေ့ မင်းတို့ ဂုဏ်သတင်းကြီးမားတဲ့တက္ကသိုလ်တစ်ခုကို သေချာပေါက် တက်ခွင့်ရမှာပါ။"

"ဒုတိယအဆင့်စာမေးပွဲကတော့ တောတွင်းမှာ တကယ့်သေခြင်းရှင်ခြင်းတိုက်ပွဲအစစ်အမှန်နဲ့ ကြုံရမှာ။ ဒါ့အပြင် ပြိုင်ပွဲတစ်လျှောက်လုံးကိုလဲ တစ်နိုင်ငံလုံးဆီ

တိုက်ရိုက်ထုတ်လွှင့်ထားမယ်။ စည်းကမ်းသတ်မှတ်ချက်အတိအကျကိုတော့ ပထမအကျော့စာမေးပွဲအပြီးမှာ ကြေညာသွားလိမ့်မယ်။”

“တတိယအဆင့်စာမေးပွဲကတော့.... မင်းတို့ကို အသိမပေးခင် အရင်ဆုံးဒုတိယအဆင့်စာမေးပွဲကိုပါဝင်ခွင့်မရမချင်း ငါတို့စောင့်ဦးမယ်။” ခေါင်းဆောင်နည်းပြချန်းက နူးညံ့စွာပြုံးပြရင်း ပြောလာသည်။

“ခေါင်းဆောင်နည်းပြချန်း၊ နည်းပြလဲမသိလို့မဟုတ်လား?” အောက်ဘက်မှ အသံတစ်သံထွက်ပေါ်လာခဲ့သည်။

“......”

လေထုက ချက်ချင်းပင် တုန်လှုပ်ချောက်ချားစရာကောင်းသွားတော့သည်။

ထိုစကားကိုကြားပြီးနောက် ဘေးတစ်ဖက်တစ်ချက်စီတွင် ရပ်နေကြသည့် နည်းပြနှစ်ယောက်၏မျက်နှာအမူအရာတို့က ချက်ချင်းပြောင်းလဲသွားတော့သည်။ သူတို့ရယ်ချင်စိတ်ကို ထိန်းချုပ်ထားကြလေသည်။

ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်နည်းပြချန်းက သူတို့ခေါင်းဆောင်ပဲမဟုတ်လား၊ ဒီတော့ သူတို့ရယ်လို့မဖြစ်ပေ။ ခေါင်းဆောင်ရဲ့မျက်နှာကို ထောက်ရမယ်လေ။

စာစဉ် ၆

ခေါင်းဆောင်နည်းပြချန်း၏ပုံစံကတော့ နဂိုအတိုင်းပင်တူညီနေကာ နွေးထွေးသည့်အပြုံးတစ်ခုကို ဆင်မြန်းထားသည်။

“ပြောလိုက်တဲ့လူ၊ အပြင်ကိုထွက်လာပေးပါ။”

နေရခက်သလိုပြုံးနေသည့် ကျောင်းသားတစ်ယောက်က တန်းစီနေသည့်ထဲမှထွက်လာခဲ့သည်။

တခြားကျောင်းသားတွေကလဲ ထောက်ခံအားပေးသည့်အကြည့်များဖြင့် ထိုကျောင်းသားကိုကြည့်နေကြသည်။

“ဒီကိုလာပါဦး၊ ရဲရင့်တဲ့လူငယ်လေး။ ဒိုက်၁၀ခါလောက် ထိုးလိုက်ကြရအောင်။

၁ဂခါဒိုက်ထိုးပြီးတာနဲ့ ငါတို့ကျေသွားပြီ။ မင်းပြောလိုက်တဲ့စကားအတွက် ငါဘာမှမပြောတော့ဘူး။” နည်းပြခေါင်းဆောင်ချန်းက အမှန်တကယ်ကို စိတ်သဘောထားပြည့်ဝလှသည်။

ဒိုက်၁ဂခါသာထိုးရမည်မှန်း ထိုကျောင်းသားကြားလိုက်ရတော့မှ စိတ်အေးသွားကာ သက်ပြင်းတစ်ချက်ချလိုက်တော့သည်။

သူက ရွှင်မြူးစွာဖြင့် မြေပြင်ပေါ်သို့ လက်ထောက်လိုက်သည်။

“ငါကရေမယ်,ပြီးတော့မင်းကလိုက်လုပ်၊ ငါတစ်ကြိမ်ရေရင်,မင်းကတစ်ကြိမ်လုပ်,” ခေါင်းဆောင်နည်းပြချန်းကအတိအကျပြောလိုက်သည်။

ကျောင်းသားကဒိုက်ထိုးမည့်ကိုယ်ဟန်အနေအထား နှင့် အလွန်အကြူးပင်ခေါင်းညိတ် ပြလိုက်သည်၊

“တစ်”

ကျောင်းသားကလွယ်ကူစွာနဲ့ဘဲတစ်ကြိမ်ပြီးသွားသ ည်၊

“နှစ်”

ကျောင်းသားကနောက်တစ်ကြိမ်အလျင်အမြန်နဲ့ဘဲပြ ီးသွားပြန်သည်၊

“သုံး”

ကျောင်းသားအတွက်လွယ်ကူနေတုန်းပင်။

“နှစ်”

စာစဉ် ၆

ကျောင်းသားကနောက်တစ်ကြိမ်လုပ်လိုက်သည်, ဒါပေမယ့် တစ်ခုခုကမှားနေပုံရသည်၊

“တစ်”

ကျောင်းသား၏မျက်နှာအရောင်ကပြောင်းလဲသွားသည်၊

အဆုံးမှာတော့, ကောင်းဖန်ဒိုက်ထိုးမှုဘယ်နှကြိမ်ပြီးစီးသည်ကိုပင်ထည့်မတွက်တော့ချေ။ ကံမကောင်းသောအကိုသည် ခြောက်သွေ့ပူလောင်နေသောသမံတလင်းပေါ်တွင်လှူပ်ဖို့အတွက်ကိုဘာခွန်အားမှမရှိတော့သောလဲနေသောငါးဆားနယ်တစ်ကောင်နှင့်တူနေသည်ကိုသာသူမြင်နေရသည်။

စာစဉ် ၆

ဖြစ်နိုင်တာက...အကွက်ဆင်နေတာလား?

“မင်းတို့စစ်ဆေးခံရတဲ့သူတိုင်း
တစ်ယောက်နဲ့တစ်ယောက်အချိန်မဖြုန်းဘဲ
အားပေးနေမယ်လို့မျှော်လင့်ပါတယ်၊ မင်းတို့အားလုံး
ကပ်ဆိုးကြီးဖြစ်ခဲ့တဲ့သုံးနှစ်လုံးတူညီတဲ့အတွေ့အကြုံ
တွေရှိခဲ့မယ်လို့ ငါယုံကြည်တယ်၊
ဒီငြိမ်းချမ်းရေးကိုရဖို့ဆိုတာမလွယ်ဘူး၊ မင်းတို့အားလုံး
တန်ဖိုးထားကြမယ်လို့မျှော်လင့်ပါတယ်။”
နည်းပြခေါင်းဆောင်ချန်းက
လေးနက်စွာပြောလိုက်သည်။

ကျောင်းကထွက်လာပြီးနောက် ကောင်းဖန်သည်
မနေ့ညက
သူ၏ဗီလာရှိမူကွဲအပင်အကြောင်းပြောရန်အတွက်

တာဝန်ရှိသူက ဖုန်းခေါ်ခဲ့သည်ကို သတိရလိုက်သည်။ ဖုန်းဆက်ပြီးအဲ့အကြောင်းကိုမေးတာပိုကောင်းမယ်ထင်တယ်။

ကောင်းဖန် ဖုန်းကိုထုတ်လိုက်ပြီး ဖုန်းနံပါတ်ကိုဆက်သွယ်လိုက်သော်လည်း ဆက်သွယ်၍မရခဲ့ဘဲ စက်ပိတ်ထားသည်ဟုသာပြောနေသည်။ ကောင်းဖန် မျက်ခုံးများကိုကြုံ့လိုက်မိသည်။ ဘာအကြောင်းပြချက်မှမရှိဘဲနဲ့ ဘာလို့ ဖုန်းကိုပိတ်ထားတာလဲ?

ဒါကသူ့ကိုစိတ်မသက်မသာဖြစ်စေသည်၊ ဒီနေ့အဆက်အသွယ်လုပ်ဖို့ကို

သူတို့သဘောတူထားကြတာမဟုတ်ဘူးလား? မဟုတ်မှ သူ့ဖုန်းဝင်သွားမှ တစ်ဖက်က ချပစ်လိုက်တာများလား?

ကောင်းဖန် အနည်းငယ်စဥ်းစားကြည့်လိုက်ပြီး ဆောက်လုပ်ရေးကုမ္ပဏီကိုဖုန်းခေါ်လိုက်သည်။

“ဟယ်လို, ဘာကူညီပေးရမလဲရှင်။” ချိုသာသောမိန်းကလေးအသံက ဖုန်း၏အခြားဖက်မှထွက်ပေါ်လာသည်။

“ကျွန်တော်ကောင်းဖန်ပါ၊ ကျွန်တော်ခင်ဗျားတို့ကုမ္ပဏီနဲ့ပရောဂျက်တစ်ခုကိုအပ်ထားတယ်။ ကျွန်တော့်ပရောဂျက်ရဲ့တာဝန်ခံလူရဲ့ဖုန်းကို ဘာလို့ဆက်သွယ်လို့မရတာလဲ။” ကောင်းဖန် မေးလိုက်သည်။

အခြားတစ်ဖက်မှခေတ္တရပ်တန့်နေပြီး ခဏနေတော့ပြန်ပြောလာသည်၊ "ကျေးဇူးပြုပြီး ခဏလောက်ကိုင်ထားပေးပါလူကြီးမင်း, ကျွန်မစစ်ကြည့်လိုက်ပြဦးမယ်။"

ခဏလောက်ကြာပြီးနောက် တစ်ဖက်မှအသံပြန်ထွက်လာသည်၊ " ဟယ်လို,လူကြီးမင်း ပရောဂျက်ကိုတာဝန်ခံထားတဲ့တစ်ယောက်က လျိုတာ့ဟိုင်လားရှင့်?"

"ဟုတ်တယ်, အဲ့တာသူဘဲ"

"လူကြီးမင်း, ကျွန်မတောင်းပန်ပါတယ်၊ ဒီနေ့နေ့လည်သုံးနာရီလောက်က လျိုတာ့ဟိုင်ရဲ့မိသားစုဝင်တွေက

ရဲကိုအကြောင်းကြားထားကြတယ်။ လျှိုတာ့ဟိုင်ပျောက်နေတာကို အတည်ပြုထားတယ်။”

ကောင်းဖန်မျက်လုံးများက လှုပ်လှုပ်ရှရှဖြစ်သွားတော့သည်၊

လျှိုတာ့ဟိုင်က ပျောက်နေတယ်။

ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ? သူကမနေ့ညကတောင်ဖုန်းခေါ်သေးတယ်လေ၊ ပြီးတော့ ဒီနေ့နေ့လည်ပျောက်နေတယ်လို့အကြောင်းကြားတယ်, ဆိုလိုတာက မနေ့ညက သေချာပေါက်တစ်စုံတစ်ခုဖြစ်ပျက်ခဲ့တယ်ပေါ့။

စာစဉ် ၆

“လူကြီးမင်း? လူကြီးမင်း?”

တခြားဖက်ကအသံကထွက်ပေါ်လာသည့်အသံက

ကောင်းဖန်ကို အတွေးများထဲမှဆွဲထုတ်လိုက်သည်။

“ကျွန်တော်တောင်းပန်ပါတယ်,

ဒီလိုသတင်းကိုကြားလိုက်ရတာ

နည်းနည်းအံ့အားသင့်သွားလို့ပါ။”

“မစ္စတာကောင်း,

မန်နေဂျာလျှိုပျောက်နေတာကြောင့်,

ကုမ္ပဏီကလူကြီးမင်းရဲ့ ပရောဂျက်အတွက်

နောက်ထပ်လူတစ်ယောက်စီစဉ်ထားပါတယ်,

လက်ခံလားမသိဘူး ရှင့်?”

“ကောင်းပြီ,အဆင်ပြေတယ်”

ကောင်းဖန်သဘောတူလိုက်သည်။

စာစဉ် ၆

ဖုန်းချပြီးနောက်တွင်
ကောင်းဖန်သည်သက်ပြင်းအရှည်ကြီးချလိုက်သည်၊

သူအခုအရမ်းကိုသတိကြီးနေသည်၊
ဘယ်လိုဘဲဖြစ်ဖြစ်, ဒီလိုမျိုးဖြစ်ပြီးတဲ့နောက်ဒီ
ကိစ္စပစ်မှတ်ကသူဖြစ်နိုင်သည်။

ကောင်းဖန် စိတ်သောကရောက်နေတော့သည်။
ရန်သူကမြို့ကိုတိုက်ရိုက်မလာရခြင်း အကြောင်းရင်းမှာ
သူတို့သည်မြို့ရေိယာသို့ပြောင်းလာဖို့တွန့်ဆုတ်နေခြင်း
သို့မဟုတ်
သူတို့ကသူ့ရဲ့နေရာအတိအကျကိုမသိခြင်းကြောင့်ဖြစ်သ
ည်။ ဘယ်လိုဘဲဖြစ်ဖြစ်, နောက်ပိုင်းအခြေအနေအရ,
ကောင်းဖန်သိပ်တော့မသေချာပေ၊ နောက်ဆုံး
နည်းပညာ

စာစဉ် ၆

သတင်းအချက်အလက်သည်အရမ်းတိုးတက်လာပြီး တစ်စုံတစ်ယောက်ကိုဘယ်နေရာ မှာနေကြောင်းရှာဖွေရန်မခက်ခဲပေ။

ဘယ်လိုဘဲဖြစ်ဖြစ်, အကယ်၍သူမြို့စွန်ကျေးလက်ဧရိယာဘက်ကဗီလာကို ပြောင်း လျှင် မသိနိုင်သောရန်သူသည် သူ၏အိမ်တံခါးဝကိုရှာတွေ့ရန်လွယ်ကူသွားမည်ဖြစ်သည်၊

သူဒါကိုစဉ်းစားလိုက်သည်နှင့် ကောင်းဖန်သည်ရုတ်တရက်အရေးကြီးသည်ကိုခံစားလိုက်ရသည်။ ဒါကသားရဲတွေရဲ့အဆင့်ကိုဆင့်ကဲမြှင့်တင်ပေးရမယ့်အချိန်ပဲ။ အစက,

စာစဉ် ၆

ဘေးထွက်ဆိုးကျိုးများကိုဖန်တီးပစ်မိမှာစိုးသောကြောင့်
ပင် သားရဲများကို တစ်ဆင့်ချင်းစီ
ဖြည်းဖြည်းချင်းမြှင့်ပေးဖို့ စိတ်ကူးထားခြင်းဖြစ်သည်။

အာ ကြည့်ရတာ စိုးရိမ်နေဖို့ အချိန်သိပ်မရှိဘူးပဲ။
နည်းနည်းလေးမြန်လိုက်လို့လဲ
ဆိုးကျိုးရှိလာလောက်မှာမဟုတ်ပါဘူးလေ။

***

# *အပိုင်း ၉၁ အစင်းလေး၏အရေခွံ*

ကျောင်းမှထွက်လာပြီးနောက် ကောင်းဖန် စတိုးဆိုင်များသို့သွားကာ ပစ္စည်းများစွာကိုဝယ်ယူခဲ့သည်။ ထိုပစ္စည်းများကို အိတ်အမည်းတစ်လုံးနှင့်ထည့်လိုက်ပြီးနောက် အိတ်ကိုတော့ တာ့ဇီကျောပေါ်သို့တင်လိုက်သည်။

တာ့ဇီကလဲ ကုလားအုတ်တစ်ကောင်လို ကောင်းဖန်နောက်မှ လိုက်လာခဲ့သည်။

ကောင်းဖန်၏ဘယ်ဘက်ပုခုံးပေါ်တွင်တော့ အလွန်ကြည့်ကောင်းသည့် အစိမ်းရောင်ဂျယ်လီငါးတစ်ကောင် လွင့်မျောလို့နေသည်။ ၎င်းသည် ကျောက်စိမ်းတုံးလိုမျိုး

စာစဉ် ၆

စိမ်းမြနေကာ ဖောက်ထွင်းမြင်နေရပြီး
ခန္ဓာကိုယ်ပေါ်တွင်တော့
တောက်ပသည့်အစက်အပြောက်များစွာရှိသည်။
၎င်း၏ပုံစံသည် အမှန်ကိုစွဲမက်ဖွယ်ကောင်းလှသည်။
ထို့အပြင် ၎င်းက ပျံသန်းနေတာကြောင့်
လမ်းသွားလမ်းလာတို့အာရုံကို
သေချာပေါက်စွဲဆောင်လို့နေသည်။

ကောင်းဖန် အိမ်သို့ပြန်ရောက်ကာ
တံခါးကိုဖွင့်လိုက်သည်နှင့် သူ့အိမ်ဧည့်ခန်းထဲ
နေရာတိုင်းတွင်ပြန့်ကျဲနေသည့်
အစင်းလေး၏အရေခွံအမှိုက်များကို တွေ့လိုက်ရသည်။

ကောင်းဖန် ညည်းတွားမိတော့သည်။ သူ
ထိုအရေခွံဟောင်းများကို အချိန်တိုင်းတော့

လွှင့်မပစ်နိုင်ပေ။ ဒါက
အရမ်းဖြုန်းတီးရာကျမနေဘူးလား။

အမှန်တော့ ပင့်ကူများ၏အပေါ်အရေခွံဟောင်းများ
ကွာကျခြင်းသည်
ကပ်ဘေးကြီးပြီးကာမှဖြစ်လာခဲ့ခြင်းမဟုတ်ပေ။
ကပ်ဘေးကြီးမဖြစ်ခင်ကတည်းက ကမ္ဘာတစ်ခုလုံးမှ
ပင့်ကူများသည် မြွေများကဲ့သို့ပင်
သူတို့အရေခွံများလဲတတ်ကြသည်။
အရေခွံလဲပြီးတိုင်းလဲ ထိုပင့်ကူ၏အရွယ်အစားသည်
ပိုကြီးလာတတ်ကြသည်။

ကပ်ဘေးကြီးမတိုင်ခင်က ပင့်ကူများသည်
သူတို့အရေခွံကို
တစ်သက်မှာတစ်ကြိမ်လဲတတ်ခြင်းမဟုတ်ဘဲ

စာစဉ် ၆

ပင့်ကူမျိုးရိုးကိုလိုက်ပြီး တစ်သက်မှာ ငါးကြိမ်လောက်အထိ အရေခွံလဲနိုင်ကြသည်။

ကပ်ဘေးကြီးပြီးနောက်တွင်တော့ စွမ်းရည်သည် မကြုံစဖူးအဆင့်သို့တိုင်အောင် တစ်နည်းတစ်ဖုံဖြင့် အားကောင်းလာခဲ့သည်။ ပုံမှန်အားဖြင့် ပင့်ကူများသည် သူတို့အရေခွံကို ဤမျှလောက် မြန်မြန်ဆန်ဆန်မလဲတတ်ကြပေ။ သို့ပေမည့် အစင်းလေးကတော့ မူမမှန်သလိုပုံပေါက်နေသည်။ အိမ်ထဲတွင် အရေခွံဟောင်း လေးခုကိုတွေ့ရတာကြောင့် ပြောရရင် အစင်းလေးသည် တစ်နေ့တည်းနဲ့ အရေခွံလေးခါတောင် လဲခဲ့ခြင်းဖြစ်သည်။

မနေ့ကဆိုလျှင် လေးပေလုံးပတ်လောက်သာရှိသေးသည့်ကောင်က

အခုဆို ငါးပေနီးနီးဖြစ်နေပေပြီ။

နောက်ရက်အနည်းငယ်နေလျှင်

ကြိတ်ဆုံကြီးတစ်ခုလောက်တောင်

ဖြစ်သွားမလားဆိုတာကတော့ စိတ်မကူးရဲစရာပင်။

သို့သော်လည်း အစင်းလေးကို ဒီအတိုင်းဆက်ပြီး

အရေခွံလဲစေလို့တော့မဖြစ်ပေ။ ကောင်းဖန်

အနည်းငယ်အခက်တွေ့နေတော့သည်။

ဒီကောင်ရဲ့အရွယ်အစားသာ ပိုပိုပြီးကြီးလာလျှင်

သူ့ကိုထားဖို့နေရာကလဲ ပိုပိုပြီးလိုလာတော့မှာပဲ။

မီးခိုးရောင်သံချပ်ကာပင့်ကူအဆင့်သို့မြင့်သွားတုန်းက

ပေါ်လာခဲ့သည့် အချက်အလက်များအရ

အစင်းလေးသည်

စာစဉ် ၆

ဆလွန်းအသေးစားအရွယ်လောက်နီးနီးရှိမည့်
အချင်း၁ဂပေနီးပါးအထိဖြစ်လာပေလိမ့်မည်။

အဲ့လောက်ဆိုလဲ အိမ်ထဲမှာဆံ့နေဦးမည်ဖြစ်ပေမည့် သေချာပေါက် အိမ်ကြီးက ရယ်စရာကောင်းလောက်အောင်ကို ပြည့်ကျပ်သိပ်နေတော့မည်။

လောလောဆယ်မှာလဲ ကောင်းဖန် သူ့ဗီလာဆီသို့မသွားရဲသေးပေ။

သူနည်းနည်းသတ္တိကြောင်တာကိုတော့ ဝန်ခံရမည်။ သူအန္တရာယ်ရှိနိုင်မည့်အခြေအနေမျိုးမှာတော့ စိတ်လှုပ်ရှားတက်ကြွနေမည်မဟုတ်ပေ။ ဒါမျိုးက ရုပ်ရှင်ထဲက အဓိကဇာတ်လိုက်တွေပဲဖြစ်တတ်ကြတာ။

စာစဉ် ၆

ဘာကြောင့်များ သာမာန်လူတစ်ယောက်က ထိုမျှရှုးမိုက်မှာတဲ့လဲ?

ဒီလူတွေ ဘယ်လိုလုပ်ကြံမှုမျိုးတွေကို သုံးခဲ့တယ်ဆိုတဲ့အကြောင်း ဘယ်သူကအလေးထားမှာလဲ။ ငါအဆင်ပြေနေသ၍ သူတို့ကိုလျစ်လျူရှုထားလိုက်မယ်။ ငါ့ဒီအချစ်ကလေးတွေ ကြီးပြင်းလာတာကိုပဲ စောင့်လိုက်မယ်! ပြီးတာနဲ့ ငါတို့အတူတူ သူတို့နဲ့စကားပြောကြည့်ကြတာပေါ့။ ကောင်းဖန်တစ်ယောက် သူ့အတွေးနှင့်သူကျေနပ်နေသည်။

ကောင်းဖန် ကုန်းလိုက်ကာ ကြမ်းပေါ်တွင်လှဲနေသည့်အစင်းလေးကို

ပုတ်ပေးလိုက်သည်။ အစင်းလေး၏အရေခွံက လဲပြီးကာစဖြစ်တာကြောင့် အခုထိအနည်းငယ်အားနည်းလို့နေသေးသည်။

ငင်း၏အသားအရောင်က တကယ့်ကိုဖျော့တော့လို့နေသည်။ ငင်း၏အရိုးများကိုကြည့်ရသည်မှာ နူးညံ့နေပုံပေါက်ပြီး သူ့လက်ဖဝါးနှင့်ထိမိသည့် အမွှေးနုများကြောင့် အနည်းငယ်ပင် ယားယံလာသည်။

အခုမှထွက်ပေါ်လာသည့်အရေပြားက လေနှင့်ထိမိရုံသာရှိသေးကာ အရိုးများသည်လဲ ဖြည်းဖြည်းချင်းမာကျောလာခဲ့သည်။

ကောင်းဖန် ကားပါကင်တစ်နေရာဝယ်ဖို့စိတ်ဆုံးဖြတ်လိုက်တော့သ

ည်။ ဒီလိုသာဆို သားရဲအကြီးများကို သူ့အိမ်ထဲမှာတစ်လှည့်ကားပါကင်မှာတစ်လှည့် သွားထားနိုင်ပေမည်။

ဒီအစီအစဉ်က အနာဂါတ်တွင် အနှောင့်အယှက်ဖြစ်စရာအကြောင်း တစ်ခုသာရှိသည်။ အကြောင်းကတော့ သူ့အိမ်နီးချင်းများသာ သူတို့ကားများကို ပါကင်သွားထိုးချိန်တွင် ကားမှန်မှနေပြီး ဆလွန်းကားအရွယ်ရှိသည့် ပင့်ကူကြီး ဒါမှမဟုတ် ၁၃ပေလောက်မြင့်သည့် အရိုးခွံကောင်ကြီးကို မြင်ကြရပေလိမ့်မည်။

ကောင်းဖန် ကြမ်းတစ်လျှောက်ပြန့်ကျဲနေသည့် အရေခွံဟောင်းများကို ကောက်ယူကာ အရေခွံဟောင်းများကို စုစည်းထည့်လိုက်သည်။

စာစဉ် ၆

ပင့်ကူအခွံများကို ဆေးထဲတွင် ထည့်သွင်းအသုံးပြုသည်ဟု သူကြားဖူးထားတာကြောင့် ပြောရလျှင် ဒါတွေကို စားလို့ရနိုင်တာပဲ။ စားလို့မရရင်တောင်မှ စာချုပ်က သူ့ဒဏ်ရာအားလုံးကို အစင်းလေး သို့မဟုတ် တာ့ဇီတို့ကို လွှဲပြောင်းပေးမှာပင်။ အစင်းလေးကတော့ သူ့ကိုယ်ပိုင်အရေခွံကြောင့်နဲ့ သေချာပေါက် အဆိပ်ပြန်သင့်လိမ့်မည်မဟုတ်ပေ။

ကောင်းဖန် ပင့်ကူအရေခွံအနည်းငယ်ကို ယူကာ မီးဖိုခန်းထဲသို့ဝင်သွားသည်။ ထို့နောက် အသေးငယ်သည့်အစိတ်အပိုင်းလေးများဖြစ်သည်အထိ ပြုလုပ်ကာ သန့်ရှင်းသွားအောင် ဆေးကြောလိုက်သည်။ ပြီးနောက် ဂျုံမှုန့်၊ ကြက်ဥတို့ကို ရောမွှေကာ မုန့်နှစ်ကို ပင့်ကူအရေခွံတစ်ခုချင်းစီပေါ်သို့လောင်းချလိုက်သည်။

စာစဉ် ၆

ဒယ်အိုးကိုအပူပေးပြီး ဟင်းချက်ဆီအနည်းငယ်ကို စုတ်တံနှင့်ယူကာ ဒယ်အိုးကိုသုတ်လိုက်သည်။ ဒယ်အိုးထဲမှ မီးခိုးတစ်ချို့ထွက်လာသည့်အထိစောင့်ပြီးကာမှ ပင့်ကူအရေခွံတို့ကိုထည့်လိုက်သည်။

အိုးထဲမှ ဆီပေါက်သံနှင့်အတူ ကြော်နံ့မွှေးမွှေးလေးထွက်ပေါ်လာခဲ့သည်။

ကောင်းဖန် အသက်ပြင်းပြင်းတစ်ချက်ရှူကာ မွှေးပျံ့သည့်အနံ့ကို ခံစားလိုက်သည်။

ထိုမွှေးပျံ့သည့်အနံ့က အိမ်ထဲမှ တခြားကောင်များကိုလဲ ဆွဲဆောင်လို့သွားကာ တစ်ချက်လေးတောင်မတွေးဘဲ မီးဖိုခန်းထဲသို့ အပြေးဝင်လာကြသည်။ ထို့နောက်

အားလုံးအစုလိုက်အပြုံလိုက်ထိုင်နေကာ ကောင်းဖန်၏ကျောပြင်ကို စိုက်ကြည့်နေတော့သည်။ သူတို့မျက်လုံးများထဲတွင် စားချင်စိတ်များပြင်းပြနေတော့သည်။

ဒမ်ဘီကတော့ ခဏလောက်မှင်သက်နေပြီးနောက် သူ့အခြေအနေကိုသတိရသွားသည်။ သူက ပြန်လှည့်ကာတိတ်ဆိတ်စွာနှင့်ထွက်သွားပြီး, ယင်ခတ်သစ်ကတိုးပင်များကို ရေခဲသေတ္တာထဲမှထုတ်လိုက်ကာ သူ၏ပါးစပ်ထဲသို့ထည့်လိုက်သည်။ ထို့နောက်၎င်းက ပြတင်းပေါက်အောက်ခြေဘောင်သို့သွားလိုက်ပြီးနောက် ထွက်လာသည့် မြူငွေ့များထုတ်စားသုံးနေတော့သည်။

ငါမင်းရဲ့အရာတွေကိုစိတ်မဝင်စားဘူး၊ ယင်ခတ်ဆွဲသစ်ကတိုးသည်သာလျှင် မှန်ကန်သောစားကောင်းသောက်ဖွယ်ဖြစ်သည်ဟုသူ ကတွေးသည်၊

တာ့ဇီသည်စိတ်အလှုပ်ရှားဆုံးဖြစ်သည်။ ကောင်းဖန်၏ပတ်ဝန်းကျင်တွင် "စီနီယာ" အကျဆုံးပထမဆုံးကိုယ်ပိုင်သားရဲဖြစ်ပြီး, သားရဲအားလုံးထဲတွင် အနှစ်သက်ဆုံးအနေဖြင့် သူ၏အခြေအနေသည် ရှင်းလင်းပြီးအံ့အားသင့်စရာကောင်းသည်။

ဤကဲ့သို့စားကောင်းသောက်ဖွယ်အရာအတွက် တာ့ဇီသည်ပုံမှန်အားဖြင့် ပထမဆုံးကျွေးတတ်သည်။

အစင်းလေးသည် တကယ်ကိုမနာလိုဖြစ်နေပြီး သူ့သခင်၏နောက်ကျောတည့်တည့်ကို စိုက်ကြည့်နေသည်။ နောက်ပိုင်းတွင်စဉ်းတီတုံးဘုတ်ပြားပေါ်တွင် ပင့်ကူ၏အသစ်လဲ ထားသောအရေခွံကို မတော်တဆတွေ့လိုက်ရသည်။

ဟမ်?

ဒီပင့်ကူအရေခွံကကြည့်ရတာရင်းနှီးနေသလိုဘဲ၊ ဒါပေမယ့်သူ့ရဲ့အရေလဲထားတဲ့အခွံက ဘာလို့သခင်ရဲ့စဉ်းတီတုံးဘုတ်ပြားပေါ်မှာ ရှိနေတာလဲ?

အစင်းလေး၏အကန့်အသတ်နှင့်ရိုးရှင်းသောဦးနှောက်စွမ်းရည်ကြောင့် ၎င်းသည်ရှုပ်ထွေးသောမေးခွန်းကို မတွေးတောနိုင်ပေ။

စာစဉ် ၆

ဒယ်အိုးထဲမှအမွှေးနံ့ပျံနှံ့လာသောကြောင့် သူ၏အာရုံသည်ထိုသို့ရောက်သွားတော့သည်။

တာ့ဇီသည်လဲ ဘုတ်ပြားပေါ်ရှိပင့်ကူအရေခွံကိုမြင်လိုက်သည်။ သို့သော်အစင်းလေးနှင့်မတူဘဲ တာ့ဇီသည် ပို၍ဉာဏ်ကောင်းပြီး ကောင်းဖန်၏အိမ်တွင်အကြာဆုံးနေထိုင်ခဲ့သူလည်းဖြစ်သည်၊ ထိုဘုတ်ပြားပေါ်တွင် ဘယ်လိုဟာတွေထားလဲဆိုတာ သူရှင်းရှင်းလင်းလင်းသိသည်။

တကယ်တော့,

အစားအစာတွေဘဲထိုပေါ်မှာထားတာဖြစ်သည်။

ဒါဆို....

စာစဉ် ၆

တာ့ဇီကအစင်းလေးကိုကြည့်နေသည့်ပုံစံမှာစတင်၍ထူးဆန်းလာသည်၊

အစင်းလေးကထူးဆန်းသည်ဟုခံစားလိုက်ရသည်။

ဘာကြောင့်

ဘောစ့်ကသူ့ကိုဒီလိုကြီးကြည့်နေတာလဲ?

“ဇီ ဇီ ဇီ ဇီ ဇီ”

,အစင်းလေးကစူးရှသောအသံထွက်လာသည်၊

တာ့ဇီကခေါင်းညိတ်လိုက်ပြီး သူ၏အလုပ်ရှုပ်နေတဲ့သခင်ရဲ့နောက်ကျောကိုသာ ပြန်ကြည့်လိုက်သည်။

ပင့်ကူ၏အရေပြားကဲ့သို့ကြွပ်ဆတ်နေသောအရာသည် အရမ်းအကြာကြီးကြော်ရန် မလိုပေ,

ကြက်ဥနှင့်ဂျုံမှုန့်ကိုထိုအရာနှင့်ရောလျှင်တောင်မှ, ၎င်းကအလျင်အမြန်ကျက် လွယ်သည်၊

ကောင်းဖန်ကမီးကိုလျှော့လိုက်ပြီး သတိထား၍ကြော်ထားသော ပင့်ကူအရေခွံကို အနည်းငယ်လောက်ညှပ်ယူလိုက်သည်၊ ၎င်းကအလွန်ကြွတ်ဆပ်နေပြီး, သူကပါးစပ်ထဲ သို့ထည့်လိုက်သည်။

ကျွတ် ကျွတ် ကျွတ်၊ ထူထဲပြီးအနံ့အရသာရှိသောကြော်ထားသည့်အစားအစာ သည် ပြည့်လျှံကာထွက်လာပြီး, ပါးစပ်အပြည့်နှင့်အရသာကိုနှိုးဆွပေးသည်။

ဟုတ်ပြီ, ဒါကဇီယာမှုန့်တစ်ချို့လိုနေသလိုဘဲ။

စာစဉ် ၆

ကောင်းဖန်ကသူ၏ဟင်းခတ်သေတ္တာထဲမှ ဇီယာမှုန့်အချို့ကိုယူလိုက်ကာ ပင့်ကူအရေခွံပေါ်တွင်ဖြူးလိုက်သည်။ သူနောက်ထပ် ထပ်ကိုက်လိုက်သည်။ အရသာကသေချာပေါက်ကို အများကြီးတိုးသွားပြီဖြစ်သည်။

အစင်းလေး၏အရေခွံသည် များပြားသောအသားတွေရှိသည်၊ ကောင်းဖန်အားဖြည့်ပြီး နောက်တာ့ဗီနှင့်အစင်းလေးအတွက် ခွဲကာပြင်ဆင်ပေးလိုက်သည်၊

တာ့ဗီနှင့်အစင်းလေးတို့သည်ပျော်ရွှင်စွာစားသောက်နေကြသည်၊

စာစဉ် ၆

တစ်ခုတည်းသောအနေနှင့် အစင်းလေးသည် အစားအစားကိုစားနေသည့်အခါတွင် သောကများနှင့်လွမ်းဆွေးနေသည့်ပုံကိုဆက်ထိန်းထားသည်။ ထင်ယောင်ထင်မှားဖြစ် တာလည်းဖြစ်နိုင်သည်။ အစင်းလေးသည်သူရဲ့အပြင်ဘက်နှုတ်ခမ်းသားကိုပါ သပ်လိုက် ပြီးသူစားနေတာကို အပြီးသတ်လိုက်သည်။

အရသာရှိလိုက်တာ! ပင့်ကူလေးကတွေးလိုက်သည်။

နောက်တော့,ကောင်းဖန် တီဗွီကိုဖွင့်လိုက်ပြီးကလေးစစ်သည်ကာတွန်းရုပ်သံ လိုင်းကိုဖွင့်လိုက်သည်။ တီဗွီရှေ့တွင်သားရဲလေးကောင်သည်ထိုင်နေပြီး ထိုအစီအစဉ် ကိုနှစ်သက်နေကြသည်။

စာစဉ် ၆

ကောင်းဖန် အိမ်ခြံမြေအကျိုးဆောင်နှင့်တွေ့ရန် အောက်ထပ်သို့ဆင်းဖို့အတွက် ထို အခွင့်အရေးကိုအသုံးချလိုက်သည်။ သူနေတဲ့အိမ်ယာက ကားပါကင်ထိုးတဲ့နေရာရောင်း လားဆိုတာ သိချင်တာကြောင့်ဖြစ်သည်။

ဘာဘဲဖြစ်ဖြစ်သူနေသောနေရာသည် ရှေးဟောင်းရပ်ကွက်တစ်ခုအဖြစ်သတ် မှတ်ထားကာ ယာဉ်ရပ်နားရန်နေရာများအားလုံးသည် ရောင်းချပြီးဖြစ်သည်။ ဒါကြောင့် သူ့ အတွက်တစ်ပတ်ရစ်ကိုသာ တစ်ခြားတစ်ယောက်ဆီကဝယ်ရန်ဖြစ်နိုင်တော့သည်၊

အိမ်ရာရှိကိုယ်စားလှယ်နှစ်ယောက်ကို ဖြတ်ကျော်လာပြီးနောက် သူသည်ကားပါကင်

စာစဉ် ၆

နေရာတစ်ခုရောင်းချခြင်းနှင့်ပတ်သတ်သော အချက်အလက်များကိုတွေ့ရှိသောအခါ ကောင်းဖန်ကံကောင်းသည်ဟုပင်မှတ်ယူလိုက်သည်။ ၎င်းသည်သူနေတဲ့ အဆောက် အဦးရှေ့ကွက်လပ်တွင်မဟုတ်သော်လည်း ဧရိယာတစ်ခုအတွင်းတွင်ပင်ရှိနေခြင်း ဖြစ်သည်။ အကွာအဝေးသည်မီတာတစ်ရာဝန်းကျင်သာကွာဝေးသည်၊

ဖုန်းခေါ်ဆိုမှုတစ်ခုကိုပြုလုပ်လိုက်သည်နှင့် ညှိနှိုင်းမှုများသည်အဆင်ပြေချောမွေ့သွားကာ သူတို့က ထိုညမှာသဘောတူညီချက်ကိုလက်မှတ်ထိုးခဲ့ကြသည်၊

စာရွက်တွင်လက်မှတ်ထိုးဖို့လာတဲ့သူက အသက်သုံးဆယ်အရွယ်လူတစ်ယောက်ဖြစ်သည်၊

စာစဉ် ၆

ကောင်းဖန်သည်

စာချုပ်ကိုအမြန်ချုပ်ဆိုရန်လိုကြောင်းပြောသောအခါ

သူက သဘောတူပြီးနောက်

ကားဖြင့်ထွက်ခွာတော့သည်။

သူတို့နှစ်ယောက်ကားထဲသို့ရောက်သည်နှင့်

နေရာအတွက်ထောက်ခံချက်နည်းလမ်းများကိုရရန်

အစိုးရအိမ်ခြံမြေဌာနသို့ဦးတည်ခဲ့ကြသည်။

တစ်နာရီကြာပြီးနောက်တွင်

လုပ်ရိုးလုပ်စဉ်များပြီးဆုံးသွားတော့သည်။

ကောင်းဖန်သည်အကူအညီမဲ့စွာပင်

ကမ္ဘာ့မဟာမိတ်အစိုးရ၏ထိရောက်မှုကို

မချီးကျူးဘဲမနေနိုင်တော့ပေ။

လက်ရှိကမ္ဘာ့မဟာမိတ်အစိုးရသည်

နှစ်ဆယ့်လေးနာရီအလုပ်ချိန်ကို
နံနက်ဆိုင်းနှင့်ညဆိုင်းတို့ဖြင့်အလုပ်လုပ်ပြီး
သူတို့ကများပြားသောလုပ်ငန်းစဉ်များသည်
အံ့ဩစရာကောင်းစွာလုပ်ဆောင်နိုင်ကြသည်။

ကောင်းဖန်အိမ်သို့ရောက်သည်နှင့်,
သားရဲအနည်းငယ်သည်ညေ့ခန်းထဲတွင်အိပ်နေ
ပြီဖြစ်သည်။ ကာတွန်းကဖွင့်ထားဆဲဖြစ်ပြီး,
သားရဲတွေကတော့ကြမ်းပြင်ပေါ်နှင့်
ဆိုဖာပေါ်တွင်လဲလျောင်းနေကြသည်။
သူတို့ကတစ်စုံတစ်ယောက်အဝင်အထွက်လုပ်
သည်ကိုတွေ့တာနဲ့
အဲ့တာကသူတို့သခင်ဆိုတာကိုသတိပြုမိပြီး
ပြန်အိပ်ပျော်သွားကြ သည်။

စာစဉ် ၆

ကောင်းဖန်သည်သက်ပြင်းချလိုက်ကာ
တီဗွီကိုပိတ်လိုက်ပြီးနောက်
မီးကိုပါပိတ်လိုက်တော့သည်။

***

စာစဉ် ၆

## အပိုင်း ၉၂ ဝကုန်ပြီ

နောက်ရက်အနည်းငယ်အကြာတွင်တော့၊

ကောင်းဖန် သူ့ကိုယ်ပိုင်သားရဲများ စွမ်းအားတိုးလာရန်အတွက် ကျွေးမွေးဖို့ရန် အဟာရပြည့်ဝသည့်အစားအစာ ပမာဏများစွာကို ဝယ်ယူခဲ့သည်။

တစ်ချိန်တည်းမှာပဲ အစင်းလေးကို ပြီးပြည့်စုံအဆင့်သို့မြှင့်ပေးဖို့ရန်အတွက်လဲ ပြင်ဆင်ခဲ့သည်။

သို့သော် အဆင့်တက်ခြင်းက ရိုးရှင်းသည့်တာဝန်တစ်ခုမဟုတ်ကြောင်း

ကောင်းဖန်မြန်မြန်ဆန်ဆန်ပဲ တွေ့ရှိသွားတော့သည်။ အဆင့်အတန်းကိုတိုးအောင်လုပ်ခြင်းက သူ့အတွက်အဆင်ပြေသော်လည်း အဆင့်တက်ဖို့ကတော့ အလွန်ခက်ခဲလှသည်။

ဒါမျိုးက ရွှေလက်ချောင်းတွေရှိနေရင်တောင်မှ ရွှေလက်ချောင်းများ၏ အကျိုးသက်ရောက်မှုမရှိသည့်အရာများက ရှိနေစဲလိုပင်။

ရက်အနည်းငယ်ကြာအောင် ကောင်းဖန် သူ့သားရဲလေးများအတွက် စွမ်းအင်မြင့်အာဟာရပြည့်ဝသည့်ပါဝင်ပစ္စည်းများစွာကို ဝယ်ကျွေးခဲ့သည်။ ထို့နောက် ရက်အနည်းငယ်ကုန်လွန်သွားခဲ့သည်။ သူရှာဖွေတွေ့ရှိလိုက်ရတာကတော့…..

စာစဉ် ၆

သူတို့ဝလာကြတာပဲ!

တခ့ဇီ၏အခြေအနေကတော့ ကောင်းနေတုန်းပင်။ မနက်ပိုင်းမှာ တိုက်ခိုက်မှုလုပ်တာကြောင့် အပိုအာဟာရဓါတ်များက သူ့ကို ကောင်းမွန်စွာကြီးပြင်းလာသည့်ဘက်ကို အကျိုးဖြစ်စေသည်။

သို့ပေမည့် အစင်းလေးသည်တော့ ပင့်ကူခန္ဓာကိုယ်ကနေပြီး ဂဏန်းခန္ဓာကိုယ်လိုဖြစ်လာတော့သည်။ သူ့ကိုကြည့်ရုံနဲ့ ဘာတွေဖြစ်ပျက်သွားလဲဆိုတာကို သိနိုင်သည်။ လောလောဆယ်မှာတော့ ကောင်းဖန်၏စိတ်ထဲတွင် အစင်းလေးအတွက် ‘မီးခိုးရောင်’နဲ့ ‘ဝတယ်’ဆိုသည့် စကားလုံးများက ကွက်ကွက်ကွင်းကွင်းပေါ်လာသည်။

စာစဥ် ၆

ကောင်းဖန်မှာ ခန္ဓာကိုယ်ပုံစံလုံးဝပျက်ယွင်းနေသော ပျင်းရိသည့်အစင်းလေးအတွက် ပြောစရာစကားများပျောက်ရှနေတော့သည်။ “မနက်ဖြန်ကစပြီး မင်းငါနဲ့အပြင်လိုက်ခဲ့ရမယ်။”

“ဗီ?” အစင်းလေးက အသံတစ်သံပြုကာ နားမလည်နိုင်ဟန်ဖြင့် မော့ကြည့်လာခဲ့သည်။

“မနက်ဖြန် ငါနဲ့ကျောင်းလိုက်ခဲ့။ မင်းလဲ တာ့ဗီလိုမျိုး တိုက်ခိုက်ရေးလေ့ကျင့်မှုလုပ်ရမယ်။” ကောင်းဖန် အမူအရာမဲ့မျက်နှာထားဖြင့် အစင်းလေးကို သင်ကြားနေတော့သည်။

သူသာ အစင်းလေးကို အိမ်မှာပဲဆက်နေခိုင်းမည်ဆိုလျှင် တစ်နေ့နေ့မှာ အစင်းလေး

ဝက်တစ်ကောင်အဖြစ်သို့ပြောင်းလဲသွားမလားဟုပင် သံသယဝင်နေမိသည်။

အစင်းလေးကတော့ ထိုစကားကြားသည်နှင့် လက်ရှစ်ဖက်လုံးကို ဆန့်ထုတ်ကာ ကြမ်းပေါ်တွင် အပြားလိုက်နေ,နေတော့သည်။

ကောင်းဖန်ကတော့ အစင်းလေး၏အရေခွံများကို ပြင်ဆင်ချက်ပြုတ်ရန်တွက် မီးဖိုချောင်ရှိရာသို့ ဦးတည်သွားခဲ့ပေပြီ။

ပထမတော့ သူထိုသို့ချက်ပြုတ်ရခြင်းနှင့် အသားမကျခဲ့ပေ။ သူထူးဆန်းသလို ခံစားခဲ့ရပေမည့် အဆုံးမှာတော့ အစင်းလေး၏အရေခွံကြော်ကို စားလိုက်စဲသာ။ အရသာကတော့

တကယ်ကောင်းတယ်! တဖြည်းဖြည်း သူ့ရဲ့ထူးဆန်းတဲ့ဝါသနာအပေါ် အံ့ဩလာမိတော့သည်။

သို့သော်လည်း သူက ဟွားရှားမှလူတစ်ဦးမှန်း ပြန်အမှန်ရသွားသည်။

ဒီလိုအင်ပါယာကြီးက လူတစ်ဦးက ဘာကိုမှမစားနိုင်မရှိစေရဘူး!

ထိုသို့တွေးမိလိုက်ပြီးသည်နှင့် တစ်ဖန်ပြန်ပြီးစိတ်သက်သာရာရသွားတော့သည်။

..........

နောက်တစ်နေ့တွင်တော့ ကောင်းဖန် ကျောင်းကို ဆီလီနှင့်အချင်း၆ပေအထိကြီးလာပြီဖြစ်သည့် တာ့ဇီတို့ကို ခေါ်သွားသည်။

အစင်းလေးသည် အခုဆိုလျှင် လူကိုသယ်လို့ရသည့်အထိကြီးမားနေပြီဖြစ်သည်။ ၎င်း၏ပုံစံက ကြည့်ရအဆင်မပြေကာ ထူးဆန်းပုံပေါက်နေသည်ကသာ ပြောစရာအချက်ပင်။

မနေ့က မိုးရွာခဲ့တာကြောင့် မနက်စောစောတွင် စိုစွတ်နေစဲဖြစ်သည်။ အစင်းလေးကတော့ ကောင်းဖန်နောက်မှလိုက်လာကာ သူ့သခင်ကိုမော့ကြည့်ပြီးနောက် တိတ်တဆိတ်လျှောက်လာခဲ့သည်။

ကောင်းဖန် ကျောင်းသို့ရောက်သည်နှင့် သံတံခါးကိုကျော်ဖြတ်ကာ လေ့ကျင့်ရေးကွင်းထဲသို့ဝင်လိုက်သည်။ ထို့နောက်

သူ့ကိုယ်ပိုင်သားရဲများကို အထူးသီးသန့်အနားယူသည့်နေရာ၌ထားလိုက်သည်။

အခုက မနက်ပိုင်းစာသင်ချိန်ဖြစ်တာကြောင့် ကောင်းဖန်ကတော့ စာသင်ခန်းရှိရာသို့ သွားခဲ့သည်။ ကျောင်းသားအချို့က စာဖတ်နေကာ အချို့ကတော့ အိမ်စာများကူးနေကြသည်။ ထို့အပြင် စာသင်ခန်းတစ်ခုလုံး အသံပေါင်းစုံဖြင့် ပြည့်နှက်နေသည်။

"အာ၊ ကောင်းဖန်၊ မင်း ဒီနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဝင်ဖြေမှာဆို။" ထန်ချင်ကျင်း အနားသို့ကပ်ကာ အသံခပ်တိုးတိုးနှင့်မေးလိုက်သည်။

"အမ်၊ ငါကြိုးစားကြည့်မလို့။" ကောင်းဖန် ပြန်ဖြေကာ ရယ်လိုက်ပြီး၊

“မင်းဘယ်ကကြားလာတာလဲ? ဘာလို့များ မင်းက သတင်းအချက်အလက်ဌာနကလို ခံစားနေရပါလိမ့်? မင်းမသိတာ ဘာမှကိုမရှိဘူး။”

“ဟီး–ဟီး၊ မဟုတ်တာ၊ ငါက လူတွေအကြောင်း နည်းနည်းလေး ပိုသိနေရုံပါ။”

ချန်ဟန်ချောင်ပဲဖြစ်မယ်။ ဟုတ်တယ်မလား? သူလဲပဲ ဒီနှစ်စာမေးပွဲဝင်ဖြေဖို့ ပြင်ဆင်နေတာမဟုတ်လား? ကောင်းဖန် တွေးမိသွားသည်။ သူမှတ်မိသလောက်ဆို အရင်နေ့က နေခဲ့ခိုင်းသမျှမှာ စီနီယာနှစ်ကျောင်းသားများဖြစ်သည်။ ထိုထဲမှာ ထန်ချင်ကျင်းရော သူနဲ့ပါသိတာဆိုလို့ ချန်ဟန်ချောင်သာရှိသည်။

စာစဉ် ၆

ထို့အပြင် ချန်ဟန်ချောင်၏မိသားစုရှိ လျှပ်စီးဝက်ဝံသည် အုပ်ချုပ်သူအဆင့်သို့ တက်လှမ်းနိုင်သော သားရဲတစ်ကောင်ဖြစ်ပြီး ကျောင်းမှ ထိပ်တန်းကိုယ်ပိုင်သားရဲရှိသူများထဲတွင်လဲ ပါဝင်သည်။

သို့ပေမည့် ချန်ဟန်ချောင်တို့အဖွဲ့သည် ကောင်းဖန်တို့အဖွဲ့နှင့် ခပ်လှမ်းလှမ်းတွင်ရှိခဲ့သည်။

သူတို့နှစ်ယောက်သည် အတန်းဖော်များဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အဆက်အဆံသိပ်မရှိတာကြောင့် သာမာန်အတန်းဖော်မျှလောက်သာဖြစ်သည်။

အတန်းရှိကျောင်းသားများထံမှ ချန်ဟန်ချောင်၏ဖခင်သည် ချန်အန်းမှ နာမည်ကြီးသားရဲအမဲလိုက်အဖွဲ့တစ်ခု၏ခေါင်းဆောင်ဖြ

စ်ကြောင်းကိုတော့ ကောင်းဖန် ယောင်ဝါးဝါးကြားဖူးထားသည်။

သူပြောတာဟုတ်မဟုတ် သေချာမသိသော်လည်း အတင်းအဖျင်းပြောတတ်သည့်လူမျိုးနဲ့တော့ မတူပေ။

“အမှန်ဘဲ၊ ငါ့လိုသာမန်လူတွေက ကိုယ်တိုင်ပြင်ဆင်ပြီးတော့မှပဲ နောက်ထပ်စာမေးပွဲအတွက်စာရင်းသွင်းနိုင်မယ်။” ထန်ချင်ကျင်းကသက်ပြင်းချကာပြောလိုက်သည်။ “ငါအရမ်းမနာလိုတာဘဲ, ငါ့တို့လိုလူတွေက အလုပ်ဘဲလုပ်နိုင်ပြီး နောက်တစ်နှစ်အတွက်သနားစရာကောင်းခံရပြန်ဦးမယ်။”

ကောင်းဖန်ကခတ်ဆတ်ဆတ်ပြန်ပြောလိုက်သည်, “မင်းမနာလိုရင်မင်းကိုယ်တိုင်

စားရင်းသွားသွင်းလိုက်လေ၊ အကယ်၍မင်းဒီနှစ်ကိုကျရင် နောက်တစ်ကြိမ်စာမေးပွဲ ထပ်ဖြေရဦးမှာဘဲ။”

“မေ့လိုက်တော့, မေ့လိုက်တော့”

ထန်ချင်ကျင်းကဟန်ဆောင်ကာရယ်လိုက်သည်။ ဘာကြောင့်သူကစာမေးပွဲမှာဝင်ဖြေရမှာလဲ၊ သွားအရိုက်ခံရပြီး ဒုက္ခပေးခံရဖို့လား?

“မင်းတို့ကောင်တွေ သားရဲလေ့ကျင့်သူအရာရှိလောင်းတွေဖြစ်ရတာ ပင်ပန်းတယ် မလား?”

ကောင်းဖန်နှင့်ထန်ချင်ကျင်းကြားက ပြောနေတဲ့စကားတွေကိုကြားလိုက်တဲ့ သူတို့နားကကျောင်းသားကမေးလိုက်သည်၊

"မဟုတ်ပါဘူး, ဒါတွေအားလုံးကမပင်ပန်းပါဘူး။ ဒါတွေကစိတ်ဝင်စားဖို့ကောင်းပြီး ပျော်ဖို့ကောင်းတယ်။ ငါတို့ကငါတို့ရဲ့သားရဲတွေနဲ့ နေ့လည်ခင်းတိုင်းကစားပေးရပြီး, ညနေပိုင်းကိုယ်ပိုင်စာလေ့လာချိန်ကိုလဲ သွားစရာမလိုဘူး၊ ဒါကဘဝဘဲ။" ထန်ချင်ကျင်းကအပြုံးနှင့်ပြန်ပြောလိုက်သည်။

ကျောင်းသားက အံ့သြသွားပြီး ချက်ချင်းပင်ပြန်လှည့်သွားကာ သူ့ရဲ့အိမ်စာတွေကိုဆက်လုပ်တော့သည်။

ထိုနေ့ခင်းကွင်းပြင်တွင် နည်းပြကျန့်ရန်ပိုင်ကလျှောက်လာပြီး

ငါးကောင်သားရဲအဖွဲ့ကို ပုံမှန်အတိုင်းပင်စိုက်ကြည့်နေတော့သည်၊

တစ်,နှစ်,...သုံး,ခြောက်၊ ဟမ်!? သားရဲခြောက်ကောင်? ဘာကြောင့်တစ်ကောင်ကပိုနေတာလဲ?! သူကအံ့သြစွာနှင့်သိချင်နေသည်။

သားရဲအုပ်စုထဲတွင် ပုန်းလျှိုးကွယ်လျှိုးနေနေတဲ့မီးခိုးရောင်ပင့်ကူတစ်ကောင်က သူ့အရွယ်အစားကြီးနှင့်တခြားသားရဲများထဲတွင် ပုန်းနေသည်။

“ထွက်လာခဲ့!” ကျန့်ရန်ပိုင်ရဲ့အမူအရာကတင်းကြပ်လာပြီးသူက

အစင်းလေးကို ညွှန်ပြကာမေးလိုက်သည်၊

“ဒါဘယ်သူလဲ?”

ကောင်းဖန်က

သူ့လက်ကိုမြှောက်လိုက်ပြီးပြောလိုက်သည်,

“တင်ပြပါတယ်, နည်းပြ ဒါကျွန်တော့်သားရဲပါ။”

ကျန့်ရန်ပိုင်ကကောင်းဖန်ကိုစိုက်ကြည့်လိုက်ပြီး ဒီကလေးမှာကင်းခြေများအမျိုးအစားသားရဲရှိတာကိုမှတ်မိသွားသည်။ သားရဲအုပ်စုထဲတွင်, ဒါကအတော်လေးသန်မာကြောင်း တွေးတောနေသည်၊ ဒါ့အပြင်,ကလေးကခုမှဒုတိယနှစ်ရှိသေးတာဖြစ်သည်။ တစ်ယောက်ကတော့

ဒီကလေးဟာအလားအလာကောင်းတယ်လို့ပြောနိုင်ပြီ

ဆိုပေမယ့်

ခုတော့သူ့မှာနောက်ထပ်သားရဲရှိနေသေးသည်။

သာမန်အခြေအနေများအရ

သူဘယ်တော့မှပြောရန်ဆန္ဒပင်မရှိပေ၊ သို့သော်ကောင်း

သောပျိုးပင်ကိုတော့သူလက်မလွှတ်နိုင်ပါ။

“ပုံမှန်အခြေအနေတွေအောက်မှာတော့,

သားရဲလေ့ကျင့်သူတွေက သူတို့ရဲ့ပထမဆုံး

သားရဲတွေဆီကို အရာအားလုံး

ပုံအောလေ့ကျင့်ပေးကြတယ်။ သူတို့က

ပထမဆုံးတစ်ကောင်

အုပ်ချုပ်သူသားရဲအဆင့်ရောက်ခါမှ

ဒုတိယတစ်ကောင်ကို လေ့ကျင့်နိုင်တာ။

ဒါကဘာလို့လဲဆိုတော့အုပ်ချုပ်သူအဆင့်သားရဲတွေက

သာ တစ်ခြားသူရဲ့အသက်ကို
အမှန်တကယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိတာမလို့
ဘဲ။”နည်းပြကျန့်ရန်ပိုင်က
ကောင်းဖန်အားအကြံပေးလိုက်သည်။

“တစ်ချိန်တည်းမှာဘဲ
သားရဲအများကြီးကိုလေ့ကျင့်ပေးခြင်းက
မင်းရဲ့အချိန်တွေနဲ့ ခွန်အားအများကြီးကို
ဖြုန်းတီးရာရောက်တယ်။
အထူးသဖြင့်ဝင်ခွင့်စာမေးပွဲမတိုင်မှီ
ဒီလိုအရေးကြီးတဲ့ကာလတစ်ခုမှာ
သားရဲတွေကိုလေ့ကျင့်ဖို့က အချိန်အများကြီးကြာ
စေတယ်။ မင်းရဲ့အကောင်းဆုံးရွေးချယ်မှုက
မင်းရဲ့သားရဲကိုအုပ်ချုပ်သူအဆင့်ထိ တက်နိုင်အောင်

စာစဉ် ၆

အုပ်ချုပ်သူအဆင့်သားရဲဆီကနေ အမှတ်တွေကို ရယူရမယ်။”

နည်းပြကျန့်ရန်ပိုင်က ကောင်းဖန်အားလက်ဆင့်ကမ်းပေးလိုသောစကားမှာ တာ့ဇီအားလေ့ကျင့်ရေးကိုအာရုံစိုက်ရန်နှင့် တာ့ဇီအားပင့်ကူကိုမလေ့ကျင့်မီ အုပ်ချုပ်သူအဆင့်သို့မြှင့်တင်လိုစေခြင်းဖြစ်သည်။

နောက်ဆုံးတွင် အုပ်ချုပ်သူအဆင့်သားရဲအတွက် အခြေခံရမှတ်ငါးရာအထိတိုး လာပြီဖြစ်သည်။ ပြီးပြည့်စုံသောအဆင့် ထိပ်တန်းအဆင့်သားရဲကိုအနိုင်ယူနိုင်လျှင်တောင်မှ အမှတ်တစ်ရာဘဲရမည်ဖြစ်သည်။

စာစဉ် ၆

ကြီးမားသောအမှတ်ကွာခြားမှုသည် အုပ်ချုပ်သူအဆင့်နှင့်ထိပ်တန်းအဆင့်ကြား အင်အားကွာခြားချက်ကိုသက်သေပြသရန် လုံလောက်နေပေပြီ။

ကောင်းဖန်ကလဲ နည်းပြကျန့်ရန်ပိုင်၏စကားများကို စိတ်ရှည်စွာနှင့်နားထောင်ခဲ့ကာ နားလည်ကြောင်းပြရန်ပြုံးပြလိုက်သည်။

နည်းပြသည်ကျန့်ရန်ပိုင် နောက်ထပ်,ထပ်မပြောတော့ပေ။ သူက လိုအပ်တာမှန်သမျှကိုပြောပြပြီးဖြစ်ကာ နားထောင်သည်,နားမထောင်သည် ဆိုတာသူ့ကိစ္စမဟုတ်ပေ။

စာစဉ် ၆

ထိုနေ့တွင်လဲ သူတို့သည်
သစ်ရွက်ဆွေးကျိုင်းကောင်နှင့်တိုက်ခိုက်နေစဲပင်။
ဒါပေမယ့်ကောင်းဖန်ကတော့
ဒီတစ်ကြိမ်တာ့ဇီကိုတိုက်ရန်မလွှတ်တော့ဘဲ အဲ့ဒီအစား,
သူကအစင်းလေးကိုသံလှောင်အိမ်ထဲသို့ဝင်စေသည်။

နည်းပြကျန့်ရန်ပိုင်သည်သက်ပြင်းချလိုက်သည်၊
ကောင်းဖန်သည် သူ့ကိုယ်ပိုင်ဆန္ဒ
အတိုင်းလုပ်ဆောင်နေသည်ကိုမြင်သောအခါ
သူ့နှလုံးတစ်ခုလုံးတွင်စိတ်ပျက်ခြင်းတွေ
နဲ့ပြည့်နေတာကိုခံစားလိုက်ရသည်၊

သံလှောင်အိမ်ထဲမှသစ်ရွက်ဆွေးကျိုင်းကောင်သည်ပြ
ြီးမားသည်။ ၎င်းကအရင်နေ့က
အကောင်ထက်ပို၍ကြီးသည်၊ ၎င်းကသုံးပေရှည်လျားပြီး

စာစဉ် ၆

ငင်းကလျောင်အိမ်၏ထိပ်တွင်
ထိုင်နေကာငင်းကပတ်ဝန်းကျင်၏အာရုံကိုစိုးမိုးထားသည်၊

[မကောင်းဆိုးဝါးအမည်]–
သစ်ရွက်ဆွေးကျိုင်းကောင်(ကြီးမားသောမှုကွဲကောင်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၀(သာမန်အဆင့်)

***

စာစဉ် ၆

# *အပိုင်း၉၃ သတ္တိကြောင်ပြီးအော်နေတယ်လား!*

ဒီတောအတွင်းအစင်းလေးက အဆင့်၁၇အထိသို့တိုးတက်လာပြီဖြစ်သည်။ အဆင့်နှင့် အဆင့်အတန်းအရတော့ သစ်ရွက်ဆွေးကျိုင်းကောင်နှင့်ကြားမှာ သိပ်ပြီးတော့ကွာခြားမှုသိပ်ရှိပုံတော့မပေါ်ပေ၊ ၎င်းက လေ့ကျင့်မှုအတွက်ပြိုင်ဘက်သာဖြစ်သည်။

ကျိုင်းကောင်များသည် မူလကပင့်ကူ၏သားကောင်ဖြစ်သည်။ ထိုကဲ့သို့ကြောင့် ဒီအခြေအနေမျိုးတွင် မျိုးစိတ်ကြောင့်နဲ့တော့ အားနည်းစရာမရှိပေ။ ဆန့်ကျင်ဘက်အနေ ဖြင့် အစင်းလေးကအသာစီးရမည်ဖြစ်သည်။

သို့သော်လည်းရလဒ်သည် မျှော်လင့်ထားသည့်အရာနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေသည်၊

ကောင်းဖန်သည်အစင်းလေးကိုလှောင်အိမ်ထဲသို့တွန်းချလိုက်ပြီးနောက် အစင်းလေးသည် မော့ကြည့်လိုက်သည်နှင့် သံလှောင်အိမ်၏ကြိုးများပေါ်တွင်ချိတ်ဆွဲနေသောကြီးမားသည့်အကောင်ကြီးကို တွေ့လိုက်ရသည်၊ထိတ်လန့်လွန်း၍ ချက်ချင်းပင် လှောင်အိမ်၏ထောင့်မှာပုန်းနေပြီး ခေါင်းကိုကာကွယ်ဖို့အတွက် ဒိုင်းနှင့်တူသည့် ခြေနှစ်ဖက်ဖြင့်ကာထားလိုက်သည်၊

ထို့နောက်, ၎င်းကသူ၏ခြေချောင်းများကြားထဲမှ သစ်ရွက်ဆွေးကျိုင်းကောင်ကို အနည်းငယ်ချောင်းကြည့်လိုက်သည်။

## စာစဉ် ၆

သစ်ရွက်ဆွေးကျိုင်းကောင်က အစင်းလေး၏တည်ရှိနေမှုကိုသတိထားမိသွားသည်။ ၎င်း၏ပေါင်းစပ်နေသောမျက်လုံးများက ရွှေ့လျားသွားပြီး သူ့အောက်မှာရှိနေသည့် ကြီးမားသည့်ပင့်ကူကိုစိုက်ကြည့်နေသည်၊

အစင်းလေး၏ခန္ဓာကိုယ်မှထွက်လာသောအရှိန်အဝါ က သူ့ကို အဆင်မပြေဖြစ်စေသည်၊ သူ့ပါးစပ်ကိုသူ့ကိုယ်သူအလိုက်သင့်ညှိလိုက်သည်။ ၎င်း၏ခေါင်းကအောက်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး စူးစိုက်စွာဖြင့်အစင်းလေးကိုကြည့်လိုက်သည်။ ၎င်း၏ နောက်ကျောဘက်ရှိတောင်ပံများက ဓားသွားနှစ်ခုလို မြင့်မားသည့်ကြိမ်နှုန်းတုန်ခါ နေသကဲ့သို့တဖျပ်ဖျပ်ပျံသန်းနေသည်။

ထောင့်တွင်ပုန်းနေသောအစင်းလေးက နောက်ဆုတ်ချင်နေခဲ့ပေမယ့် သွားစရာ

နေရာမရှိဘူးဖြစ်နေသည်။
သစ်ရွက်ဆွေးကျိုင်းကောင်ကိုကြောက်ရွံ့နေသောကြော
င့်
သူ၏ခြေတံများကိုဟိုလှည့်ဒီလှည့်သာလုပ်နေနိုင်သည်။

သစ်ရွက်ဆွေးကျိုင်းကောင်သည်ငြိမ်သက်နေပြီး
၎င်းအောက်တွင်ရှိသောပင့်ကူ၏
ထူးဆန်းသောအပြုအမူကြောင့်နဲ့တင်
သူ၏စောင့်ကြည့်မှုကိုတော့လျော့ချခြင်းမရှိပေ၊
၎င်းကိုဖမ်းမိသောအခါတုန်းက
သူ့ကိုသေးငယ်တဲ့လှောင်အိမ်ထဲကိုချုပ်နှောင်ထားပြီး
ဒီနေ့မွန်းလွဲပိုင်းအထိအရသာရှိသောအစာတစ်နပ်မစား
ရသေးပေ။

သေချာတာပေါ့, သစ်ရွက်ဆွေးကျိုင်းကောင်ကတော့
'နောက်ဆုံးအစာ'ဆိုတဲ့သဘော
တရားကိုနားမလည်နိုင်ခဲ့ပေ၊

စာစဉ် ၆

လျောင်အိမ်အပြင်ဘက်တွင် ကောင်းဖန်သည် မြင်ကွင်းကိုတိတ်တဆိတ်ကြည့်နေခဲ့သည်၊ သူကစိတ်ပိုင်းဆိုင်ရာပြင်ဆင်ထားသော်လည်း အစင်းလေးအတွက်မစိုးရိမ်ဘဲ မနေနိုင်ခဲ့ပေ။ ၎င်းကအတွေ့အကြုံတစ်ခုခုကိုလိုလိုက်သည်။ အကယ်၍၎င်းက ကြီးထွားချင်ပါက, ၎င်းကတိုက်ခိုက်မှုအတွေ့အကြုံကိုလိုအပ်သည်။

ထိုအချိန်မှာပင်, ကောင်းဖန်က နူးညံ့ပြီးရက်စက်ကြမ်းကြုတ်သောပင်ကိုယ်စရိုက်ဟူသည့် မစ္စတာကျန်းပြောသောစကားကိုနောက်ဆုံးတော့နားလည်သွားပြီဖြစ်သည်၊

ပထမပွဲစဉ်တွင်တာ့ဇီနှင့်အစင်းလေး၏လုံးဝကိုခြားနားသည်။

တဘ့ဇီသည်ရန်မူတတ်သည်။ ၎င်းကသားကောင်ကိုတိုက်ခိုက်ရန်ပင်အစပြုခဲ့သည်။ အစင်းလေးသည်တောဘ့ သူ့ကိုယ်သူကာကွယ်ရန်ဘဲရွေးချယ်ခဲ့သည်။ အလွန်ကိုထွက်ပြေးချင်နေပုံလဲရသည်။ အကယ်၍ကြမ်းပြင်ကသာ ဘိလပ်မြေခင်းထားသည့်ကြမ်းပြင်မဟုတ်ပါက အစင်းလေးသည် ထွက်ပြေးဖို့ကြိုးစားရန်မြေပြင်တွင် တွင်းတောင်တူးလိမ့်မည်ဟုပင် သူယုံကြည်သည်။

ဒါကပဲ သူတို့နှစ်ယောက်ကြားကကွာခြားချက်ပင်။

ဇီဇီ,ဇီဇီ၊ အစင်းလေးသည်နူးညံ့စွာဖြင့် အော်လိုက်ပြီး သစ်ရွက်ဆွေးကျိုင်းကောင်အား မျက်နှာချိုသွေးကာ သူ့ခန္ဓာကိုယ်ကိုဖြောင့်မတ်စွာထားလိုက်ပြီး အသံသေးလေးနှင့် အော်လိုက်သည်၊

စာစဉ် ၆

ကောင်းဖန်၏စိတ်ထဲတွင်တော့,
အစင်းလေး၏အသံကိုကြားနေရသည်။
မလုပ်...ငါ့ကိုမရိုက်ပါနဲ့။

ဒီငတုံးကတော့,
ကောင်းဖန်ကသူ့ဘာသာတွေးလိုက်မိသည်။

သစ်ရွက်ဆွေးကျိုင်းကောင်က
ဒါကိုနားလည်တယ်ဆိုရင်တောင်
ဂရုဏာသက်သည်ဆိုတာကို
ပြမည်မဟုတ်မှန်းကောင်းဖန်သိသည်။
အစင်းလေး၏ကိုယ်ရည်ကိုယ်သွေးသည်
၎င်းအားအနိုင်ကျင့်ရန်ပစ်မှတ်တစ်ခုဖြစ်စေသည်။

တောဝက်ကန့်ပါတ်၁, ဝက်ဝံကန့်ပါတ်၂,
ကျားကန့်ပါတ်သုံးဟူ၍တောထဲတွင်ပြောလေ့ရှိကြသည်၊

စာစဉ် ၆

ဘာကြောင့်လဲဆိုတော့,

ရှုးသွပ်သွားသောအခါတောဝက်သည်

သူ့ဘဝကိုလုံးဝဂရုမစိုက်လို့ဖြစ်သည်။

အချုပ်အားဖြင့်တော့တုံးအတာဖြစ်ပေါ့!

ဝက်ဝံကရင်းရှုးသွပ်သွားသည့် အခါတွင်ရိုးရှင်းသည်,

၎င်းကဘယ်သူဖြစ်ဖြစ်ဂရုစိုက်မနေပေ၊ ၎င်းကပြိုင်ဘက်

မသေမချင်းမရပ်တန့်ပေ။

ကျားကတော့ပိုပြီးထက်မြက်ကာ

အရည်အချင်းပြည့်မှီသော

အမဲလိုက်သူတစ်ယောက်ဖြစ်သည်၊

၎င်းကဘယ်အချိန်ရှေ့တိုးရမယ်, ဘယ်အချိန်

နောက်ဆုတ်ရမယ်ဆိုတာကိုသိပြီး

အခြေအနေနှင့်မသက်ဆိုင်လျှင် ဝင်တိုးမည် မဟုတ်ပေ၊

ထို့ကြောင့်ကျားကတတိယအဆင့်ဖြစ်ခြင်းဖြစ်သည်။

## သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၆

မျှော်လင့်ထားသည့်အတိုင်း
သစ်ရွက်ဆွေးကျိုင်းကောင်သည်
မြင့်သည့်အပေါ်မှပြုတ်မကျခင်
သူ၏ဦးခေါင်းကိုအနည်းငယ်တွန့်လိမ်လိုက်သည်ကို
ကောင်းဖန်မြင်လိုက်ရသည်။

၎င်း၏ခြေနှစ်ချောင်းသည် ကြိုးများကဲ့သို့ပင်,
ပေါက်ကွဲအားနှင့်အတူအရှေ့သို့
တွန်းကန်လိုက်တာကြောင့်,
သံလျောင်အိမ်သည်တဟုန်ထိုးတုန်ခါနေတော့သည်။

ကျိုင်းကောင်၏ရှေ့ခြေထောက်များသည်
သွယ်လျသောလွှများလိုမျိုးအောက်သို့
ကြမ်းတမ်းစွာနှင့်ခုတ်ချလိုက်သည်။
အစင်းလေးကသတ္တိနည်းသော်လည်း
သူ့ကိုယ်သူကာကွယ်ရန် အချိန်ရောက်လာသည့်အခါတွင်
၎င်း၏တုံ့ပြန်မှုကနှေးကွေး သွားခဲ့သည်။

စာစဉ် ၆

ငင်းသည်သူ၏ဦးခေါင်းကိုကာကွယ်ရန် ဒိုင်းနှင့်တူသောရှေ့ခြေထောင်နှစ်ချောင်းကို ချက်ချင်းမြှင့်လိုက်သည်၊

အသံနိမ့်နိမ့်နှင့်ပဲ့တင်ခတ်သည့်အသံကထွက်လာေ ေ့သည်၊

သစ်ရွက်ဆွေးကျိုင်းကောင်သည် လျင်မြန်စွာဖြင့်ခုန်လိုက်သည်၊ ၎င်း၏နောက်ကျောရိုတောင်ပံများသည် တုန်ခါလာပြီးသံလှောင်အိမ်ပေါ်တွင် ချိတ်နေရန်ပြန်သွားလိုက်သည်။ ၎င်း၏မျက်လုံးအစုံကလှုပ်ရှားသွားပြီး အစင်းလေးကိုဆက်၍စိုက်ကြည့်နေသည်။

သေချာရှင်းလင်းစွာနဲ့ဘဲ, ၎င်းကမည်သည့်အသာစီးမျှမရပေ။

စာစဉ် ၆

အစင်းလေးကသူ၏လက်သည်းများကို ဖြေလျှော့ကာလှုပ်ရှားလိုက်ပြီး, ဂဏန်းတစ်ကောင်လိုမျိုးအခြားတစ်နေရာသို့ရွှေ့လိုက်သည်၊ ၎င်းသည်သံလှောင်အိမ်၏ဘေးသို့ ကြည့်နေသည်။

သစ်ရွက်ဆွေးကျိုင်းကောင်သည်သတိရှိစွာနှင့် မလှုပ်မယှက်နေနေသည်၊ ဒါက နောက်ထပ်ဗျူဟာအသစ်ပုံစံလား?

တစ်ကောင်ကသံသယဝင်နေပြီး တစ်ကောင်ကသတ္တိနည်းနေသည်၊ သားရဲနှစ်ကောင်ကြားလျင်မြန်စွာနှင့်တိုက်ခိုက်မှုအပြီး တွင် လှောင်အိမ်သည်ရင်တထိတ်ထိတ်ဖြစ်စွာနှင့်တိတ်ဆိတ်သွားသည်၊

စာစဉ် ၆

ဘယ်လိုဘဲဖြစ်ဖြစ်,
ဒါကမုန်တိုင်းမလာခင်ငြိမ်သက်နေခြင်းသာဖြစ်သည်၊
လျောင်အိမ်၏အရွယ်အစားအတွင်းတွင်
သားရဲနှစ်ကောင်နေထိုင်ဖို့အတွက်ကမဖြစ်နိုင်ပေ။

တစ်ခဏရပ်နေပြီးနောက်တွင်,
သစ်ရွက်ဆွေးကျိုင်းကောင်သည်
နောက်ထပ်တိုက်ခိုက်တော့သည်၊
အစင်းလေးကအလွန်သတ္တိမရှိကြောင်း
စစ်ဆေးတွေ့ရှိခဲ့ပုံပေါ်သည်။
အစင်းလေး၏ခြေချောင်းများကို ကုတ်ခြစ်ရန်
သစ်ရွက်ဆွေးကျိုင်းကောင်က
သူ၏ချွန်ထက်သောလက်သည်းများကို
အသုံးပြုလိုက်ပြီး, ၎င်း၏အတောင်ပံနှစ်စုံကဆက်၍
ပွဲတင်သံထွက်ကာတုန်ခါနေသည်။

ကပ်ဆိုးကြီးမတိုင်ခင်က, သစ်ရွက်ဆွေးကျိုင်းကောင်များသည် ၎င်းတို့၏အတောင်ပံခတ်နိုင်နှုန်းမှာတစ်စက္ကန့်လျှင်၁၈ကြိမ်ဖြစ်သည်၊ ကပ်ဆိုးကြီးပြီးသွားပြီးနောက်တွင် သစ်ရွက်ဆွေးကျိုင်းကောင်၏ အတောင်ပံခတ်နိုင်နှုန်းမှာတစ်မိနစ်လျှင်၃၆ကြိမ်ရှိနေပြီဖြစ်သည်။

ပြင်းထန်သောအတောင်ခတ်နိုင်နှုန်းမှကြောင့် သစ်ရွက်ဆွေးကျိုင်းကောင်ကအစင်းလေးကို လေထဲသို့မတင်ဖို့အတွက်ကူညီပေးသည်၊ အစင်းလေးသည်ကြောက်စိတ်မွှန်နေပြီး စီခနဲကျယ်လောင်စွာစတင်အော်တော့သည်၊

သစ်ရွက်ဆွေးကျိုင်းကောင်က ကြိုးကြိုးစားစားလုပ်ကိုင်နေပြီး ၎င်း၏အတောင်တွေကို ဆက်၍လှုပ်ရှားကာ,

စာစဉ် ၆

အမြင့်၁၀၀မီတာပတ်လည်လောက်အထိ အစင်းလေးကိုခေါ်ဆောင်သွားသည်၊

ဂဏာန်းကအရမ်းလေးတာဘဲ၊ ကျိုင်းကောင်က ၄င်း၏အင်အားများကုန်ခမ်းလုနီးပါးဖြစ်နေသည်၊ ကျိုင်းကောင်၏မျက်လုံးထောင့်စွန်းရှိ သွေးကြောကပေါက်ထွက်လုနီးပါးဖြစ်နေသည်မှာထင်ရှာ းနေပြီး, ၄င်း၏ပါးစပ်ပိုင်းကတင်းတင်းကြပ်ကြပ်ပင် အံ့ကြိတ်ထားသည်၊ နောက်ဆုံး,နောက်ဆုံး, ၄င်းကမတင်လိုက်သည်!

နောက်တော့၄င်းကသူ၏မြဲမြံစွာဆုပ်ကိုင်ထားမှုကို ဖြေလျော့လိုက်ပြီး မြင့်နေသော လေထုထဲမှအစင်းလေးကိုပစ်ချလိုက်သည်၊

အစင်းလေး!  ကောင်းဖန်ရဲ့နှလုံးကတင်းကြပ်သွား သည်၊

စာစဉ် ၆

အစင်းလေးကကြောက်စိတ်မွှန်နေသည်၊ ၎င်း၏အနည်းငယ်ဝသောခန္ဓာကိုယ်နှင့်အတူ ၎င်းကအနည်းငယ်လှည့်နိုင်ရန်အတွက် ရုန်းကန်လှုပ်ရှားလိုက်သည်၊ ထို့နောက်၎င်းက များပြားသည့်ပမာဏရှိသော အဖြူရောင်အရည်များကိုထွေးထုတ်လိုက်သည်၊ အရည်လေထုနှင့်ချိတ်ဆက်မိသွားကာများသည် ချက်ချင်းပင်ခြောက်သွေ့သွားပြီး အလွန်ထူးခြားသောအရာတစ်ခုအဖြစ်ပြောင်းသွားကာ ပြန်ကန်ထွက်လာသည်။ ၎င်းက မရှောင်နိုင်လိုက်သော သစ်ရွက်ဆွေးကျိုင်းကောင်ပေါ်သို့ဖုံးအုပ်သွားတော့သည်၊

အဖြူရောင်အရည်များသည်ပင့်ကူအမျှင်များအဖြစ်ပြောင်းလဲသွားပြီးလက်မောင်းကဲ့သို့ ထူထဲကာဆွဲအား၏အကျိုးသက်ရောက်မှုအောက်၌

ပင့်ကူမျှင်သည်အတောင်နှစ်ဖက်တွင်ကပ်လျက်ရှိကာ, သစ်ရွက်ဆွေးကျိုင်းကောင်ကိုရုန်းမထွက်နိုင်အောင်ပိတ်ချလိုက် သည်၊
အစင်းလေး၏ကျဆုံးနေခြင်းသည်ချက်ချင်းပင်ရပ်တန့်သွားတော့သည်။

အပေါ်မှကျိုင်းကောင်သည် ဖက်တီးပင့်ကူကသူ့ကိုအောက်သို့နိမ့်ကျသွားအောင်ဆွဲချသွားသောကြောင့်မချိတင်ကဲဖြစ်သွားကာအော်ဟစ်တေ ာ့သည်၊

ဒါကသစ်ရွက်ဆွေးကျိုင်းကောင်၏အတောင်ပံကိုပြင်းထန်စွာမလှုပ်ရှားနိုင်ရန်အတွက် အကောင်းဆုံးအရာပင်ဖြစ်ပြီး, ထိုအရာတစ်ခုတည်းကသာ သူတို့၏အရှိန်မှပြုတ်ကျခြင်းကိုလျော့ကျစေမည်ဖြစ်သည်၊

စာစဉ် ၆

ပလုတ်!

သားရဲနှစ်ကောင်ကကြမ်းပြင်ပေါ်သို့ပြုတ်ကျသွားပြီး အတူတကွလိမ့်သွား တော့သည်။

ပုံမှန်အခြေအနေအောက်တွင်, ၎င်းက အစင်းလေးကိုတိုက်ခိုက်ရန်အတွက် အကောင်းဆုံးအချိန်ဖြစ်သည်၊ ဒါပေမယ့်အစင်းလေးက မြေပြင်ပေါ်ကျသွားပြီးခြေဦးတည့်ရာသို့ လန့်ကာအဝေးသို့ပြေးကာ, သစ်ရွက်ဆွေးကျိုင်းကောင်ကိုပင့်ကူမျှင်များအားဖယ်ရှား ခွင့်ပြုလိုက်ပြီးမြေပြင်ပေါ်မှပျံသန်းရန်အခွင့်ပေးလိုက်သည်။

"အစင်းလေး, သူ့ကိုတိုက်လိုက်, မကြောက်နဲ့"

ကောင်းဖန်ကအစင်းလေးကိုနှစ်သိမ့်ကာ နူးညံ့စွာနှင့်ပြောလိုက်သည်၊ သူကထိုတစ်ကောင်ကို ဤကဲ့သို့အရာများအတွက်

လျှင်မြန်စွာတွန်းအားပေးနိုင်ခြင်းမရှိနိုင်ကြောင်းနှင့်
၎င်းကလိုက်လျောညီထွေစွာဖြစ်
စေရန်အချိန်ပို၍လိုအပ်သည်ကိုသိသည်။

သားရဲလေ့ကျင့်ခြင်းသည်ချက်ချင်းလက်ငင်းပြီးမြော
က်နိုင်သည့်အရာမဟုတ်ချေ၊
ကောင်းဖန်ကသူ့ကိုယ်သူစိတ်ရှည်ရန်သတိပေးနေသည်၊

ထို့နောက်
ကြာစေ့လေးအကြောင်းရုတ်တရက်စဉ်းစားမိလိုက်သည်၊
ကြာစေ့လေးသည် အစပိုင်းတွင်အလွန်ရှက်သည်၊
သို့သော်မုထျယ်ရင်း၏လမ်းညွှန်မှုများနှင့်လေ့ကျင့်မှု
အောက်တွင် ၎င်းသည်ပိုမိုပြင်းထန်လာပြီး
အားကောင်းလာသည်၊ သူ့ရှေ့တွင်စံနမူနာ
ကောင်းနှင့်အတူ
ကောင်းဖန်သည်အလွန်စိတ်အားတက်ကြွလာတော့သ
ည်။

စာစဉ် ၆

ကောင်းဖန်သည်နှစ်သိမ့်မှုအောက်တွင်, အစင်းလေးသည်အဝေးသို့ထွက်ပြေးနေရာမှ ရပ်လိုက်ကာ, ဘယ်လိုဘဲဖြစ်ဖြစ်တိုက်ခိုက်မှုအတွက် အစပျိုးခြင်းသည်ကောင်းကင်သို့ တက်ရန် ကြိုးစားခြင်းကဲ့သို့ခက်ခဲသည်၊ ဘယ်လိုဘဲကောင်းဖန်ပြောနေပါစေ, ၎င်းက မတုန်မလှုပ်နှင့်သူ့ကိုယ်သူခုခံကာကွယ်လိုက်သည်။

ကောင်းဖန်အနည်းငယ်အကူအညီမဲ့သလို ခံစားလိုက်ရသည်၊ အစင်းလေးသည် တိုက်ခိုက်မှုအပေါ်တွင်မှီခိုမနေဘဲ ခုခံကာကွယ်မှုအမျိုးအစားသားရဲဖြစ်နေခြင်းက အလွန်ကောင်းသည်။ ၎င်းကတိုက်ခိုက်ဖို့အတွက်ဆန္ဒမရှိကတည်းက ၎င်းအတွက်

ခုခံကာကွယ်မှုလေ့ကျင့်ခြင်းသည်အကောင်းဆုံးဖြစ်သ
ည်။

အစင်းလေးသည်ခုခံကာကွယ်မှုတွင်ပါရမီရှိသူဖြစ်ေ
ောင်းဖြစ်နိုင်သည်, ဘာကြောင့်လဲဆိုတော့
၎င်းကသေရမှာကြောက်သောကြောင့်ပင်ဖြစ်သည်။

ဒိုင်းပုံစံခုခံကာကွယ်မှုခြေအစုံများသည်ကြမ်းတမ်းပုံ
ပေါ်ပြီး အစပိုင်းတွင်အားနည်း သည်၊
ဒါပေမယ့်တိုက်ခိုက်မှု၏နောက်ဆုံးအပိုင်းတွင်တော့
သူတို့ကိုတိုက်ခိုက်ဖို့နှင့်ခုခံ
ကာကွယ်ဖို့ကျွမ်းကျင်စွာလှည့်ပတ်နေကြပြီဖြစ်သည်၊

သို့သော်၎င်း၏လုပ်ဆောင်မှုများသည်မည်သူတစ်ဦး
တစ်ယောက်ကိုကြည့်နေပါစေ, တစ်မျိုးကြီးဖြစ်နေသည်၊
၎င်းကကြီးမားသောပင့်ကူဖြစ်နေဆဲဖြစ်ပြီး ကြမ်းပြင်ကို
ကုတ်ခြစ်နေကာ,
ဒိုင်းပုံစံကဲ့သို့ဘယ်နှင့်ညာလက်ချောင်းများကို

စာစဉ် ၆

ယမ်းလိုက်ကာ  သစ်ရွက်ဆွေးကျိုင်းကောင်တိုက်ခိုက်ရန်လာသောလမ်းကြောင်းများမှ တိုက်ခိုက်မှုများကိုတန်ပြန်တွန်းထုတ်ခြင်းနှင့် ပိတ်ဆို့ကာကွယ်ခြင်းများပြုလုပ်သည်။

နောက်ဆုံးတိုက်ပွဲတွင်နာရီဝက်ကြာသည်၊ သစ်ရွက်ဆွေးကျိုင်းကောင်သည်မောပန်းနေပြီဖြစ်ကာ သံလှောင်အိမ်ထိပ်ပိုင်းသို့နားရန်ပျံထွက်သွားပြီး, ဘယ်လိုဘဲအစင်းလေးက ၎င်းကိုရန်စနေပါစေ,၎င်းကအောက်သို့နောက်တစ်ကြိမ်ဆင်းလာတော့မည်မဟုတ်ပေ။

***

စာစဉ် ၆

# *အပိုင်း၉၄ ပျံနေတဲ့ပင့်ကူဝတုတ်*

တိုက်ခိုက်မှုပွဲများဆက်လက်ဖြစ်ပွားပြီးနောက်တွင်, အစင်းလေး၏ယုံကြည်မှုသည် ပိုပြီးအားကောင်းလာပုံရသည်၊

ကြည့်ရတာ ငါကတွေးထားသလောက်လည်းအားနည်းမနေပါဘူး၊ ဒီကြောက်စရာ ကောင်းတဲ့ပုံနဲ့သားရဲက ငါ့ရဲ့ခံစစ်ကိုတောင်မချိုးဖျက်နိုင်ဘူးဟု အစင်းလေးက တွေးနေတော့သည်။

အစင်းလေးက အင်အားတွေပြည့်နေတော့သည်၊ ဝတုတ်အစင်းလေးက တဖြည်းဖြည်း ရဲရင့်လာတော့သည်။

စာစဉ် ၆

သစ်ရွက်ဆွေးကျိုင်းကောင်က သံလှောင်အိမ်ထဲရှိနန်းကြိုးများ၏ အောက်ကိုဆင်းမလာရဲသလိုဖြင့် ချိတ်ဆွဲထားတာကိုတွေ့လိုက်ရတော့, အစင်းလေးသည်စမ်းကြည့်သလိုမျိုး ၎င်း၏ဘယ်ဘက်ခြေချောင်းများကို ဆန့်လိုက်ပြီးနောက်၎င်း၏ညာဘက်ခြေချောင်းများကို ....

သံလှောင်အိမ်ပေါ်တွင်ချိတ်ဆွဲ၍နေသောသစ်ရွက်ဆွေးကျိုင်းကောင်၏ခန္ဓာကိုယ်ကို လှုပ်ခါစေသည်၊

အစင်းလေးကတုန်တုန်ယင်ယင်နှင့်သတိထားပြီး နောက်ပြန်ဆုတ်ရန်၎င်း၏ခြေချောင်းနှစ်ချောင်းကိုအမြန်ပြန်၍ဆုတ်လိုက်သည်၊

အစင်းလေး, အဲ့မှာထလေ, ကောင်းဖန်က သွေးစာချုပ်ဖြင့်အစင်းလေးကိုအမိန့်ပေး လိုက်သည်၊

အစင်းလေးသည် ပဟေဠိဆန်သောအကြည့်ဖြင့် သူ့သခင်ကိုလှည့်ကြည့်လိုက်သည်။ သူကထိုအလုပ်သည်ခက်ခဲကြောင်းကို သွယ်ဝိုက်ပြောရင်း ခေါင်းကိုခါလိုက်သည်။

ငါကသေးငယ်တဲ့ပင့်ကူလေးတစ်ကောင်ပါ၊ မင်းကငါ့ကိုဘာလို့ခက်ခဲအောင်လုပ်နေရတာလဲ?

ကောင်းဖန်၏မျက်နှာကတင်းမာလာတော့သည်၊

မင်းကပင့်ကူ၊ ပင့်ကူတစ်ကောင်! မင်းကတကယ်ခံရခက်နေတယ်ပေါ့, ပြောစမ်း သံလျှောင်အိမ်ထဲမှာတွားသွားပြီးသွားရုံလောက်က အရမ်းခက်ခဲနေတယ်ပေါ့။ ဘယ်လောက်တောင်ရှက်စရာကောင်းလိုက်သလဲ၊ မင်းကငါလေ့ကျင့်ပေးခဲ့ဖူးတဲ့ သားရဲတွေထဲမယ်ကျေနပ်စရာမရှိဆုံးသားရဲဆိုတာသံသယဖြစ်စရာမလိုဘူး!

စာစဉ် ၆

“ဒီကိုပြန်လာခဲ့!”ကောင်းဖန်ကကျယ်ကျယ်ပြောလိုက်ပြီး ခေါင်းကိုယမ်းလိုက်သည်၊ အစင်းလေးက မလိုလားတဲ့အတွက် အတင်းအကြပ်မလုပ်ချင်တော့ပေ၊ သူကဒင်းအား ခံစစ်သားရဲအဖြစ်ဆက်ဆံပေးရုံသက်သက်သာရှိတော့သည်၊ ဒါလည်းသိပ်မဆိုးပါဘူး၊

သူ့သခင်၏စိတ်ပျက်တဲ့လေသံကြောင့် အစင်းလေးသည် ထိုနေရာမှာဘဲနေနေပြီး အချိန်ကြာကြီးမလှုပ်မယှက်နေနေသည်။

“မင်းမတိုက်ခိုက်ချင်ဘူးမလား? ဒါဆိုပြန်လာခဲ့လေ” ကောင်းဖန်ကတည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

သူ့သခင်က ထိုကဲ့သို့လေသံဖြင့်ပြောတာကိုကြားရသည်မှာ အစင်းလေးအတွက် ပထမဆုံးအကြိမ်ဖြစ်သည်၊ သူကကြောက်ရွံ့လာသလိုခံစားရပြီးနောက်, ရုတ်တရက်

စာစဉ် ၆

ၾငင်းကပထမဆုံးသခင်ကိုသတိရသွားတော့သည်၊ သခင်အိုကြီးကထွက်သွားခဲ့ပြီး သူ့ကိုထပ်မလိုချင်တော့ဘူး၊ အဲ့တာကကြောက်ဖို့ကောင်းတယ်၊ သူဒုတိယတစ်ကြိမ် စွန့်ပစ်ခံရမှာကိုကြောက်တယ်။

အဝေးကိုမစွန့်ပစ်စေချင်ဘူး!

အစင်းလေးသည်အော်ဟစ်ပြီး သံလှောင်အိမ်ဆီသို့ပြင်းထန်စွာခုန်ချလိုက်သည်၊ ၾငင်း၏ တောင့်တင်းသောခန္ဓာကိုယ်သည်သံလှောင်အိမ်ကို ချိတ်လိုက်ကာပြင်းထန်စွာ လှုပ်ယမ်းနေသည်၊ အစင်းလေး၏လုပ်ဆောင်ချက်များသည်အားကောင်းပြီး, အရင်က သူ့ရဲ့သူရဲဘောကြောင်သောအပြုအမူနှင့်နှိုင်းယှဉ်ကြည့်ပ ါကအကွာကြီးဖြစ်သည်။

စာစဉ် ၆

ၚင်း၏ထူထဲသောပင့်ကူခြေသည်းများသည်သံလှော
င်အိမ်ရှိနန်းကြိုးများပေါ်တွင်
တွယ်ကပ်နေသည်၊ သံလှောင်အိမ်ပေါ်တွင်ၚင်း၏ခြေသ
ည်းထိပ်ကိုချိတ်ဆွဲထားခြင်းဖြင့်, ၚင်း၏ခန္ဓာကိုယ်ကို
တိကျသောစည်းချက်အတိုင်းလှုပ်ခါနေကာ
လွယ်ကူစွာဖြင့်
အပေါ်သို့တွားသွားတက်နိုင်ရန်အတွက်လွှဲ၍ရွေ့လျားသွ
ားသည်။

ထိုအခိုက်အတန့်၌ၚင်း၏သွေးထဲတွင်ပုန်းအောင်းနေ
သော မူလဗီဇကနိုးကြားလာပုံရသည်၊ နှစ်ပေါင်းများစွာ
စုဆောင်းထားခဲ့သော
ၚင်း၏ပင့်ကူဘိုးဘေးများကျန်ရှိခဲ့သည့်
အကောင်းဆုံးလက်ဆောင်များကို
တစ်ပြိုင်တည်းဖွင့်လိုက်သည်။

ပင့်ကူများသည်ပင်ကိုဗီဇအရ ရန်လိုသောသတ္တဝါများဖြစ်ကြသည်။

ထိုအချိန်တွင်, အစင်းလေး၏မျက်လုံးများသည်နီမြန်းသောမီးလုံးကြီးမျ ားကဲ့သို့ ကြက်သွေးရောင်ကဲ့သို့ပင်ဖြစ်နေသည်၊ ၎င်းသည်သစ်ရွက်ဆွေးကျိုင်းကောင်ဆီသို့ ရှူးသွပ်စွာဖြင့်ရွေ့လျားသွားနေသည်။

သစ်ရွက်ဆွေးကျိုင်းကောင်သည် အစင်းလေးကိုစိုက်ကြည့်ပြီး, ပင့်ကူ၏ရုတ်တရက် ရုတ်ရုတ်သဲသဲဖြစ်နေခြင်းကိုတွေ့လိုက်ရတာကြောင့် အံ့သြနေတော့သည်၊ ၎င်းကတောင့်တောင့်ကြီးဖြစ်နေပြီး လှုပ်ရှားဖို့ကိုမေ့နေသည်၊ အစင်းလေးက အလွန်နီးကပ်လာသောအခါမှ ၎င်းသည်အာရုံခံစားမှုများပြန်၍ရရှိလာပြီး

ငှင်း၏အတောင်ပံများကိုခတ်၍ခုန်ထွက်ကာ အဝေးသို့သွားလိုက်သည်။

ကျိုင်းကောင်နောက်သို့ချက်ချင်းနီးပါးရောက်လာေ ော အစင်းလေးသည် မဆိုင်းမတွပင်ရှေ့သို့ခုန်ထွက်လာသည်၊ မီတာ၃ဂအမြင့်တွင်လွင့်ပျံနေရင်တောင် တွန့်ဆုတ်နေမှာမဟုတ်ပေ။

ငှင်းကသူ၏ခြေသည်းများကို အချစ်ကလေးတစ်ယောက်အား ဖက်ရန်အတွက်လက်များကိုဆန့်လိုက်သကဲ့သို့ ပြန့်ကားလိုက်သည်၊

ဘန်း!

အစင်းလေးကသစ်ရွက်ဆွေးကျိုင်းကောင်ကိုဖမ်းမိ လိုက်ပြီး, ငှင်း၏ချွန်ထက်သော

ခြေသည်းများဖြင့်၎င်း၏ခန္ဓာကိုယ်အတွင်းသို့ထိုးဖောက်လိုက်သည်၊

သစ်ရွက်ဆွေးကျိုင်းကောင်၏ခန္ဓာကိုယ်ကိုအစင်းေ
ေး၏ လွှနှင့်တူသောခြေဖြင့်
ထိုးဖောက်လိုက်ရာများပြားသော
အဝါရောင်အနာပြည်ရည်များထွက်လာတော့သည်။
သစ်ရွက်ဆွေးကျိုင်းကောင်ကသူတတ်နိုင်သလောက်ကြို
းစားရုန်းကန်နေသည်။

အစင်းလေးက ထိုရုန်းကန်နေမှုမှ
ရုန်းထွက်မိလုနီးပါးဖြစ်သွားသည်၊ ၎င်းကအသံနိမ့်နိမ့်ဖြင့်စူးရှစွာအော်လိုက်ပြီး ပင့်ကူမျှင်အများအပြားကို
သစ်ရွက်ဆွေးကျိုင်းကောင်၏မျက်နှာသို့ထွေးထုတ်လိုက်သည်၊ သားရဲနှစ်ကောင်ကအတူတူရှုပ်ထွေးနေကြပြီး
ပြင်းထန်စွာနှင့်လေထဲမှပြုတ်ကျ သွားတော့သည်။

အပေါ်မှပြုတ်ကျလာကြတော့သည်!

စာစဉ် ၆

အစင်းလေး၏လေးလံသောခန္ဓာကိုယ်သည် ကျိုင်းကောင်၏အပေါ်တွင်ရှိနေပြီး, သူတို့ကခိုင့်ခံသောသမံတလင်းပေါ်သို့ကျသွားတော့သည်၊ သစ်ရွက်ဆွေးကျိုင်းကောင် ၎င်း၏နောက်ကျောမှစူးရှနာကျင်မှုကိုသာခံစားနေရပြီး အားနည်းလုနီးနီးဖြစ်နေပြီ ဖြစ်သည်။

အစင်းလေးကလည်း ပြုတ်ကျသွားမှုကြောင့် မူးဝေသွားတော့သည်၊ ၎င်းက၏ခေါင်းကို ယမ်းလိုက်ပြီး သူ့အသက်က၎င်းအပေါ်တွင်မူတည်နေသလို ဆက်၍တိုက်ခိုက်တော့ သည်၊ ၎င်းသည် “မိုက်ရူးရဲဆန်သောတတိယအကိုလေး” ဖြစ်နိုင်သည်။

မြေပြင်ပေါ်သို့လဲကျနေသောအစင်းလေးသည် သစ်ရွက်ဆွေးကျိုင်းကောင်အားရူးသွပ်စွာကိုက်ရင်း ရိုင်းစိုင်းကြမ်းကြုတ်စွာအော်နေသည်၊ အစင်းလေး၏ကိုက်ခံရမှုကြောင့်

စာစဉ် ၆

ပြုတ်ကျပြီးသေလုမျောပါးဖြစ်နေသောကျိုင်းကောင်က
သူ၏ဒဏ်ရာတွေနှင့်အပေါက်
များနှင့်ပြည့်နေသောခန္ဓာကိုယ်တစ်ခုလုံးကို
ပင့်ကူ၏ခြေသည်းများမှဖုံးရန်ပြန်၍ပင် မတုံ့ပြန်နိုင်ခဲ့ပါ။

“တော်လောက်ပြီ, အစင်းလေး။”
ကောင်းဖန်၏အသံကထွက်လာသည်၊

ထူးဆန်းသောအခြေအနေတစ်ခုသို့ရောက်နေသော
အစင်းလေးသည်
၎င်း၏လှုပ်ရှားမှုများကိုနှေးကွေးလိုက်ပြီး
၎င်း၏သခင်အသံကိုကြားရသောအခါ၎င်း၏ချုပ်ကိုင်မှုမျ
ားကို လျှော့ချလိုက်သည်၊
သူကလှည့်ကြည့်လိုက်ပြီးကောင်းဖန်ထံသို့
ရှုပ်ထွေးနေသော အကြည့်တို့ဖြင့်ပိတ်ချလိုက်သည်။

ကောင်းဖန်ကအားပေးဟန်အပြည့်နှင့်၊ “
မင်းအရမ်းကောင်းတာဘဲ၊

ငါခုနကပြောခဲ့တာအတွက်တောင်းပန်ပါတယ်၊ မင်းကအရမ်းအံ့ဩဖို့ကောင်းတာဘဲ။”

တခြားဘေးပတ်လည်မှလူများကနားမလည်နိုင်ဖြစ်နေတော့သည်၊ ဘာလို့တစ်စုံတစ်ယောက်ကကိုယ့်ရဲ့ကိုယ်ပိုင်သားရဲကိုေ ောင်းပန်နေရတာလဲ? သူတို့ကရှုပ်ထွေးနေသောဘာသာစကားများကိုနားမလည်နိုင်ဖြစ်နေသည်၊ သူတို့အားလုံးစကားမပြောနိုင် ဖြစ်နေကြတော့သည်၊ သူတို့ကိုကိုင်တွယ်ဖို့ကလွယ်ကူသည်။

အစင်းလေးက အသံနိမ့်နိမ့်ဖြင့်အော်လိုက်ပြီး သံလျောင်အိမ်နံရံတွင်မှီနေလိုက်သည်၊ နီရဲနေသောမျက်လုံးများကအသနားခံနေသည်။

“ငါကမင်းကိုဘယ်တော့မှနောက်မှာမထားခဲ့ပါဘူး၊ မင်းကငါ့ရဲ့ကိုယ်ပိုင်သားရဲ, ပြီးတော့ငါကမင်းရဲ့သားရဲလေ့ကျင့်ပေးသူ၊

ငါတို့ကတွဲဖက်တွေဘဲ၊ ဘာလို့ကမ္ဘာကြီးမှာ လူတစ်ယောက်ကသူ့ရဲ့တွဲဖက်ကိုနောက်မှာထားခဲ့ရမှာလဲ?” ကောင်းဖန်ကသူ၏ လက်မောင်းများကိုချဲကာဆန့်တန်းလိုက်သည်၊

အစင်းလေးကရုတ်တရက်ငိုနေသောအသံဖြင့် အော်ဟစ်လိုက်သည်၊ ၎င်းသည် သံလှောင်အိမ်မှအလျင်အမြန်ထွက်လိုက်ပြီးကောင်းဖန်ဆီသို့အမြန်ခုန်လိုက်သည်၊ ကောင်းဖန်သည်အစင်းလေးတစ်ဖြည်းဖြည်းနီးကပ်လာတာကိုတွေ့တော့ စိုးရိမ်မှုတို့ ကိုခံစားလိုက်ရသည်၊

ဘုန်း !

အစင်းလေးသည်ရှေ့ပစ်ထိုးလိုက်ပြီး ကောင်းဖန်ကိုမြေကြီးပေါ်သို့ပစ်လှဲလိုက်သည်၊ ၎င်းကအမွေးနှင့်မျက်နှာသည်

ကောင်းဖန်၏မျက်နှာကိုမှီထားပြီး ၎င်း၏ပါးစပ်က လှုပ်ရှားသွားတော့သည်။

ကောင်းဖန်သည်အစင်းလေးကသူ၏ချစ်ခင်မှုကိုပြသနေကြောင်းသိတာကြောင့် အစင်းလေးကိုတွန်းမထုတ်ခဲ့ပေ၊ အစင်းလေးသည်၎င်း၏ပွေ့ဖက်မှုကိုဖြေလျော့လိုက်သောအခါ ကောင်းဖန်၏မျက်နှာတစ်ခုလုံးသည် ပင့်ကူတံထွေးတွေနှင့်ဖုံးနေတော့သည်။

အစင်းလေး၏နောက်ဆုံးဖျော်ဖြေမှုသည် ကောင်းဖန်အတွက်ကြီးမားသောအံ့အားသင့်မှုကြီးဖြစ်ေ ေခဲ့သည်၊ အစပိုင်းတွင် အရမ်းကိုကျေနပ်ဖွယ်မရှိသော်လည်း, နောက်ဆုံးမှာတော့ ၎င်းကပင့်ကူတစ်ကောင်ပင်ဖြစ်သည်၊

ထို့ကြောင့်၎င်း၏သဘာဝအရရန်လိုမှုကို စတင်သည့်အခါတွင်အလွန်ပြင်းထန်နေခြင်းဖြစ်သည်။

ကောင်းဖန်၏အမြင်ထဲတွင်, သူကအစင်းလေး၏အခြေအနေကိုမြင်နေရသည်, (သေးငယ်သောဒဏ်ရာ)၊ ၎င်းကအရှိန်ဖြင့်ပြုတ်ကျခြင်းမှခွန်အားသည်၎င်းအား သေးငယ်သောဒဏ်ရာကိုသာဖြစ်စေသည်၊

...

မျက်စိတစ်မှိတ်အတွင်းမှာတင် တစ်ပတ်ကုန်ဆုံးသွားပြီဖြစ်သည်၊ ဖောင်းနေသော အစင်းလေးသည် နောက်ဆုံးတွင်ဝသောပင့်ကူအဆင့်သို့ရောက်သွားပြီဖြစ် သည်။

စာစဉ် ၆

တစ်ပတ်အတွင်းမှာတင်, အစင်းလေး၏အချင်းသည် ဆယ်ပေအထိကြီးထွားလာပြီး ၎င်းသည်သုံးပေမြင့်လာသည်၊ ၎င်း၏အဆင့်သည်လေ့ကျင့်ရေးမှ၁၃အထိတိုးလာတော့သည်၊ ဘယ်လိုဘဲဖြစ်ဖြစ်, ရဲ့ရင့်ခြင်းကဲ့သို့အရာများသည်သန္ဓေတည်နေပြီးသားဖြစ်ပြ ြီး အစင်းလေးသည်တိုက်ခိုက်မှုကို မကြောက်တော့သော်လည်း ရန်သူကိုအင်အား ကုန်ခမ်းစေခြင်းနှင့်တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်မှုကိုတေ ာ့ရှောင်ရှားရန်လိုလားသေး သည်။

တစ်ချိန်တည်းမှာပင် ဒမ်ဘီသည်လည်း တိတ်ဆိတ်စွာနှင့်အဆင့်၁၀သို့ရောက်သွားပြီ ဖြစ်သည်၊ ဒမ်ဘီ၏ကြီးထွားမှုသည် သားရဲအားလုံးထဲတွင်အနှေးဆုံးဖြစ်ပြီး, ၎င်းတွင် ထူးခြားသောစွမ်းဆောင်ရည်တွေလည်းရှိသေးသည်။

စာစဉ် ၆

နေရာလပ်ဆိုင်ရာစွမ်းရည်ပါဝင်သောအစားအစာပစ္စည်းများသည်အရှားဆုံးနှင့်တန်ဖိုးအရှိဆုံးဖြစ်ပြီး, ၎င်းကိုလေနှင့်သစ်သားစွမ်းရည်များကိုအသုံးပြု၍ရနိုင်သော်လည်းအကျိုးသက်ရောက်မှုများသည်သိသာထင်ရှားခြင်းမရှိပေ။

အတန်းပြီးလို့အိမ်ပြန်တာနဲ့ကောင်းဖန်ကဧည့်ခန်းမှာတစ်ယောက်တည်းထိုင်နေတဲ့ဒမ်ဘီကိုခေါ်လိုက်သည်၊

သူ့သခင်ကခေါ်လိုက်သည်နှင့်တစ်ပြိုင်နက်ဒမ်ဘီသည်မတ်တပ်ရပ်ပြီးကောင်းဖန်ရှေ့တွင်ကွေးညွှတ်ထိုင်လိုက်သောအခါ၎င်း၏အပြာရောင်မီးတောက်များသည်ဖြေးညင်းစွာနှင့်ေပောက်ပလာတော့သည်။

စာစဉ် ၆

ကောင်းဖန်က သူ၏ညာလက်ကိုဒမ်ဘီ၏တောက်ပနေသောခေါင်းပေါ်သို့တင်လိုက်ပြီး မကြာခင်မှာပဲ စာချုပ်ချုပ်ဆိုမှုသည် ချောမွေ့စွာနှင့်ပြီးဆုံးသွားတော့သည်။ ရေစီးဆင်းနေသော အခါတွင် တူးမြောင်းကိုဖောက်လုပ်ပြီး, အခြေအနေများပြည့်စုံသောအခါအရာဝတ္ထုများ ပြုတ်ကျသွားစေသည်ဆိုသော နည်းလမ်းများနှင့်အတူတူပင်ဖြစ်သည်။

ကောင်းဖန်၏စိတ်ကိုတောက်လျှောက်ကျစေသော အရာသည် နောက်ဆုံးတော့လွတ်မြောက်သွားပြီဖြစ်သည်။

***

# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဥ် ၆

# *အပိုင်း၉၅ ဒုတိယအကြိမ်တောတွင်းလေ့ကျင့်ရေး*

တစ်ပတ်ကြာပြီးနောက်, ဆင်ခြေဖုံးရှိဗီလာ၏ ပြန်လည်ပြင်ဆင်မွမ်းမံခြင်းသည် ပြီးမြောက်သွားပြီဖြစ်သည်၊ ထိုနေရာသည် သုံးနှစ်တာလုံးဘယ်သူမှနေထိုင်ခြင်း မရှိသောကြောင့် စွန့်ပစ်ထားပုံရသော်လည်း, နံရံ၏အပြင်အဘက်အလွှာကွဲထွက်ထားပြီး အခြားနေရာများတွင်အက်ကြောင်းအနည်းငယ်သာရှိသည်။ အဆောက်အဦးတစ်ခုလုံးကတော့ အဆင်ပြေသည်၊ လူသားနည်းပညာများသည် ယခုထိတိုင် ယုံကြည်စိတ်ချရသေးသည်၊

သူတို့ကမြက်ပင်ပေါင်းပင်များရှင်းခြင်း, နံရံကိုပြန်ပြင်ခြင်းနှင့် ဗီလာကိုဆေးသုတ်ခြင်း လုပ်ငန်းအသစ်တွေကိုသာလုပ်ဆောင်ရမည်ဖြစ်သည်၊

အပြင်ဘက်နံရံများကို အဖြူရောင်ဆေးသုတ်ထားပြီး ကွဲအက်နေသောအုတ်များကိုအသစ်ပြုလုပ်ကာ ပြောင်းလဲထားသည်၊ ကောင်းဖန်၏တောင်းဆိုချက်အရ မြေအောက်ခန်းကိုလည်း  ဆောက်လုပ်ခဲ့ကြသည်။

ထိုအရာကမခက်ခဲပေ၊ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့်, အရင်ကပြိုကျနေသော နံရံများကိုလူများက ပြန်၍ခိုင်မာအောင်သာလုပ်ရမည်ဖြစ်သည်။

ကောင်းဖန်၏လိုအပ်ချက်များသည် အကျိုးသင့်အကြောင်းသင့်လည်းမဟုတ်ပေ၊ သူကမြေအောက်ခန်းရှိလမ်းကျဉ်းလေးကို မြေပြင်နှင့်သိပ်မနက်စေသော မျက်နှာပြင်ဖြင့်, ဗီလာထဲတွင်ထည့်သွင်းထားသေးသည်၊ အသေးစားဆောက်လုပ်ရေး လုပ်ငန်းများသည် ဆောက်လုပ်ရေးကုမ္ပဏီအများစုအတွက်ပြဿနာမရှိပေ၊

အလုပ်ပြီးအောင်လုပ်ဖို့အတွက်ရက်အနည်းငယ်သာလိုသည်၊

ယခုအခါဗီလာပြန်လည်မွမ်းမံမှုပြီးသွားသဖြင့်
ကောင်းဖန်သည်အချိန်မရွေးပြောင်း၍
နေနိုင်ပြီဖြစ်သည်၊

…

လူတစ်ယောက်က
အိမ်တစ်လုံးပိုင်ထားပေမယ့် မနေရတာက
အတော်လေးဝေဒနာခံစားရစေသည်၊
အထူးသဖြင့်ဗီလာလေးထဲတွင်ဖြစ်သည်။
တစ်ခါတစ်ရံကောင်းဖန်က ဘုရားကို
သူဘာမှားနေလို့လဲလို့ မေးလိုက်ချင်သည်။

စာစဉ် ၆

ဖြစ်နိုင်တာကချောမောတဲ့ကောင်လေးတိုင်းက သူတို့မျက်နှာနှင့်ကိုက်ညီတဲ့ ဆင်းရဲဒုက္ခကိုခံစားရမည်လားဘဲ?

နောက်တစ်နေ့မှာတော့, သူတို့ကနောက်တစ်ကြိမ်တောင်ကြားရှိ တောရိုင်းထဲသို့ လေ့ကျင့်ရေးဆင်းရန်သွားကြရမည်ဖြစ်သည်။

အချိန်အကန့်အသတ်ကတော့တစ်ပတ်ဖြစ်သည်။

နောက်ဆုံးတစ်ခေါက်, တောရိုင်းထဲတွင်လေ့ကျင့်ရေးဆင်းတုန်းက ဘယ်သူမှဘာမှမဖြစ်ခဲ့ကြပေ, ကျောင်းသားအနည်းငယ်လောက်သာ ဒဏ်ရာရကြသည်၊ ကျန်သော သူများကအရေးပေါ်အကူအညီခလုတ်ကို ကြိုတင်နှိပ်လိုက်ခြင်းကြောင့် အတော်လေး အဆင်ပြေသွားစေသည်၊ မဟုတ်ရင်,

စာစဉ် ၆

သူတို့ဒဏ်ရာရတာတွေက ဒီလောက်ရိုးရှင်းနေမှာ မဟုတ်ပေ။

ထို့အပြင် အခြားကျောင်းသားအချို့ကို ၎င်းတို့၏ကိုယ်ပိုင်သားရဲများနှင့် အတူလုံခြုံသောအိမ်အတွင်းတစ်ယောက်ယောက်က သော့ခတ်သွားသည့်အကြောင်း ကောင်းဖန် သိလိုက်ရသည်၊ စားစရာတွေကုန်သွားသလို ကျောင်းသားအနည်းငယ်က သူတို့၏ ဆာလောင်နေမှုကြောင့် သူတို့၏ကိုယ်ပိုင်သားရဲများကိုပင်စားလုနီးပါးဖြစ်သွားကြသည်။

အဆုံးမှာတော့, သူတို့ကတံခါးကိုဆက်ခေါက်ဖို့သာရွေးချယ်ခဲ့တာကြောင့်, ထိုအသံကို တခြားသူက ကြားသွားပြီးကယ်ခံလိုက်ရတာဖြစ်သည်၊

မဟုတ်ရင်ဒီကျောင်းသားတွေ
အစာငတ်ပြီးသေဆုံးရတဲ့ကြေကွဲဖွယ်ဖြစ်ရပ်သည်
ကျောင်းသတင်းတွင်ပေါ်ထွက်လာ နိုင်လောက်သည်၊
ဒီအဖြစ်အပျက်ကိုကျောင်းမှာတော်တော်များများက
ပြောနေကြတာပင်။

ဒီတစ်ကြိမ်တော့, ကောင်းဖန်က
ရိုးခွံဖုတ်ကောင်လူဝံဒမ်ဘီနှင့်ခရမ်းရောင်ကျောခွံ
မိုးကြိုးကင်းခြေများတဲ့ဇီကို
အတူခေါ်သွားမည်ဖြစ်သည်၊
အစင်းလေးနှင့်ဆီလီအတွက်ကတော့
သူတို့ကိုအိမ်မှာထားခဲ့သည်၊
ကိုယ်ပိုင်သားရဲအများကြီးကိုတစ်ပြိုင်နက်
ယူဆောင်လာရန်မှာအလွန်မြင့်မားသည့်အဆင့်ကြီးဖြစ်ေ
ေနိုင်သည်။

စာစဉ် ၆

ဒမ်ဘီကဘေးပတ်လည်မှာရှိတယ်ဆိုရင်, ကောင်းဖန်ကစစ်မှန်စွာယုံကြည်မှုရှိခြင်းကို ခံစားရသည်၊ နောက်ဆုံးတစ်ကြိမ်တုန်းက, ကြီးမားသောအန်ဒါကွန်မြွေကြောင့် ကောင်းဖန်ကရက်အနည်းငယ်အကြာ သတိထားနေခဲ့ရသည်။ သူမကိုင်တွယ်နိုင်သည့် သားရဲများ၏ မလိုလားအပ်သောအာရုံများကိုဆွဲဆောင်လိုက်နိုင်မည် ကိုသူကြောက်သည်။

ကြီးမားသောအန်ဒါကွန်မြွေသည် တောင်ကြားတစ်ခုလုံး၏ အုပ်စိုးနေသူဖြစ်သည်ကို  သူမသိပေ။ တောထဲမှာပေါ့ပေါ့ပါးပါးလမ်းလျှောက်ရုံနှင့် ဒီလောက်ကြောက်ဖို့ကောင်းတဲ့

စာစဉ် ၆

သားရဲတစ်ကောင်ကိုတွေ့နိုင်တယ်ဆိုတဲ့ သူ့ရဲ့ခံစားချက်ပင်ဖြစ်သည်။

ဒမ်ဘီသည်အိမ်ထဲမှထွက်ပြီး သူ့သခင်နောက်သို့လိုက်သွားလိုက်သည်၊ ၎င်းကသူ့သခင်နောက်တွင်ရပ်နေပြီး, ရုတ်တရက်ကောင်းဖန်၏ပုခုံးကိုပုတ်လိုက်သည်။

ကောင်းဖန်ကလှည့်လိုက်တော့, ဒမ်ဘီကတင်းတင်းကြပ်ကြပ်ဆုပ်ထားတဲ့လက်သီးဖြင့် သူ့ရင်ဘတ်အားထုလိုက်တာကိုတွေ့လိုက်သည်၊ ကောင်းဖန်၏စိတ်ထဲတွင် တိုးနေသောအသံကတိုးဝင်လာသည်၊ သခင်! ငါ! မင်းကိုကာကွယ်ပေးမယ်!

ကောင်းဖန်ကရယ်လိုက်သည်၊ “မင်း...မင်းဒီစကားကိုဘယ်ကသင်ထားတာလဲ?”

စာစဉ် ၆

“သံမဏိ ကလေးလေး။”
ဒမ်ဘီကရိုးသားစွာဖြင့်ဖြေလိုက်သည်။

ကောင်းဖန်ကရယ်ရမလားငိုရမလားပင်မသိတော့ေ
ေ။

သားရဲအားလုံးကို
ကုန်တင်ကားကြီးဖြင့်သွားသည့်ခရီးသို့ပို့ဆောင်ခဲ့သည်၊
တစ်ဖက်တွင်
သားရဲလေ့ကျင့်သူအရာရှိလောင်းများသည်
အခြားယာဉ်တစ်စီးဖြင့်ထိုနေရာသို့သွားကြသည်။

ဒါကဒုတိယမြောက်ခရီးစဉ်ဖြစ်တာကြောင့်
ပထမခရီးစဉ်တွင်တွေ့ကြုံဖူးသည့်အတိုင်း
ထိုင်ခုံများကိုကျပန်းထိုင်ကာ
လူတိုင်းဘတ်စ်ကားပေါ်ရောက်သည်နှင့်ယာဉ်ကထွက်ခွ
ာတော့သည်။

စာစဥ် ၆

ကောင်းဖန်သည်သူ့ဘေးမှာထိုင်နေတဲ့ကျောင်းသားကို မသိပေ၊ သူတို့၏ဘာသာစကားပြောမှုကနည်းနည်းကြမ်းပြင်းေ ေသံပြင်းသည်၊ စကားပြောသည့်အခါတိုင်းတွင် ညစ်ညမ်းသောစကားများနှင့်သာပြည့်နှက်နေတော့သည် ၊

“ ချီး! ငါမင်းကိုပြောလိုက်မယ်နော်, ငါဒီခွေးမသားကိုမဖမ်းတာကံကောင်းတယ်မှတ်။”

“အေး,အကယ်၍ငါတို့သူ့ကိုရှာတွေ့ရင်သူ့ကိုသေချာ ပေါက်ကိုသတ်မှာ! သူကတိရိစ္ဆာန်ဘဲ! မဟုတ်ဘူး, တိရိစ္ဆာန်တောင်မှ ဒီလောက်မကောက်ကျစ်လောက်ဘူး။”

“ငါလိုး, စကားနည်းနည်းလေးကြောင့်နဲ့ ငါတို့ကိုအိမ်ထဲမှာပိတ်ထားတယ်၊ ကံကောင်းလို့တစ်ယောက်ယောက်က

တံခါးဖွင့်ပေးဖို့လာလို့ဘဲ, မဟုတ်လို့ကတော့ဒီထဲမှာ ဗိုက်ဆာလွန်းလို့သေနေလောက်ပြီ။”

“သူဘယ်ကမှန်းမသိဘူးလား, နောက်ဆုံးအချိန်တုန်းကသူ့မျက်နှာကိုမမြင်လိုက်ဘူးလ ား၊ ငါမင်းကိုပြောနေတာ, အဲ့ဒီအရှုံးသမားကသူ့ကိုယ်သူဘယ်သူမှန်းမသိအောင်မပြေ လိုက်တာ ကံကောင်းသွားတယ်, မဟုတ်ရင်ဒီကောင်ငါတို့ကျောင်းမှာမနေနိုင်အောင်လုပ်ဖို့ နည်းလမ်းတစ်ရာရှိတယ်။”

ကောင်းဖန်၏မျက်နှာအရောင်က ကျောင်းသားအုပ်စုကြားထဲမှပြောနေသောစကားဝိုင်းကို နားထောင်နေရင်း တဖြည်းဖြည်းအရာင်ပြောင်းသွားတော့သည်။

သူသည်ထိုလူများအား ဘာကြောင့်ရင်းနှီးတယ်လို့ထင်နေပါသနည်း၊ အတုအရောင်အရာတွေကအရယ်ရဆုံးပင်ဖြစ်သည်။

ကောင်းဖန်ကသူ့မျက်လုံးတွေကိုပိတ်လိုက်ပြီး သူ့နားကြပ်ကိုတပ်လိုက်သည်၊ ထိုလူတွေကသူနဲ့မုထျယ်ရင်းကို လုံခြုံတဲ့အိမ်ထဲကိုပေးမဝင်ခဲ့တာကြောင့် သူတို့ကို အထဲမှာလေ့ချထားခဲ့တာဖြစ်သည်၊ ဒါကြောင့်သူတို့တစ်ဦးနှင့်တစ်ဦးအကြွေးမတင်ပေ။ သူတို့ကသူတို့၏စကားများ၏တန်ဖိုးကိုပေးချေပြီးဖြစ်တ ာကြောင့် သူတို့နှင့် ထပ်ရှုပ်တော့မည်မဟုတ်ပေ။

ပို့ဆောင်ယာဉ်များရပ်သွားပြီးနောက်, အဖွဲ့သည်ဘတ်စ်ကားများမှထွက်သွားကြ ပြီးစကားဆက်များနေကြကာသူတို့သားရဲများကိုခေါ်ရန် အခြားထရပ်ကားဆီသို့သွားဖို့ပြင်ဆင်နေကြသည်။

ထရပ်ကားကဘတ်စ်ကား၏နောက်တွင်ရပ်သွားသည့်, ဘာကြောင့်လဲဆိုတော့ အကယ်၍သားရဲတွေကတည်ရှိမှုက သူတို့သခင်တွေနှင့်အရမ်းဝေးသွားလျှင်, သူတို့၏စိတ်အခြေအနေသည် စတင်၍မတည်မငြိမ်ဖြစ်လာနိုင်သည်။ ထို့ကြောင့် သူတို့က ထရပ်ကားနှင့်ဘတ်စ်ကား၏အကွာအဝေးတစ်ခုသေချာစေရန် သေချာအောင်လုပ်ခဲ့ကြသည်၊ ဤနည်းလမ်းဖြင့်သားရဲများသည် သူတို့၏သခင်ရှိခြင်းကိုခံစားရလိမ့်မည်။

တစ်ခုတည်းသောအရာကတော့ ထိုနေ့တွင်သားရဲများအားလုံးငြိမ်သက်နေခဲ့သည်၊

စာစဉ် ၆

ထရပ်ကား၏နောက်တံခါးဖွင့်လိုက်သည်နှင့်သားရဲများ
အားလုံး အေးခဲသွားကြပြီး
တုန်လှုပ်နေတာကိုတွေ့လိုက်ရသည်။

အနက်ရောင်ဝတ်ရုံနှင့်ဖုံးအုပ်ထားသော
ကြီးမားသောလူပုံစံရှိသည့်ကောင်ကထရပ်ကားထဲမှ
လမ်းလျှောက်ကာထွက်လာသည်၊
၎င်း၏လမ်းကြောင်း၌ရှိသောသားရဲများသည်
ဘုရင်ကြီးကြွလာသောကြောင့်
လမ်းဖယ်ပေးကြသောအရာရှိကြီးများကဲ့သို့ပင်
ဘေးနှစ်ဖက်သို့ရွှေ့ကာ၎င်းကိုရှောင်ဖယ်ပေးကြသည်။

မြေပြင်ပေါ်သို့ဆင်းလာသည့်
အသံ၏ဆူညံသံကသူတို့အားလုံးကိုလန့်သွားစေသည်၊
ဒမ်ဘီသည်ကားပေါ်မှခုန်ဆင်းလိုက်သည်။

၎င်းကသူတို့ဆီသို့လျှောက်လာခဲ့သည်၊
၎င်း၏အသွင်မရှိသောပုံစံခွန်အားနှင့်အရှိန်အဝါက

စာစဉ် ၆

သူတို့ဆီသို့ဦးတည်ကာရွေ့လျားလာသည်။
ဒမ်ဘီကအကွာအဝေးတစ်ခုကိုရွေ့လိုက်
ပြီးနောက်သူတို့၏အာရုံကိုပြန်လည်ရရှိခဲ့သည်
သူတို့၏မျက်နှာများသည်နီရဲတောက် နေသည်၊
"ဒါကအကျွမ်းတဝင်သားရဲတစ်ကောင်ပါဘဲ,
ငါတို့ကဘာကိုထိပ်လန့်နေရမှာ လဲ?"
တစ်စုံတစ်ယောက်ပြောလိုက်သည်၊
ဒါပေမယ့်ထိုလူငယ်က အသံတိုးတိုးလေးနှင့်သာ
ညည်းညူကာပြောရဲသည်၊

ဒမ်ဘီကဘယ်တော့မှကြားချင်စိတ်ပြင်းပြလိမ့်မည်
ဟု ဘယ်တုန်းကမှမထင်ခဲ့ပေ၊ ဒမ်ဘီကကြမ်းတမ်းသော
မြေပြင်ပေါ်၌နောက်တစ်လှမ်းလှမ်းနေချိန်တွင်
သူ့ခေါင်းကို တဖြည်းဖြည်းလှည့်လိုက်သည်။
ခေါင်းစွပ်၏အောက်တွင်မှိန်ပျပျမီးတောက်ရှိသည်၊
၎င်းကစကားပြောနေသောကောင်လေး၏

စာစဉ် ၆

ကျောရိုးခိုက်ခိုက်တုန်နေအောင်ကြည့်လိုက် သည်၊ သူ့မျက်နှာကဖြူဖျော့လာသည်။

ဒမ်ဘီကရိုးရှင်းတဲ့အကြည့်တစ်ခုပေးပြီးနောက် သူတို့ထံမှဆက်၍လမ်းလျှောက်လာခြင်းသည်ကောင်းသောအရာဖြစ်သည်။

ဒမ်ဘီက နောက်ဆုံးတော့ ကောင်းဖန်၏ဘေးတွင်ရပ်လိုက်သည်၊ ဒမ်ဘီ၏ခါးတွင် ချိတ်ဆွဲထားသည်မှာကခရမ်းရောင် “ခါးပတ်”တစ်ခုပင်ဖြစ်သည်၊ နောက်တစ်ကြိမ်စစ်ကြည့်လျှင်,တာ့ဇီ၏အရိပ်တစ်ခုကိုတွေ့ရမှာဖြစ်ပြီး, ဒမ်ဘီ၏ခါးတွင် တစ်ကြိမ်ထက်မကထုပ်စည်းထားသည်။

တမူထူးခြားနေသောဒမ်ဘီသည်လူများစွာ၏အာရုံကိုစွဲဆောင်နေသည်၊ အနက်ရောင်ဝတ်ရုံက သူတို့ကိုပိုပြီးစိတ်ဝင်စားအောင်လုပ်နေသည်။

စာစဉ် ၆

တောင်ကြားသို့ဝင်ပြီးသည်နှင့် ကောင်းဖန်ကမုထျယ်ရင်းနှင့်အဖွဲ့ဖွဲ့ဖို့အတွက် မရွေးချယ်ခဲ့ပေ၊ သူကအဖွဲ့တစ်ဖွဲ့လုံးတွင်သူတစ်ယောက်တည်းနေဖို့ကိုသာ ရွေးချယ်ခဲ့ သည်၊

သူတစ်ယောက်တည်းရှိနေရင် ပြီးမြောက်ဖို့အတွက်ပို၍လွယ်ကူလိမ့်မည်၊ လူများများရှိလေပိုရှုပ်ထွေးတဲ့အရာတွေဖြစ်လာလေဖြစ်သည်။

တောင်ကြားအတွင်းသို့ရောက်သည်နှင့် ကောင်းဖန်ကဒ မ်ဘီကိုထိုတောင်ကြား၏ အတွင်းကျဆုံးအပိုင်းသို့ညွှန်ပြလိုက်သည်။

သူကဒမ်ဘီ၏ပုခုံးပေါ်တွင် လည်ပင်းကိုခွကာထိုင်နေသည်၊ ထိုပုံစံကနည်းနည်း ရှက်ဖို့ကောင်းပေမယ့်ဒါကအရမ်းအဆင်ပြေသည်။

စာစဉ် ၆

ဒမ်ဘီ၏ပုခုံးပေါ်တွင်ထိုင်နေသောကြောင့် လေကသူ၏မျက်နှာပေါ်သို့တိုက်ခတ်လာသည်။

သားရဲ၏ဘေးရှိလမ်းကချောက်ချားစေသည်၊ တော၏ထူထပ်သောအပိုင်းကိုဖြတ်ပြီးသည်နှင့် ကောင်းဖန်က အနက်ရောင်အရိပ်ကငင်း၏အတွင်းကျသော အပိုင်းသို့ပြေးဝင်သွားသည်၊ ကောင်းဖန်ကလမ်းကိုချက်ချင်းမြင်သည်နှင့် ရင်းနှီးနေသောကြောင့် ဒမ်ဘီကိုရပ်ရန်ပြောလိုက်သည်။

သူတို့ရပ်လိုက်ပြီးနောက်, သူတို့နှင့်သိပ်မဝေးသည့်နေရာတွင်ရေကန်ရှိသည်ကို တွေ့လိုက်ရသည်၊ ထို့နောက်ကောင်းဖန်ကရင်းနှီးနေသောတစ်စုံတစ်ခုက ဘယ်ကလာမှန်း သိလိုက်တော့သည်၊ အကယ်၍သူမမှားလျှင် ထိုနေရာသည်

စာစဉ် ၆

အစိမ်းရောင်အရေခွံဖားတွေ ကရေကန်ထဲတွင်ရှိပြီး, ထိုအုပ်စုလိုက်အစိမ်းရောင်ဖားတွေကတစ်ခြားသက်ရှ ိတွေပေါ်ကို တံတွေးထွေးရတာကိုကြိုက်နှစ်သက်သည်။

“လမ်းကြောင်းပြောင်းရအောင်။” ကောင်းဖန်ပြောလိုက်သည်၊ သူကထိုအစိမ်းရောင် အရေခွံဖားတွေနှင့်ရှုပ်ဖို့အတွက်ရည်ရွယ်ချက်မရှိပေ။

ရုတ်တရက်, အသံတစ်ခုက တော၏အတွင်းကျသည့်အပိုင်းက ထွက်ပေါ်လာသည်။ လွင်ပြင်များသည်လှိုင်းများကဲ့သို့ကွဲထွက်သွားပြီး ကြီးမားသောခန္ဓာကိုယ်ကြီးက တဖြည်းဖြည်းနီးကပ်လာတော့သည်။

***

# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၆

စာစဉ် ၆

## *အပိုင်း၉၆ ရုတ်တရက်တိုက်ခိုက်မှု*

မြက်ခင်းများက ပြားချပ်နေအောင်ဖိခံထားရကာ ကြီးမားသောသားရဲကြီးသည် စိမ်းစိုနေသောပင်လယ်လွင်ပြင်တစ်ခုတွင် အသက်ရှေငုပ်နေသလိုပင်ဖြစ်နေသည်။

ဒမ်ဘီ၏ခန္ဓာကိုယ်ကသေးငယ်သည့်လျှပ်စီးအားကို ထုတ်လွှတ်နေသည်။ ပါးစပ်ကျယ်ကြီးမှချွန်ထက်နေသောသွားများမှာ ခြိမ်ခြောက်မှုကိုခံစားရပြီး တောက်ပကာအေးစက်နေသည်။

ရေကန်၏တစ်ဖက်စွန်းကချုံပုတ်ကို ကားနှင့်တူသောဦးခေါင်းကချိုးဖျက်လိုက်သည်။ အစိမ်းရောင်ဦးခေါင်းမှ ကြီးမားသောမျက်လုံးနှစ်လုံးက

မီးအိမ်ကြီးလိုဖြစ်နေသည်၊
မျက်လုံးများကတည်ငြိမ်အေးဆေးနေသည်၊
၎င်းကတိတ်တဆိတ်ရေကန်ထဲသို့
အပြေးအလွှားသွားကာလျှပ်တပြက်လေလထုကအရှိန်ပြင်း
စွာရွေ့လျားသွားတော့သည်။

၎င်းကကြီးမားသောအန်ဒါကွန်မြွေဖြစ်သည်၊
ကောင်းဖန်၏နှလုံးကတင်းကျပ်နေပြီး
ထိုကောင်ကြီး၏နယ်မြေထဲတွင်သူရောက်နေမှန်း
သတိထားမိသွားသည်၊

အစိမ်းရောင်ရေခွံဖားများသည်
ရေကန်ထဲသို့တစ်ကောင်ပြီးတစ်ကောင်ခုန်ဆင်းကြသည်
၊
ခြေထောက်တွေကိုကွေးပြီးခုန်ဆင်းကာထွက်ပြေးကြဖို့ြ
ြိုးစားကြသည်၊
ရေကန်ထဲမှအစိမ်းရောင်ရေခွံဖားတစ်ကောင်က

စာစဉ် ၆

ခုန်ထွက်ကာ  ရေမျက်နှာပြင်ပေါ်တွင်ပြင်းထန်စွာခြေ ေ၀င့်နင်း၍ရေစင်သည့်ဆူညံသံကိုပြုလုပ်ပြီးနောက် ၎င်းကသူ၏ဖင်ကိုတွန်ကန်လိုက်ကာရေကန်အစပ်မှ ခြေလှမ်းအနည်းငယ်ကူးလာကာပြေးလာသည်ကိုလဲ ကောင်းဖန်တွေ့လိုက်သည်။

နောက်တော့, ဒီအစိမ်းရောင်ရေခွံဖားသည် သူ၏ခေါင်းကိုလှည့်လိုက်ပြီးအမောတကောဖြင့် သူ၏ခန္ဓာကိုယ်တစ်ဝက်ကိုရေကန်ထဲတွင်နှစ်ထားပြီး ဖားအော်သံအော်မြည်လိုက်သည်။

တချို့သောအစိမ်းရောင်ရေခွံဖားများသည် အန်ဒါကွန်ဒါမြွေကိုတံတွေးများဖြင့်ထွေးကြ သည်၊ သေချာတာပေါ့,
တစ်ယောက်ကမချေင်သောစကားကိုမပြောသင့်ပေ၊ ထိုနည်းတူ, ဒီအစိမ်းရောင်ရေခွံဖားတွေက ရေမြွားများကိုအန်ဒါကွန်ဒါမြွေထံသို့ ပစ်လွှတ်ကြသည်။

စာစဉ် ၆

ရေမြွေးများသည်သစ်ပင်ပင်စည်များကို ထိုးဖောက်သွားပြီး ပင်စည်ပေါ်တွင်စွဲထင်ကာ ကျန်နေခဲ့သောအရာများမှတစ်ဆင့် ကြီးမားသောအန်ဒါကွန်ဒါမြွေကိုရိုက်မိပြီး အားပျော့သောအသံများထွက်ပေါ်လာသည်၊ ၎င်းကန္တားကိုချောင်းရိုက်သလိုမျိုး အသံကတိုးပြီး အုံ့မှိုင်းမှိုင်းဖြစ်နေသည်။

ကြီးမားသောအန်ဒါကွန်ဒါမြွေသည်တော့ အနှောက်အယှက်ဖြစ်တယ်လို့မခံစားရဘဲ ၎င်း၏အဆုံးမရှိသောခန္ဓာကိုယ်သည် တစ်စုံတစ်ယောက်ကိုအနိုင်ကျင့်ဖို့အတွက် လမ်းကြောင်းအတိုင်းထိုလူ၏အိမ်ထဲသို့တွန်းပို့ခံရသလိုဖြ ြစ်နေကာ ချုံပုတ်များမှ တစ်ဆင့်ရှေ့သို့အဆက်မပြတ်ရွေ့လျားလာသည်။

ငင်း၏ခန္ဓာကိုယ်သည်ပေ၁၀၀နှင့်၁၃၀ကြားတွင်ရှိသ
ည်။

ကောင်းဖန်သူ့နှလုံးသားက
အနည်းငယ်လေးလံလာသလိုခံစားလိုက်ရသည်၊
ဒီကြီးမားသောအန်ဒါကွန်ဒါမြွေကအဆင့်၂၀သာရှိသော်
လည်း, အချို့နေရာများတွင်
ငင်းသည်ထိုအဆင့်ထက်ကျော်လွန်သည်အုပ်ချုပ်သူအ
ဆင့်သားရဲများထက်ပင်သာလွန် နေသေးသည်။

ထိုတွင်ကြီးမားသောမူကွဲမျိုးရိုးဗီဇပြောင်းလဲခြင်းမျာ
းအနည်းငယ်ရှိသည်၊
ကောင်းဖန်ကထိုထဲမှအနည်းငယ်ကိုမြင်ဖူးသည်;
သစ်ရွက်ဆွေးကျိုင်းကောင်နှင့်
မစ္စမုရုန်ပိုင်ဆိုင်သည့်ဗီဇပြောင်းလဲနေသောငွေတောင်ပံ
ငှက်တို့ဖြစ်သည်၊ ထိုထဲရှိမူကွဲများကြားထဲတွင်
စစ်မှန်သောကွာခြားချက်များရှိသည်၊ ဥပမာအနေဖြင့်,

သာမန်ကြီးမားသောတောတွင်းအန်ဒါကွန်ဒါမြွေသည်၃၂
ပေရှည်လျားပြီး,
ယခုတစ်ကောင်ကမူလအရွယ်အစားစံချိန်ကိုငါးဆကျော်
ချိုးဖြတ်နိုင်သည်။

ရေကန်ထဲတွင်ရုတ်တရက်လှုပ်ရှားမှုတစ်ခုဖြစ်လာခဲ့
သည်။

ရေကန်ကကြည့်ရတာအပြင်းအထန်ဖြစ်လာပုံရသ
ည်၊ ကောင်းဖန်က
လုံးဝန်းသောခေါင်းများတစ်ခုပြီးတစ်ခုပေါ်လာတာကိုေ
ေးဘက်မှထိုင်ကြည့်နေသည်။

ထိုနေရာတွင်အကြီးအငယ်ခေါင်းများရှိနေသည်၊
သူတို့ကသလင်းကျောက်ပေါ်တွင်
ပဲစေ့များအဖာအစပ်များအဖြစ်ပြည့်နေသလိုမျိုး,
အနက်ရောင်အစိမ်းရောင်အဖာအစပ်
များဖြင့်ပြည့်နေသည်။

စာစဉ် ၆

ဖားလောင်း?

ကောင်းဖန်ကသူ့စိတ်ထဲတွင်စဉ်းစားနေပြီးနောက်,သူ၏ခန့်မှန်မှုကို
နောက်အခိုက်အတန့်တွင်အတည်ပြုလိုက်သည်။

ဒီခေါင်းပိုင်းတွေက
သူတို့၏နောက်မှကြိုးနှင့်တူသောအမြီးတွေကို
လှုပ်ယမ်းကြပြီး
တစ်ချိန်တည်းမှာပင်သူတို့ကရေကန်ထဲမှခုန်ထွက်လာ
ြတော့သည်။ သူတို့၏ဖင်များက
မီးစွဲနေသလိုမျိုးအမြီးများကိုဘယ်ညာလွှဲယမ်းကာရေက
န်ထဲမှလွတ်မြောက်လာကြ တော့သည်။

ဒီအစိမ်းရောင်ရေခွံဖားများသည်
ရေကန်ထဲတွင်အသက်ရှင်ရန်ကြိုးပမ်းကြပေမယ့်,
ဘယ်တော့မှဂေဟာစနစ်ကိုဟန်ချက်ညီညီမဖျက်စီးနိုင်ပေ
၊ ၎င်းကအခါအားလျော်စွာ

လာလည်တတ်သောကြီးမားသည့်အန်ဒါကွန်ဒါမြွေကြော
င့်ဖြစ်သည်။

ရေထဲတွင်ဆယ်မိနစ်ကြာကူးခတ်ပြီးနောက်
ကြီးမားသောအန်ဒါကွန်ဒါမြွေသည်
ကမ်းစပ်ပေါ်သို့လျှောလာကာမြက်ခင်းပြင်ပေါ်တွင်
ရှည်လျားသောအမှတ်အရာကြီး ပြုလုပ်ပြီးနောက်,
အစာကိုအားပါးတရစားပြီးကျေနပ်သွားသည်။

ဒီကြီးမားခြင်းသည်သန်မာသော်လည်း,
ကြမ်းတမ်းဖို့အတွက်ကတော့ခက်ခဲသည်၊
၎င်းကလူ့အသိစိတ်ထဲမှာနက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ေ
ေသောအမုန်တရားတစ်ခုဖြစ် သည်၊
ဒမ်ဘီသည်အရွယ်အစားကွာခြားသော်လည်းအရည်အချ
င်းမြင့်သောသတ္တဝါ အဖြစ်သတ်မှတ်ခံရသောကြောင့်
ကောင်းဖန်သည် ထိုကဲ့သို့သောသားရဲဖြင့်တိုက်ရိုက်

ရန်ဖြစ်ခြင်းမှကာကွယ်ရန်
အမြဲတမ်းအကောင်းဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။

ကြီးမားသောအန်ဒါကွန်ဒါမြွေကဖျက်စီးသွားပြီးတဲ့ေ
ောက်, ရေကန်ကတစ်ဖန်ပြန်၍ ငြိမ်သက်သွားသည်၊
တချို့သောအစိမ်းရောင်ရေခွံဖားများသည်မြက်ခင်းနှင့်ချ
ုံပုံတ်များကြားတွင်ပုန်းနေရာမှထွက်လာပြီး
ခေါင်းကြီးကြီးဖားတချို့သည်လည်းကြီးမားသော
အန်ဒါကွန်ဒါမြွေထွက်သွားပြီးနောက်အချိန်တော်ကြာသ
တိကြီးကြီးထားပြီးနောက် ခုန်ထွက်လာကြသည်။

အစိမ်းရောင်ရေခွံဖားများသည်ရေကန်ဆီသို့ခုန်ဆွခု
န်ဆွသွားနေသောအခါတွင်
အနက်ရောင်လက်တစ်ဖက်ကတိတ်ဆိတ်စွာဖြင့်ဆန့်ထွ
က်လာတော့သည်။

ကြီးမားသောလက်ကြီးကဖား၏ပါးစပ်ကိုဖုံးထားပြီး
အဖြူရောင်အရိုးလက်ချောင်း

ငါးချောင်းကအစိမ်းရောင်ရေခွံဖား၏အသားထဲသို့နစ်ဝင်သွားသည်၊

နောက်ထပ်လက်တစ်ဖက်ကဖား၏အနောက်ဖက်မှမသွ
ားတော့သည်။

...

ခဏလောက်ကြာတော့,

ဆူဖြိုးသောဖားခြေထောက်များသည်ရွှေရောင်တောက်သည်

အထိမီးဖုတ်ထားသောသစ်ကိုင်းတွင်ကပ်လျက်ရှိသည်။

ခဏကြာပြီးနောက်,

ဖောင်းကားနေသောဖား၏ခြေထောက်များကမီးကင်ထာ
းသော

တုတ်ချောင်းနှင့်ထိုးထားပြီးရွှေရောင်နှင့်နူးသွားသည်အထိမီးနှင့်ကင်လိုက်သည်။

## စာစဉ် ၆

ကောင်းဖန်သည်အရည်တွန့်နေသောဖား၏ခြေထောက်ကိုသူ၏သွားများနှင့်ဆွဲဆုတ်လိုက်ပြီးငင်းမှလာသောချိုမြိန်သောဟင်းအနှစ်,စပါးလင်အနံ့၏အံ့ဩဖွယ်ေောင်းသောအရသာကြောင့်သူ့မျက်လုံးများတောက်ပလာတော့သည်။

ကြီးမားသောတောတွင်းအန်ဒါကွန်မြွေသည်ငင်း၏လှည့်ပတ်မှုများကိုပုံမှန်ပြုလုပ်နေသည်မှာအံ့ဩစရာမရှိတော့ပေ၊ ဒီအစိမ်းရောင်ရေခွံဖားများသည်သူတို့၏အရသာရှိသောအသားဖြင့်ငင်းတို့ကိုတကယ်သွေးဆောင်ခဲ့သည်။

ခဏကြာတော့သစ်ရွက်ခြောက်များကြေမွသည့်အသံများ အနောက်ဖက်မှထွက်ပေါ်လာသည်၊ ကောင်းဖန်ကသတိကြီးစွာနှင့်လှည့်လိုက်ပြီး သစ်ပင်ကြီးတစ်ပင်နောက်မှ ကွယ်ဝှက်နေသည့်အမှောင်ရိပ်တစ်ခုကိုတွေ့ရန်သတိထ

ားလိုက်သည်၊ ၄င်း၏မျက်လုံး
များသည်သူ့လက်တွင်ကိုင်ထားသောအစိမ်းရောင်ရေခွံဖာ
းခြေထောက်တွင်ရှိနေသည်။

ကောင်းဖန်က၄င်းကိုအတွင်းကျကျကြည့်လိုက်ပြီးဒါ
ကလုံးဝကိုအနက်ရောင်မြင်းဖြစ်
ကြောင်းအတည်ပြုလိုက်သည်၊

[မကောင်းဆိုးဝါးအမည်]–အလင်းနက်မြင်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၄

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–အမှောင်

[မကောင်းဆိုးဝါးအားနည်းချက်]–ရေခဲ

တင်းပုတ်နှင့်တူသောအမြီးကမြင်းရဲ့အနောက်ဘက်
မှ ညင်ညင်သာသာလှုပ်ရှားသွားတော့သည်၊

သူကငင်း၏သေစေနိုင်လောက်သောပုံစံကသံသယပင်ဖြစ်စရာမလိုပေ။

ငင်း၏ခန္ဓာကိုယ်နက်မှောင်နေသောအနက်ရောင်ဖြစ်သည်၊ ငင်းကအရိပ်တစ်ခုနှင့် တောင်တူသည်။

ကောင်းဖန်သည် စုဆောင်းချင်သူအလေ့အကျင့်များကို ဖိနှိပ်လိုက်ပြီး သူ့နှလုံးသားထဲတွင်သက်ပြင်းချလိုက်သည်။

ငါ့မှာကိုယ်ပိုင်သားရဲတွေရှိပြီးသား... ငါ့မှာကိုယ်ပိုင်သားရဲတွေရှိပြီးသား... သူကသူ၏ခေါင်းထဲတွင်အော်ဟစ်နေပြီး, သူ့ကိုယ်သူတားမြစ်ရန်ကြိုးစားနေသည်။

အလင်းနက်မြင်းသည် ကောင်းဖန်အားခဏလောက်အကဲဖြတ်နေပြီး ကောင်းဖန်က သူ့ကိုရှာတွေ့သွားသည်ကို

သတိပြုမိသွားသောအခါ ၎င်းကပြုံးလိုက်သည်၊ ၎င်း၏အပြုံးမှာ တကယ်တော့ စီတန်းနေသောသွားအတန်းလိုက်သည်မြင်သာအောင်ပြနေခြင်းမျိုးသည်။ ၎င်း၏သွားများကအတန်းလိုက်စီနေပြီး ပါးစပ်သည်ချွန်ထက်နေသောပုံဖြစ်နေပြီး အေးစက်နေသောအလင်းတန်းကိုမြင်လိုက်ရသည်။

အသံတိုးတိုးမြင်းဟီးသံနှင့်အတူ, အလင်းနက်မြင်းကလှည့်လိုက်ပြီးတောတွင်းနက်ထဲသို့ထွက်ပြေးသွားသည်။

သူလှည့်ကြည့်လိုက်သောခဏအတွင်း, ကောင်းဖန်ကသူ့ရဲ့ပျောက်နေသောဖားခြေထောက်ကိုရှာရန်ပြန်လှည့်လိုက်သည်။

အာ? ငါမီးကင်ထားပြီးကျန်ခဲ့တဲ့တခြားအစိမ်းရောင်အရေခွံဖားခြေထောက်က

စာစဉ် ၆

ဘယ်မှာ လဲ?
ငါ့ရဲ့အစိမ်းရောင်အရေခွံဖားခြေထောက်ကိုခိုးတာဘယ်ေ
ောင်လဲ?

ကောင်းဖန်အတွေးထဲတွင်နစ်နေရင်းမှ
တာ့ဇီနှင့်ဒမ်ဘီကိုတစ်ချက်စိုက်ကြည့်လိုက် သည်။

ဒမ်ဘီကကြီးမားသောအပင်ကြီးပေါ်တွင်မှီနေပြီးၡင်း
၏ခြေထောက်များကိုဖွင့်ကားကာ ထိုင်နေသည်၊
တာ့ဇီကမြေကြီးပေါ်တွင်ခြေကားယားလက်ကားယားဖြ
စ်နေပြီး, ၎င်း၏ ခေါင်းကရွှေ့လျားနေကာ
၎င်း၏လက်သည်းများကသစ်ရွက်ခြောက်များကို
မြေပြင်ပေါ် သို့တွန်းပို့နေသည်။
ကောင်းဖန်အပြုံးတစ်ခုကိုဖန်တီးလိုက်သည်။

သူကဒမ်ဘီကိုဆူလိုက်တော့သည်,
“မင်းဘာလို့ငါ့ရဲ့အစိမ်းရောင်အရေခွံဖားခြေထောက်သား
ကိုခိုးတာလဲ?”

ကောင်းကင်ကိုမျှော်ကြည့်နေသည့်ဒမ်ဘီမှာ လန့်ဖျတ်သွားရသည်၊ သူကသူ့သခင်၏ ဆိုလိုရင်းကိုအပြည့်အဝနားမလည်သောကြောင့် ရှုပ်ထွေးမှုတို့နှင့်ခေါင်းကိုကုတ်လိုက် သည်။

“မင်းကငါကင်ထားတဲ့အစိမ်းရောင်ဖားသားကိုယူတဲ့သူဘဲဖြစ်ရမယ်။” ကောင်းဖန်က ပြောလိုက်သည်၊

ဒမ်ဘီကကြောင်နေတော့သည်၊ ငါကအရိုးတွေဘဲလေ! ဘုရားသခင်တားမြစ်ပေးတော်မူပါ၊ ဘာကြောင့်များ ဒီအရိုးစုကိုအသားခိုးသည်ဟု သံသယဝင်သွားစေတာများပါလိမ့်?

အဲ့ဒါသူဘဲ,အဲ့တာသူဘဲ! တဘ္ဗီခေါင်းထဲတွင်တစ်ခုခုကိုစရန်အခွင့်အလမ်းပေါ်သို့ ခုန်တက်လိုက်သည်။

စာစဉ် ၆

မှားယွင်းနေတယ်လို့ခံစားနေရတဲ့ဒမ်ဘီက တုန်ယင်စွာအော်တဲ့အသံတစ်ခုကို ပြုလုပ်လိုက်သည်၊

မင်းအခုအော်တဲ့အသံကိုလုပ်လိုက်တာလား?ဟုတ်လား?

မဟုတ်ဘူး!

မင်းသေချာပေါက်လုပ်လိုက်တယ်!

တာ့ဇီကဘေးကနေလှောင်ပြောင်ရယ်မောနေသည်၊ သူကအများကြီး, အကုန်လုံး အများကြီးစားခဲ့တာ!

ဒမ်ဘီက ရုတ်တရက်ရှေ့ကိုနှစ်လှမ်းလောက်လှမ်းလိုက်ပြီး တာ့ဇီကိုချီလိုက်သည်၊ ထို့နောက်၎င်းကတာ့ဇီ၏ခန္ဓာကိုယ်ကိုစတင်၍လှုပ်ယမ်းတော့သည်။

# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၆

တာ့ဇီကလှုပ်ခါနေမှုကြောင့်မူးဝေသွားပြီး မကြေညက်သေးသောအစိမ်းရောင်ဖား ခြေထောက်သားကိုအန်ထုတ်လိုက်သည်၊ ၎င်း၏လုပ်ရပ်ကိုဖမ်းမိသွားခဲ့သည်၊ တာ့ဇီက ၎င်း၏သေဆုံးသလို အယောင်ဆောင်ရန် အခွင့်အရေးကိုအသုံးချလိုက်သည်။

ကောင်းဖန်ကတော့ တာ့ဇီကိုအမြင်ကတ်စွာနှင့်ကြည့်လိုက်သည်။ တာ့ဇီက တစ်နေ့ထက်တစ်နေ့ပိုဆိုးလာတာပဲ။ ဒီတစ်ကြိမ်တော့,သူကရိုးရှင်းစွာနှင့်ဒီငတိကို ပညာပေးဖို့ဒမ်ဘီ၏လက်ကိုငှားလိုက်သည်။

ဒမ်ဘီကရုတ်တရက်ရှေ့သို့နှစ်လှမ်းတိုးလာကာ တာ့ဇီနှင့်သူ၏သခင်ကိုဆွဲလိုက်ကာ အရှေ့ကိုအမြန်ပြေးထွက်လိုက်သည်။

စာစဉ် ၆

ကောင်းဖန်သည်သူ၏အင်္ကျီလက်များကိုလေထဲသို့မြှ
င့်မထားမီသူ၏တစ်ကိုယ်လုံး
တင်းကျပ်သွားသည်ကိုခံစားလိုက်ရသည်။
သူသည်ခုနကအချိန်တုန်းကသူတို့နေသော
နေရာတွင်ကြီးမားသောမြွေကြီး၏ခေါင်းပေါ်လာသည်ကို
တွေ့လိုက်ရသည်၊ မြွေ၏ ရှည်လျားသောခန္ဓာကိုယ်က
တော၏မြင့်မားသောတစ်နေရာတွင်
ပုန်းကွယ်နေခြင်းဖြစ်သည်။

***

စာစဉ် ၆ ပြီး၏။